# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်   ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၉]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# မြန်မာ-အီတလီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆွေးနွေး

စာမျက်နှာ-၃

# ရောဝတီတံတား(ထီးချိုင့်) ဖွင့်တော့မည်




မကြာမီ ဖွင့်လှစ်တော့မည့် ရောဝတီတံတား(ထီးချိုင့်)ကိုတွေ့ရစဉ်။

သတင်း-ခရမ်းစိုးမြင့်
ဓာတ်ပုံ-မြတ်သူမောင်

**စစ်ကိုင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ကားလမ်းဖြင့် အဓိကဆက်သွယ်ပေးမည့် ရောဝတီတံတား(ထီးချိုင့်)တည်ဆောက်မှုသည် ယခုအခါ တံတားတစ်စင်းလုံးရာနှုန်းပြည့်ပြီးစီးနေပြီး ယခု အောက်တိုဘာလအတွင်း ဖွင့်တော့မည်ဖြစ်ကြောင်းသိရ၍ တံတားကြီးတည်ရှိရာ ထီးချိုင့်သို့ သတင်းနှင့်သတင်းဓာတ်ပုံများရယူရန် အောက်တိုဘာ ၇ ရက်က သွားရောက်ခဲ့သည်။

ထီးချိုင့်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှဖြစ်သော်လည်း တိုင်းချင်းဆက်နေသည့် မန္တလေးသို့သွားလိုပါက ဇက်ရေယာဉ်ဖြင့် ရောဝတီမြစ်ကို ဖြတ်သန်းပြီး မြစ်တစ်ဖက်ကမ်းရှိမြတောင်ရောက်မှသာ မန္တလေးသို့ ကားနှင့်သွားနိုင်သကဲ့သို့ မြတောင်မှလည်း ရောဝတီမြစ်ကို ဇက်ရေယာဉ်ဖြင့် ကူးဖြတ်ပြီးမှသာ ထီးချိုင့်သို့ရောက်ရှိပြီး ကချင်ပြည်နယ် မြစ်ကြီးနားအထိကားနှင့်သွား၍ရသောဒေသဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာနက

စာမျက်နှာ ၆ ကော်လံ ၁ ✻

# ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့်အိမ်ခြံမြေကွက်များ အထောက်အထားခိုင်မာစွာနေထိုင်နိုင်ရေးမြေငှားဂရန်များ ချထားပေး

**မန္တလေး အောက်တိုဘာ ၈**

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများပိုင်ဆိုင်နေထိုင်သည့် အိမ်ဝိုင်းမြေကွက်များအား ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင်အထောက်အထား(Legal Document)၊ မြေငှားဂရန်(Lease) ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်ငွေများ ရရှိလာစေရန် ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့်အိမ်ခြံမြေကွက်များကို မြေငှားဂရန်(မြေငှားစာချုပ်)ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်မည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၁၀ ကော်လံ ၆ ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူ့သားအရင်းအမြစ်ဖွံ့ဖြိုးရေးအလေးထား

"ပညာသည်သာ အခရာ၊ ပညာသည်သာ ရတနာ"ဟူသော ဆိုရိုးစကားရှိသည်နှင့်အညီ မျက်မှောက်ခေတ်သည် နေရာတိုင်းတွင် ပညာရေးကို အလေးထားဆောင်ရွက်နေသည့် ပညာခေတ်ပင်ဖြစ်သည်။ မြို့ပြများသာမက ကျေးလက်ဒေသများတွင်ပါ ပညာရေးကို အားပေးနေသည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ပညာရေးကို အားပေးနေခြင်းသည် လူ့သားအရင်းအမြစ်ရှင်သန်ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။

ဤလူ့သားအရင်းအမြစ်များ ပိုမိုရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် နိုင်ငံတော်က ဖြည့်ဆည်းပေးရမည့်အပိုင်း၊ ဆရာ ဆရာမများ အရည်အချင်းပြည့်မီစွာ သင်ကြားပေးရမည့်အပိုင်းနှင့် မိဘများက အထူးအလေးထား ဖြည့်ဆည်းပေးရမည့်အပိုင်းတို့သည် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်မှသာလျှင် ပိုမိုထိရောက်မှုရှိမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အောက်တိုဘာ ၆ ရက် မကွေးတက္ကသိုလ်သို့ရောက်ရှိစဉ် နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတများပေါများပါကြောင်း၊ ယင်းသယံဇာတများကို ကောင်းစွာအသုံးချနိုင်ရန် နည်းပညာလိုအပ်ပါကြောင်း၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်၏ စီးပွားရေးကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၊ ကောလိပ်များမှ အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လူ့သားအရင်းအမြစ်များ အဓိကမွေးထုတ်ရာနေရာများသည် အခြေခံပညာရေးကျောင်းများနှင့် အဆင့်မြင့်ပညာရေးဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းသားဦးရေ ၈ ဒသမ ၈ သန်းရှိပြီး အဆင့်မြင့်နှင့်သက်မွေးပညာကဏ္ဍ၌ ကျောင်းသားဦးရေခြောက်သိန်းကျော်ရှိကြောင်း သိရပါသည်။ ဤလူငယ်လူရွယ်များသည် လူ့သားအရင်းအမြစ်များပင်ဖြစ်၏။ အရည်အချင်းပြည့်ဝသော လူ့သားအရင်းအမြစ်များဖြစ်အောင် စနစ်တကျပြုစုပျိုးထောင်ပေးရန် အထူးလိုအပ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် လူ့သားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့ကြသည့်အလျောက် ခေတ်မီတိုးတက်သော နိုင်ငံများအဖြစ် ပြောင်းလဲနိုင်ခဲ့ကြပေသည်။ ပညာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းအကျိုးသာမက နိုင်ငံနှင့်လူမှုအသိုက်အဝန်းအတွက် ဖွံ့ဖြိုးရေးတွင်လည်း များစွာအကျိုးရှိထိရောက်မှုရှိနိုင်ပါသည်။ သို့ဖြစ်၍ လူ့သားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပိုမိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# ဟားခါးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး အောက်တိုဘာ ၈**

ချင်းပြည်နယ် ဟားခါးမြို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ပျက်စီးသွားသည့် သဘာဝဘေးသင့် ဒေသခံပြည်သူများ၏ နေအိမ်များကို ဆောင်းရာသီမရောက်မီ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျှန်းပေါင်က အမှာစကားပြောကြားပြီး ဟားခါးမြို့ ပြန်လည်ထူထောင်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်က သဘာဝဘေးသင့်ပြည်သူများအတွက် အိမ်ရာမြေကွက်များ ဖော်ထုတ်ပေးမည့် အစီအမံများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးဦးစိန်ဝင်းက ဟားခါးမြို့ပြစီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်လည်ထူထောင်ရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဟားခါးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ဝဏ္ဏသိဒ္ဓိရပ်ကွက် မဲဆန္ဒရှင်များအားလုံး ဆန္ဒမဲအပြည့်အဝပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ၃၂ ရက်သာ လိုတော့သည်။ သို့ဖြစ်၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်သည် တိုက်အလုံးပေါင်း ၁၁၅ လုံးရှိပြီး နိုင်ငံ့ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိကာ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၆၂၄၇ ဦးရှိရာ ယနေ့အထိ လျှောက်ထားသူဦးရေ ၄၅၀၀ ခန့်ရှိကြောင်း သိရသည်။

"ပုံစံ(၆၆/၆)နဲ့ လျှောက်ထားသူဦးရေ ၁၅၀၀ နဲ့ပုံစံ ၃(က)နဲ့ လျှောက်ထားသူ ၃၀၀၀ ရှိတယ်။ လာမယ့် အောက်တိုဘာ ၁၀ ရက်မှာ ကျန်တဲ့ ၁၈ နှစ်ပြည့်ပြီး မဲဆန္ဒရှင်တွေအနေနဲ့ နောက်ဆုံးထား လျှောက်ထားရမှာဖြစ်လို့ ရပ်ကွက်ကော်မရှင်ရုံးရှေ့မှာ ကြေညာထားပါတယ်။ မဲရုံတည်နေရာကိုတော့ အထက(၁၁)ကျောင်းမှာ ကျင်းပမှာဖြစ်ပါတယ်" ဟု ဝဏ္ဏသိဒ္ဓိရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး တာဝန်ရှိသူတစ်ဦး က ပြောပြသည်။

ယနေ့အထိ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)ဖြင့် တောင်းဆိုသော ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းတွင် မဲဆန္ဒရှင်ကိုးဦး အဆိုပါပုံစံ (၁၅)ဖြင့် တောင်းဆိုသော သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် နိုင်ငံပြင်ပရှိ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းတွင် မဲဆန္ဒရှင်သုံးဦးတို့ ဖြစ်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်တွင် ရွေးချယ်ခံမည့် ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်တို့မှ ပါတီစုံကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို ဝဏ္ဏသိဒ္ဓိရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြေညာထားရှိပုံနှင့်ပတ်သက်၍ ရပ်ကွက်နေပြည်သူများက "မိမိတို့ ဆန္ဒမဲပေးရမယ့် နယ်မြေဒေသမှာရှိတဲ့ အရွေးချယ်ခံလွှတ်တော် ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်စာရင်းကို ဓာတ်ပုံနှင့်တကွဖြစ်နိုင်ရင် ကိုယ်ရေးရာဇဝင်အကျဉ်းလေးရေးပြီး သိသာမြင်သာတဲ့နေရာမှာ ထင်ထင်ရှားရှားလေး ကြေညာပေးထားဖို့ လိုပါတယ်။ ဒါမှသာ ဆန္ဒမဲပေးမယ့် ပြည်သူတွေက မိမိဆန္ဒမဲပေးပြီး ရွေးချယ်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အားနည်းချက်၊ အားသာချက်တွေကို ကြိုတင်လေ့လာသိရှိနိုင်မှာဖြစ်ပြီး မှန်မှန်ကန်ကန် ရွေးချယ်နိုင်မယ်လို့ ထင်ပါတယ်"ဟု အကြံပြု ပြောကြားကြသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မဲရုံများ၌ အထူးရဲများ ခန့်ထားမည်

**လားရှိုး အောက်တိုဘာ ၈**

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လားရှိုးမြို့နယ်အတွင်း အထူးရဲများခန့်ထားခြင်း လုပ်ငန်းတာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့တော်ခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက အထူးရဲများခန့်ထားခြင်းနှင့် လုပ်ငန်းတာဝန် ပေးအပ်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခုလုံးတွင် အထူးရဲတပ်ဖွဲ့ဝင် ၁၃၄၇ ဦးခန့်အပ်သွားမည်ဖြစ်ပြီး လားရှိုးမြို့ပေါ် မဲရုံပေါင်း ၃၇၄ ရုံတွင် အထူးရဲတပ်ဖွဲ့ဝင် တစ်ဦးကျစီဖြင့် ၃၇၄ ဦးတာဝန်ချထားပေးသွားမည်ဟု သိရသည်။

**မမ(လားရှိုး)**

# ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေး

**နောင်ချို အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၌ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို အောက်တိုဘာ ၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က ရွေးကောက်ပွဲကျင်းပသည့်ရက်ကာလ၌ လုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၈ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာ-အီတလီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး မစ္စတာ ပီယာ ဂျော်ဂျီယို အယ်လီဘာ့တ်တီအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနှင့်အီတလီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကြီး ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ဟားခါး အောက်တိုဘာ ၈**

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီး ရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အဆောက်အအုံနှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးမှုများ၊ လမ်းပန်းဆက်သွယ်ရေးကန့်သတ်ချက်၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားရှိမှုများအပေါ် မူတည်၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကလေးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ပြည်နယ် ဟားခါးမြို့သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိသည်။



ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်နယ် အတွင်းရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီမျး၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် မြို့ဟောင်းရပ်ကွက်ရှိ ခွာရုံတောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းနှင့် ရုန်းတောင်ပြိုကျခဲ့မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ဟားခါးမြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ကလေးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကလေးမြို့ ကျီကုန်းကျေးရွာ ရာဇဂိရိကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော မဟာသာကပဋ္ဋိမာ ရေဆန်ကျွန်းမြတ် ရုပ်ပွားတော်အား ဖူးမြော်ကာ အလှူငွေများ လှူဒါန်းသည်။ **(သတင်းစဉ်)**

# ကျွန်တော်ပေးချင်တဲ့ "မဲ"

* လိုချင်တာ တည်ငြိမ်မှု
ဖြစ်ချင်တာ ငြိမ်းချမ်းမှု
မျှော်လင့်တာ တိုးတက်မှု။

* ဒီဆန္ဒတွေကို
ကြံဆပြီး တိုးတက်အောင်
မျိုးဆက်သစ်တွေရဲ့ နောင်ရေး
ရင်အေးအောင် ဆောင်ရွက်ပေးမယ့်သူ.....။

* အမျိုး ဘာသာ သာသနာ
စဉ်လာမပျက်
ဆက်ခံထိန်းသိမ်းနိုင်တာ
ကမ္ဘာမှာ မြန်မာလို့
ခံယူကာကြိုးပမ်း
ဝန်ထမ်းနိုင်မယ့်သူ...။

* အချုပ်အခြာကို လေးစား
ကိုယ့်တိုင်းရင်းသားကို
တန်ဖိုးထား မြတ်နိုးမယ့် သူ....။

* ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
တိုးတက်ရာ တိုးတက်ကြောင်း
မတိမ်းမစောင်း သမိုင်းကောင်းအောင်
ထိန်းကျောင်းနိုင်မယ့် သူ...။

* မျိုးချစ်စိတ်ဓာတ်
လွှမ်းခြုံပတ်ပြီး
"မြင့်မြတ်မြန်မာ" ထူထောင်နိုင်မယ့် သူ....။

**မျိုးမြတ်မြတ်မြင့်မောင်**

# ရွေးကောက်ပွဲလုံခြုံရေး အလေးပေးဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

**သာစည် အောက်တိုဘာ ၈**

သာစည်မြို့နယ် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေး တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက သာစည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ရဲမှူး ဝင်းထွဋ်က ရွေးကောက်ပွဲအတွက် ဆောင်ရွက်ထားရှိမှု လုံခြုံရေးပိုင်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းပြောကြား၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝါလားက လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရန် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြသည်။ သာစည်မြို့နယ်တွင် မဲရုံပေါင်း ၂၅၀ အတွက်အထူးရဲ ၂၅၀ ကို ခန့်အပ်၍ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်း၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**(မိုး/ဇလ)**

# တူရကီကို ကာကွယ်ရန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးပြင်ဆင်

**ဘရပ်ဆဲလ်** အောက်တိုဘာ ၈

ဆီးရီးယားကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်နေသော ရုရှားက တူရကီလေကြောင်းပိုင်နက်ချိုးဖောက်ဝင်ရောက်ခဲ့ပြီးနောက် မဟာမိတ်တို့ကို အကာအကွယ်ပေးရန် တူရကီသို့တပ်ဖွဲ့ဝင်များ စေလွှတ်သွားရန် ပြင်ဆင်နေကြောင်း နေတိုးက ပြောကြားလိုက်သည်။



ထိုအတောအတွင်း ဗြိတိန်က မော်စကိုအား လူပေါင်း ၂၅၀၀၀၀ သေဆုံးခဲ့ရသော ပြည်တွင်းစစ်ကို အရှိန်မြင့်တက်လာအောင် လုပ်ဆောင်နေသည်ဟု ပြောဆိုလိုက်သည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်တာဝန်ရှိသူများသည် ဆီးရီးယားမြောက်ပိုင်းအနီး တူရကီလေကြောင်း ပိုင်နက်အတွင်း ရုရှား၏ ချိုးဖောက်ဝင်ရောက်မှုကို စောင့်ကြည့်နေဆဲဖြစ်ကြောင်း၊ နေတိုးကာကွယ်ရေး ဝန်ကြီးများအနေဖြင့် ဆီးရီးယားအကျပ်အတည်းကို ကိုင်တွယ်ရန် ဘရပ်ဆဲလ်တွင် ဆွေးနွေးနေကြပြီဖြစ်ကြောင်းကို ရိုက်တာသတင်းတွင် ဖော်ပြသည်။

"နေတိုးကတော့ တူရကီအပါအဝင် မဟာမိတ်အားလုံးကို မည်သည့်ခြိမ်းခြောက်မှုကိုမဆို ကာကွယ်ပေးဖို့ အသင့်ပါပဲ"ဟု အဆိုပါ အစည်းအဝေးသို့ရောက်ရှိလာသော နေတိုးအတွင်းရေးမှူးချုပ် ဂျင်းစတိုတန်ဘတ်က သတင်းထောက်များအား ပြောသည်။

(ရိုက်တာ)

# ဂျပန်နှင့်ရုရှား ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြန်လည်စတင်

**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံ၏ အဆင့်မြင့် သံအမတ်တစ်ဦးသည် ရုရှားနိုင်ငံနှင့် အကောင်အထည်ဖော်ရန် ကြန့်ကြာနေသော နှစ်နိုင်ငံငြိမ်းချမ်းရေး ဆွေးနွေးပွဲတစ်ခုကို အောက်တိုဘာ ၈ ရက်က ပြန်လည်စတင်ခဲ့ကြောင်း ဂျပန်သတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သော အင်န်အိတ်ချ်ကေ၌ ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရှင်ဆူကီစူဂီရာမသည် ၎င်းနှင့်အဆင့်တူ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အိုင်ဂေါ်မော်ဂူလက်ဗ်နှင့် နှစ်နိုင်ငံကြား နှစ်နှစ်နီးပါးကြာမှ ပြုလုပ်နိုင်သော ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအစည်းအဝေးကို ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည်ဖြစ်သည်။ ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ရုရှားနိုင်ငံက ချုပ်ကိုင်ထားသော ကျွန်းလေးခုနှင့်ပတ်သက်ပြီး အချုပ်အခြာပိုင်နက်ကိစ္စများ ဆွေးနွေးမည်ဖြစ်သည်။



ထို့ပြင် ၂၀၁၃ ခုနှစ်ဧပြီလက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်ပါ အရေးကိစ္စများကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)



# လေကြောင်းမှားယွင်းတိုက်ခိုက်မှုအတွက် နယ်စည်းမခြားဆရာဝန်များအဖွဲ့ကို အိုဘားမားတောင်းပန်

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်သမ္မတ ဘားရက် အိုဘားမားသည် မကြာသေးမီက အာဖဂန် နစ္စတန်ရှိ ဆေးရုံတစ်ခုကို မှားယွင်းဗုံးကြဲမိသည့် ကိစ္စရပ်အပေါ် နယ်စည်း မခြားဆရာဝန်များအဖွဲ့ကို တောင်းပန်းထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ အိုဘားမားသည် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ဥက္ကဌ ဂျွန်နီလျူကို အောက်တိုဘာ ၇ ရက်က ဖုန်းခေါ်ဆိုခဲ့သည်။

မစ္စတာအိုဘားမားသည် လေကြောင်းမှားယွင်းတိုက်ခိုက်မှုအတွက် တောင်းပန်ထားပြီး သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်ဟု အိမ်ဖြူတော်မှ ကြေညာခဲ့သည်။

ထို့ပြင် လေကြောင်းမှားယွင်း တိုက်ခိုက်မှုအပေါ် ထင်သာမြင်သာရှိအောင်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နောင်တွင် ဤကဲ့သို့မှားယွင်းသည့် ဖြစ်ရပ်မျိုးမဖြစ်အောင်ကာကွယ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ကတိကဝတ်ပြုခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# တောင်ကယ်ရိုလိုင်းနားပြည်နယ် စံချိန်တင်ရေကြီးရေလျှံမှု သေဆုံးသူ ၁၇ ဦးထိရှိလာ

**ကိုလံဘီယာ အောက်တိုဘာ ၈**

အမေရိကန်ပြည်ထောင်စု တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ စံချိန်တင်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၇ ရက်က လူနှစ်ဦးထပ်မံသေဆုံးခဲ့ပြီး ရေကြီးမှုဖြစ်ပေါ်နေသော မြစ်ချောင်းများ၏ခြိမ်းခြောက်မှုနှင့် ကျိုးပေါက်မည့်အခြေအနေကြုံတွေ့နေရသော ဆည်များက အနီးအနားရှိပြည်သူများကို အထိတ်တလန့်ဖြစ်စေခဲ့သည်။

ပြည်နယ်အလယ်ပိုင်း ရေကြီးမှုဒဏ်အခံရဆုံး နယ်မြေတစ်ခုဖြစ်သည့် ရက်ချ်လန်ဒေသမှ အရေးပေါ်ကယ် ဆယ်ရေးသမားများက ရေကြီးရေလျှံမှုကြောင့် ထရပ်ကားတစ်စီး မျောပါသွားပြီးနောက် ယင်းထရပ်ကားပေါ်မှ ပျောက်ဆုံးနေသောလူနှစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ကြောင်း၊ ထရပ်ကားအတွင်းရှိ အခြားလူသုံးဦးမှာ လွတ်မြောက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သူ ကားတစ်ဝီလ်ဆင်က ပြောကြားသည်။

တောင်ကယ်ရိုလိုင်းနားပြည်နယ် ဒေသအချို့တွင် မိုးရေ နှစ်ပေ (၆၀ စင်တီမီတာ) ကျော်ထိ ရောက်ရှိခဲ့သည့် မိုးသက်မုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ရေနစ်သေဆုံးသူ သို့မဟုတ် ကားမှောက်သေဆုံးသူများ အပါအဝင် လူ ၁၇ ဦးထက်မနည်းရှိသည်။ တောင်ကယ်ရိုလိုင်းနားပြည်နယ်၏ မြို့တော် ကိုလံဘီယာ၌ အောက်တိုဘာ ၆ ရက်တစ်ရက်သာ မိုးမရွာဘဲနေကိုမြင်တွေ့ခဲ့ရကြောင်း အမျိုးသားမိုးလေဝသဌာနက ဆိုသည်။

မိုးရေချိန် ၁၁ လက်မဝန်းကျင်ရွာသွန်းမှုကြောင့် ကိုလံဘီယာမြို့တော်၌ သီတင်းတစ်ပတ်အတွင်း စံချိန်တင်မိုးအများဆုံးရွာသွန်းခဲ့သည်။ ဆည်မြောင်းတာတမံ ၁၃ ခုကို ပုံမှန်စီးဆင်းမှုမရှိတော့ဘဲ လမ်းပေါင်း ၂၇၀ နှင့် တံတားအစင်း ၁၄၀ ကို ပိတ်ထားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မိုးရွာသွန်းမှုများ ရပ်တန့်သွားပြီဖြစ်သော်လည်း မြစ်ရေကြီးမှုမှာ သီတင်းတစ်ပတ်အတွင်း ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။

ရေများမှာ ပြည်နယ်အတွင်းမှဖြတ်၍ မြစ်များ၊ ချောင်းများအတွင်းသို့စီးဆင်းနေသောကြောင့် တောင်ကယ်ရိုလိုင်းနားပြည်နယ် လိုးကောင်ထရီဒေသမှာ အဓိကစိုးရိမ်စရာဒေသတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ဘေးကင်းရာသို့ ထပ်မံရွှေ့ပြောင်းခံရမည့်သူများမှာ ပြည်နယ်အရှေ့ပိုင်းရှိပြည်သူများသာဖြစ်မည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နစ်ကီဟာလေက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

(ရိုက်တာ)

# မင်္ဂလာပွဲကျင်းပနေသော ယီမင်ကျေးရွာကို ဆော်ဒီညွန့်ပေါင်းလေကြောင်းမှ တိုက်ခိုက်

**အဘူဒါဘီ အောက်တိုဘာ ၈**

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းဂျက်လေယာဉ်များက ကြာသပတေးနေ့တွင် ဒါမာပြည်နယ်အနောက်တောင်ပိုင်းကျေးရွာတစ်ရွာကို လေကြောင်းမှ တိုက်ခိုက်၍ အနည်းဆုံး ယီမင်အရပ်သား ၁၀ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဒေသခံများက ပြောသည်။

အာရပ်ညွန့်ပေါင်း စစ်လေယာဉ်များသည် စက်တင်ဘာ ၂၈ ရက်က မင်္ဂလာဆောင်အခမ်းအနားကျင်းပရာ၌ လူပေါင်း ၁၃၁ ဦး အပါအဝင် အရပ်သားအများအပြား သေဆုံးမှုတွင် တာဝန်ရှိသည်ဟု ဆိုသည်။

ယခုတိုက်ခိုက်မှုအတွက် ဝန်ခံပြောကြားသူမရှိသေးဟု ဆိုသည်။ ညွန့်ပေါင်းအဖွဲ့ တာဝန်ရှိသူတစ်ဦးက ယင်းတိုက်ခိုက်မှုအပေါ် ဝန်ခံပြောဆိုခြင်းမရှိသေးကြောင်း၊ အာရပ်မဟာမိတ်များအနေဖြင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမရှိကြောင်း ပြောကြားသည်။

မင်္ဂလာပွဲကျင်းပနေစဉ် ဆော်ဒီလေကြောင်း တိုက်ခိုက်မှုကြောင့် ဆန်ဘန်းကျေးရွာကို ထိမှန်ခဲ့ပြီး လူဒါဇင်နှင့် ချီ၍ သေဆုံးမှုရှိကြောင်း၊ သေဆုံးသူအရေအတွက် ၃၀ အထိမြင့်တက်လာနိုင်ကြောင်း ဟူသီဆာဘား သတင်းအေဂျင်စီက ဖော်ပြသည်။

အာရပ်ညွန့်ပေါင်းအဖွဲ့သည် ဟူသီနှင့်သမ္မတဟောင်း အလီအဗ္ဗဒူလ်ဆလက်၏ သစ္စာခံမဟာမိတ်တပ်များကို လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်လျက်ရှိသည်။

(ရိုက်တာ)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးသော ဥပဒေများ၊ ဆောင်ရွက်ရန်ကျန်သော ဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားသည်။



အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကျန်ရှိသည့်ကာလအတွင်း ဆက်လက်ဆောင်ရွက်ရန်ရှိသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**သတင်းထုတ်ပြန်ချက် (၆/၂၀၁၅)**
**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်**
**၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးကာလကို အကြောင်းပြု၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၈-၈-၂၀၁၅ ရက်တွင် ရပ်နားခဲ့သော်လည်း ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်း၏ ကျန်ရှိသောကာလအတွင်း အောက်ပါလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်-

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းရေးကိစ္စ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးရမည့်ကိစ္စများ၊

(ဂ) လွှတ်တော်အသီးသီးရှိ ဆောင်ရွက်ဆဲဥပဒေကြမ်းများအနက်မှ ဦးစားပေးဆောင်ရွက်ရမည့် ဥပဒေကြမ်းများကိစ္စ၊

(ဃ) လွှတ်တော်အသီးသီးသို့ ပေးပို့ထားသော နည်းဥပဒေများ ပြင်ဆင်ရန်ရှိက ဆက်လက်ဆောင်ရွက်ရန်ကိစ္စ၊

(င) အခြားသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများ။

၂။ အထက်ပါ ဦးစားပေးလုပ်ငန်းများအလိုက် ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ထားရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ၃၀-၁၀-၂၀၁၅ ရက် နောက်ဆုံးထားပေးပို့နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်၏ ၅-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၉၂)/ပထစ-၂၀၁၅ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်ရမည့် ဥပဒေများရှိပါက ၃၁-၁၀-၂၀၁၅ ရက် နောက်ဆုံးထားပေးပို့နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၀- ၉-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၇/၁၃/၄ (၂၈၃)/ပထစ-၂၀၁၅ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများသို့ ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) ဆောင်ရွက်ဆဲဥပဒေကြမ်းများ၊ နည်းဥပဒေများ၊ အခြားသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်အလိုက် စိစစ်ဆောင်ရွက်ခြင်း။

၃။ သို့ပါ၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကျန်ရှိသည့် ကာလအတွင်း ဆက်လက်ဆောင်ရွက်ရန်ရှိသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများသိရှိနိုင်ရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# ၂၀၁၅ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဘယ်သူဖြစ်မလဲ

**တင်လင်းအောင်**




၂၀၁၅ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် မည်သူဖြစ်မလဲဆိုသည်ကို ရင်ခုန်လှုပ်ရှားစွာဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းက လေ့လာစောင့်ကြည့်လျက်ရှိသည်။ ၂၀၁၅ ငြိမ်းချမ်းရေး နိုဘယ်ဆုကို လာမည့် အောက်တိုဘာ ၉ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ နိုဘယ်ဆုများကို ဆွီဒင်နိုင်ငံသား စက်မှုလုပ်ငန်းရှင် အဲဖရက်ဒ်နိုဘယ်က နယ်ပယ်ငါးခုဖြစ်သော ဆေးပညာ သို့မဟုတ် ဇီဝကမ္မဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ စာပေနှင့် ငြိမ်းချမ်းရေးတို့တွင် ထူးချွန်စွာ ကြိုးပမ်းခဲ့သူများကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကိုလည်း ထည့်သွင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါ နိုဘယ်ဆုများတွင် စိတ်ဝင်စားစရာ အကောင်းဆုံးမှာ ငြိမ်းချမ်းရေးနိုဘယ်ဆုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းမှုမရှိလျှင် ကမ္ဘာကြီး ပျက်စီးသွားမည် ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးဖော်ဆောင်သူများမှာ ကမ္ဘာကြီးပျက်စီးမှုရန်မှ ကာကွယ်သွားမည့်သူများဖြစ်ပြီး ကမ္ဘာကြီးကို ကယ်တင်သူများလည်း ဖြစ်ပေသည်။

ဂုဏ်ယူဝင့်ကြွားစွာဖြင့်ပင် မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်တွင် ဆွီဒင်နိုဘယ်ဆုချီး မြှင့်ရေးကော်မတီက ပေးအပ်ခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိခဲ့သည်။

ယခု ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အဖြစ် နာမည်ကြီးနေသော ထိပ်တန်းစာရင်းဝင် ၁၀ ဦးကို ဖော်ပြရမည်ဆိုလျှင် နံပါတ်(၁)နေရာတွင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ရပ်တည်နေပြီး ၎င်းသည် ဒုက္ခသည်အကျပ်အတည်း ပြဿနာအတွက် ဥရောပသမဂ္ဂ၏ တုံ့ပြန်ဆောင်ရွက်မှုတွင် အရေးကြီးသောအခန်း ကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။ နံပါတ်(၂)နေရာတွင် ရေပန်းစားနေသူမှာ ဂျူအန်မန်နျူရယ်ဆန်တို့စ်နှင့် တီမိုလီယွန် ဂျင်မနက်ဇ်တို့ ဖြစ်ကြသည်။ ဂျူအန်မန်နျူရယ်ဆန်တို့စ်သည် ကိုလံဘီယာသမ္မတဖြစ်ပြီး တီမိုလီယွန်ဂျင်စနက်ဇ်သည် ဖာ့စ်ခေါင်းဆောင်တစ်ဦးဖြစ်ကာ ၎င်းတို့နှစ်ဦးသည် ယခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် လက်တင်အမေရိကသောင်းကျန်းမှုပြေငြိမ်းရေး နောက်ဆုံးသဘောတူညီချက်ကို လမ်းခင်းပေးနိုင်ခဲ့သူများဖြစ်ကြောင်း သိရသည်။ နံပါတ်(၃)နေရာတွင် လူသိများသူမှာ ဒီမီထရီမူရာတော့ဗ်နှင့် ၎င်း၏ နိုဗာရာဂါဇီတာသတင်းစာတို့ဖြစ်ကာ ဒီမီထရီမူရာတော့ဗ်သည် ရုရှား အတိုက်အခံသတင်းစာဖြစ်သော နိုဗာရာဂါဇီတာ၏ နောက်ကွယ်၌ အဓိကမောင်းနှင်မှုပြုနေသူဖြစ်ပြီး ယင်းသတင်းစာ၏ စာတည်းမှူးချုပ်တစ်ဦးလည်းဖြစ်ကာ သတင်းစာဆရာအချို့ သတ်ဖြတ်ခံနေရသည့်ကြားမှပင် ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဆက်လက်ဝေဖန်မှုပြုနေသူဖြစ်ကြောင်း သိရသည်။ နံပါတ်(၄)နေရာတွင် ဂျပန်နိုင်ငံမှ ပုဒ်မ ၉ အဖွဲ့က ရေပန်းစားလျက်ရှိသည်။ ပုဒ်မ ၉ အဖွဲ့တွင် ဂျပန်စာရေးဆရာ ကန်ဇာဘူရိုအိုအီးသည် အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရပြီး စစ်ပွဲကို တားမြစ်နိုင်သည့် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းနေသူလည်းဖြစ်ကြောင်း သိရသည်။ နံပါတ်(၅)နေရာ၌ ထင်ပေါ်နေသူများမှာ ဂျင်နီနာကတ်ချီဘန်ယီရီ၊ ဂျင်နင်တီကာဟင်ဒိုဘင်ဒူနှင့် ဒေါက်တာ ဒန်းနစ်မက်ခ်ဗီကီတို့ ဖြစ်ကြောင်း သိရသည်။



**ဂျပန်စာရေးဆရာ ကန်ဇာဘူရိုအိုအီး**



**ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်**

ဒေါက်တာဒန်းနစ်သည် ကွန်ဂိုနိုင်ငံ၌ လိင်အကြမ်းဖက်ခံရသော သားကောင်များကို ကူညီထောက်ပံ့ပေးနေသော မီးယပ်ရောဂါပညာရှင်တစ်ဦးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျန်နှစ်ဦးမှာလည်း လိင်အကြမ်းဖက်ခံရသူများကို ကူညီနေသူများဖြစ်ကြောင်း သိရသည်။

နံပါတ်(၆)နေရာတွင် ပဏာမရွေးချယ်ထားသူမှာ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဖြစ်ပြီး စစ်နှင့် ဆူပူမှုသည် ကိုယ်ကျင့်သိက္ခာအရ မမှန်ကန်ဟူသော အယူဝါဒကို ကိုင်ဆွဲထားသူဖြစ်ပြီး အထူးသဖြင့် အိုင်အက်စ်အကြမ်းဖက်မှု မြင့်မားလာခြင်း၊ ယူကရိန်းပဋိပက္ခ၊ ဂါဇာစစ်ပွဲနှင့် ဆီးရီးယားပဋိပက္ခများအပေါ် ယင်းဝါဒကို လက်ခံခဲ့သူဖြစ်သည်။ နံပါတ်(၇)နေရာတွင် မက်ဆီဇီရိုင်းကို သတ်မှတ်ထားပြီး ၎င်းသည် ကာသိုလစ် ဘုန်းကြီးတစ်ပါးဖြစ်ကာ အီတလီနိုင်ငံသို့ ဝင်ရောက်လာသော ဒုက္ခသည်များအတွက် ခိုနားရာအေဂျင်စီတစ်ခုကို တည်ထောင်ထားသူဖြစ်သည်။ နံပါတ်(၈)နေရာ၌ ဒိုင်ဆာကူအိုင်ကီဒါက ရပ်တည်နေပြီး ၎င်းသည် ဂျပန်ဗုဒ္ဓအဖွဲ့၏ တွေးခေါ်ပညာရှင်တစ်ဦး ဖြစ်ကြောင်း သိရသည်။ နံပါတ်(၉)နေရာတွင် အက်ဝှက်ဒ်စနိုးဒမ်က နေရာယူထားပြီး အမေရိကန်နိုင်ငံ အမျိုးသား လုံခြုံရေးအေဂျင်စီ၏ ကွန်ထရက်တာဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းသည် ကမ္ဘာ့နိုင်ငံရေးအရွေ့ကို ဖန်တီးသူတစ်ဦးဖြစ်ကြောင်း သိရသည်။ နံပါတ်(၁၀)နေရာတွင် နေရာယူထားသူမှာ ရစ်ဖ်အာဒါဝီဖြစ်ပြီး ဆော်ဒီတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းသည် နိုင်ငံတကာ သတ္တိအရှိဆုံး စာရေးဆရာဆုပန်ပင်တာ ၂၀၁၅ ကို လက်ခံရရှိထားသူဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အဖြစ် နာမည်ကြီးသူများထဲတွင် ၂၀၁၅ ငြိမ်းချမ်းရေးနိုဘယ်ဆုကို မည်သူ့ကို ရွေးချယ်အပ်နှင်းမလဲဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေသည်။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်အဖြစ် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ပင်ဖြစ်မည်လား၊ သို့မဟုတ် ဂျပန်ပုဒ်မ ၉ ကို ကိုင်ဆွဲသော အဖွဲ့ဖြစ်မည်လား၊ ဒါမှမဟုတ် အခြားသူတစ်ဦးဦးပင် ဖြစ်မည်လား၊ ရင်ခုန်လှုပ်ရှားစွာ စောင့်မျှော်ကြည့်ရမည်ဖြစ်ကြောင်း။

# တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာသဖြင့် ပြည်သူနှင့်ဆက်ဆံရေးကောင်းမွန်ရမည်

နေပြည်တော် အောက်တိုဘာ ၈

**တစ်ဦးချင်း စွမ်းရည်ရှိသူများဖြစ်အောင် လုပ်ဆောင်ရန်နှင့် မိမိတပ်ကို စွမ်းရည်ရှိအောင် လုပ်ဆောင်ရန်၊ ထိုသို့တပ်များကောင်းမွန်မှု ပေါင်းစပ်ခြင်းဖြင့် တပ်မတော်ကို ကောင်းအောင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ကောင်းခြင်း၊ ခိုင်မာခြင်းသည် နိုင်ငံတော်၏စွမ်းရည်ကောင်းမွန်ခိုင်မာစေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရဲမွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရဲမွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲမွန်တပ်နယ်ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ ရောက်ရှိပြီး ခေတ္တကျောင်းအုပ်ကြီးများ၏ ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအား တိုးတက်စေရေး သင်တန်းသားများကို ထိရောက်စွာလေ့ကျင့် သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် သင်တန်းကျောင်း အားကစားခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ ရဲမွန်တပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်တစ်ရပ်တွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်များရှိရန် လိုအပ်သဖြင့် သင်တန်းကျောင်းများသည် စွမ်းရည်ရှိသည့် စစ်သည်ကောင်းများ မွေးထုတ်ပေးရန်၊ ဆရာကောင်းမှ တပည့်ကောင်းမည်ဖြစ်၍ နည်းပြများသည်လည်း ကိုယ်တိုင်အရည်အချင်း ရှိအောင် ပြုစုပျိုးထောင်နေထိုင်ရန် လိုအပ်သကဲ့သို့ သင်တန်းသားများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်သားအရာရှိ၊ စစ်သည်အားလုံးသည် ညီအစ်ကို စိတ်ဓာတ်ရှိရန်လိုကြောင်း၊ မိမိတာဝန် မိမိ မှန်မှန်ကန်ကန် ထမ်းဆောင်ခြင်း၊ ညီညွတ်မျှတသည့် အုပ်ချုပ်မှုရှိခြင်းတို့ဖြင့် စည်းလုံးညီညွတ်မှုကို ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်၍ ပြည်သူနှင့် ဆက်ဆံရေးမှန်ကန်ကောင်းမွန်ရမည် ဖြစ်ကြောင်း၊ ပြည်သူအပေါ် စာနာမှုဖြင့် အကူအညီပေးရန်၊ ပြည်သူကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ပေးရန်၊ ပြည်သူနှင့် တစ်သားတည်းဖြစ်ရန်လိုကြောင်း၊ ထို့အတူ စစ်မှုထမ်းဟောင်းများနှင့် ပတ်သက်၍ စာနာစိတ်ဖြင့် ကူညီဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများ၊ ဘိုးဘွားရိပ်သာများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများသည် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံမှုကောင်းမွန်အောင် လေ့ကျင့်ပေးထားသူများဖြစ်၍ စည်းကမ်းကောင်းမွန်စေရန် အသေးအဖွဲ့မှစ၍ အသိတရားဖြင့် မိမိကိုယ်ကိုယ် မိမိထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရဲမွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဆန့်ဦးက အားကစား ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝူရှူး၊ ကရာတေးဒို၊ ဂျူဒို၊ တိုက်ကွမ်ဒို အားကစား အခြေခံသင်တန်းများနှင့် လက်ဝှေ့အားကစား စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး သင်တန်းကျောင်းမှ နိုင်ငံတော်နှင့် တပ်မတော် ဂုဏ်ဆောင်နိုင်သော အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ အရည်အချင်းရှိသော အားကစားသမားများပေါ်ထွက်လာရေး စနစ်တကျလေ့ကျင့်သင်ကြားပေးရန် မှာကြားပြီး လေ့ကျင့်ရေးအထောက်အကူပစ္စည်းများနှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား အားကစားကွင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အားကစားကွင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရည်အသွေးပြည့်မီစွာဆောက်လုပ်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး တို့ကို မှာကြားပြီး အားကစားကွင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ လေတပ်ဆွယ်(မှော်ဘီ)သို့ ရောက်ရှိကြရာ တပ်ဆွယ်မှူးက ရှင်းလင်းတင်ပြပြီးနောက် လေတပ်ဆွယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းသို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)သို့ သွားရောက်၍ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး စာသင်ခန်းမ၌ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျရာအခန်းကဏ္ဍ၌ ပါဝင်ထမ်းဆောင်ရမည်ဖြစ်၍ စနစ်တကျလေ့ကျင့်သင်ကြားသွားရန်၊ တစ်ဦးချင်းစွမ်းရည်မှစ၍ တပ်မတော်တစ်ရပ်လုံး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်လျက်ရှိရာ တစ်ဦးချင်း၏ စွမ်းရည်မြင့်မားအောင် လေ့ကျင့်သင်ကြားပြီး နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရန်နှင့် မိမိကိုယ်ကိုယ် တန်ဖိုးရှိသူများဖြစ်အောင် လေ့ကျင့်သင်ကြားသွားရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် မှော်ဘီမြို့နယ် မြိုင်သာယာကျေးရွာအနီးရှိ စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေ၊ မီး စနစ်များ စနစ်တကျတပ်ဆင်ရေး မှာကြားပြီး အိမ်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်)၌ အရာရှိကြီးနေအိမ်နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး၊ အရာရှိငယ် နေအိမ်နှစ်ခန်းတွဲ သုံးထပ်လေးလုံးနှင့် အခြားအဆင့်စစ်သည်နေအိမ် နှစ်ခန်းတွဲသုံးထပ် ၃၅ လုံး ဆောက်လုပ်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာ ရဲဘော်ဈေးအနီးရှိ စစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာ ဆောက်လုပ်မည့် မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




---

❊ *ရှေ့ဖုံးမှ*

တာဝန်ယူတည်ဆောက်ခဲ့သော ဧရာဝတီတံတား(ထီးချိုင့်)၏ကျေးဇူးကြောင့် ယခုအောက်တိုဘာလအတွင်း၌ပင် ရန်ကုန်-မန္တလေးနှင့်အောက်အရပ်ဒေသမှ ပြည်သူများ ကချင်ပြည်နယ် မြစ်ကြီးနားသို့သွားလိုလျှင် ရန်ကုန်-မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်ကားလမ်း မြတောင်လမ်းခွဲမှ တံတားပေါ်တက်၍ ထီးချိုင့်-ကသာ-မိုးကောင်း-မိုးညှင်းကားလမ်းမှ ကချင်ပြည်နယ် မြစ်ကြီးနားသို့ ကားနှင့်သွားနိုင်ကြတော့မည်ဖြစ်သည်။

ဧရာဝတီတံတား(ထီးချိုင့်)ဆိုင်ရာ အချက်အလက်များမှာ တည်နေရာသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ထီးချိုင့်မြို့နယ်၌ဖြစ်ပြီး မြတောင်မှ ထီးချိုင့်အထိ ပင်မတံတားအရှည်မှာ ပေ ၅၉၃၀ နှင့် ချဉ်းကပ်တံတား(ထီးချိုင့်)ဘက်၌ ပေ ၉၀၀၊ ချဉ်းကပ်တံတား(မြတောင်)ဘက်၌ ပေ ၉၀၀ စီရှိ၍ စုစုပေါင်း တံတားအရှည်မှာ ပေ ၇၇၃၀ ရှိသည်။

တံတားတည်ဆောက်ပုံသည် ပင်မတံတားခန်းဖွင့်မှာ ၁၂၀မီတာ ၁၅ ခန်း၊ ချဉ်းကပ်တံတား(ထီးချိုင့်)ဘက်နှင့်ချဉ်းကပ်တံတား(မြတောင်)တို့၏ ခန်းဖွင့်မှာ ပေ ၉၀၊ ၁၀ ခန်းစီတို့ဖြင့် တည်ဆောက်ထားပြီး တံတားအကျယ် ကားလမ်း ၂၈ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ၇၇ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၃၂၆ ပေထားရှိသည်။

တံတားအမျိုးအစားမှာ လွန်တူးပိုင် သံကူကွန်ကရစ်ဖြစ်ပြီး ပင်မတံတား သံမဏိသံပေါင် ချဉ်းကပ်တံတား သံကူကွန်ကရစ်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ H.S-25(ယာဉ်တစ်စီးချင်း ၇၅ တန်)ဖြစ်သည်။

အဆိုပါတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၃)နှင့် တည်ဆောက်ရေး(၁)တို့ကတာဝန်ယူ၍ ၂၀၁၄ ခုနှစ် မေ ၅ ရက်က စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ခုနှစ်အောက်တိုဘာ အထိ တည်ဆောက်သည့်ကာလတစ်နှစ်နှင့် ငါးလသာကြာမြင့်ခဲ့ကြောင်း သိရပြီး တံတားကြီး၏စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၅၈၁၅၀ ကုန်ကျခဲ့ကြောင်း သိရသည်။ အဆိုပါ တံတားဖွင့်လှစ်ပြီးလျှင်တံတားနှစ်ဖက်ရှိ မြတောင်ကျေးရွာနှင့် ထီးချိုင့်မြို့တို့သည် အမြန်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

# ရေတပ်လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းရေတပ်မတော်မှ Vice Admiral OLEG V.BURTSEV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းရေတပ်မတော်မှ Vice Admiral OLEG V.BURTSEV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ နှစ်နိုင်ငံ ရေတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေတပ်လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်း ရေတပ်မတော်မှ Vice Admiral OLEG V.BURTSEV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**



**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တို့အကြား NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
ဓာတ်ပုံ - ဖိုးထောင်

● ကျောဖုံးမှ

အစည်းအဝေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယနေ့ အစည်းအဝေးတွင် အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့သည့် ပထမအကြိမ်ဆွေးနွေးပွဲမှ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုပြီး ဆုံးဖြတ်ချက်ပေးရန် လိုသည့်အချက်များကို ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ထို့အပြင် လက်မှတ်ရေးထိုးပွဲ ကျင်းပနိုင်ရေးအတွက် ပူးတွဲကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ ပူးတွဲကျင်းပရေးကော်မတီလုပ်ငန်းများဆွေးနွေးခြင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားခေါင်းဆောင်အမည်များအတည်ပြုခြင်း၊ ပြည်တွင်းအသိသက်သေစာရင်း အတည်ပြုခြင်း၊ လက်မှတ်ရေးထိုးပွဲ ဖိတ်စာအတည်ပြုခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဖိတ်ကြားမည့်ဧည့်သည်စာရင်းအား အတည်ပြုခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လက်ရှိတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) နှင့် ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် (DK-BA) တို့မှ အောက်တိုဘာ ၁၅ ရက်နေ့တွင် NCA စာချုပ်အား လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

# မြန်မာနိုင်ငံမှ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံမှ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention-CWC) ဆိုင်ရာ National Authority အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက ပြောကြားရာတွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (CWC) အရ နှစ်စဉ်ဆောင်ရွက်ရမည့် မြန်မာနိုင်ငံမှ နှစ်စဉ်ကြေညာချက် (Annual Declaration) ပြုလုပ်နိုင်ရေးအတွက် တားမြစ်ကန့်သတ်ထားသော Schedule Chemicals များအနက် Schedule1 Chemicals စာရင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများထံမှ လက်ခံရရှိပြီး ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အဖွဲ့အစည်း (Organization for the Prohibition of Chemical Weapons-OPCW) ထံသို့ ပေးပို့နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်ထပ် Schedule 2 နှင့် Schedule 3 ၏ ပုံစံများကိုလည်းဖြည့်သွင်းပြီး OPCW အဖွဲ့အစည်းထံသို့ အကြောင်းကြားနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အချိန်မီပေးပို့စေလိုပါကြောင်း၊ OPCW အဖွဲ့အစည်းက Inspection နှင့်ပတ်သက်ပြီး လာရောက်စစ်ဆေးမည့် စစ်ဆေးရေးအဖွဲ့ဝင်များ၏စာရင်းကိုလည်း လက်ခံရရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့အစည်းမှ လာရောက်စစ်ဆေးသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် Initial Declaration နှင့် Annual Declaration မှ ဖော်ပြထားသည့်အတိုင်း စစ်ဆေးခံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention - CWC) ကို မြန်မာနိုင်ငံက ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်၌ စာချုပ်တွင် အတည်ပြုပါဝင်လာခဲ့သဖြင့် မြန်မာနိုင်ငံအနေဖြင့် ၁၉၁ နိုင်ငံမြောက် စာချုပ်ဝင်နိုင်ငံဖြစ်လာပြီး အဆိုပါ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အရ ဓာတုလက်နက်များ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ စုဆောင်းခြင်းနှင့် လွှဲပြောင်းခြင်းကို တင်းကျပ်စွာ တားမြစ်ထားလျက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စုပုံနေသော ဓာတုလက်နက်များနှင့် ဆက်စပ်ထုတ်လုပ်ထားသောပစ္စည်းများ၊ ဟောင်းနွမ်းနေသော ဓာတုလက်နက်များကို ဖျက်ဆီးရန်နှင့် ပွင့်ပွင့်လင်းလင်း ကြေညာသွားရန်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးက CWC ဆိုင်ရာ Initial Declaration ပြုလုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက Annual Declaration ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသ

**ရန်ကုန် အောက်တိုဘာ ၈**

**3rd Medical Myanmar 2015** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် **Fireworks Trade Media Group (Singapore) Country Director, Mr. Danen Soo** တို့ တက်ရောက်သည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာအဆင့်မီဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံး၊ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိ ကုမ္ပဏီပေါင်း ၆၀ မှ ပြခန်းပေါင်း ၇၀ ခန်းဖြင့် အောက်တိုဘာ ၁၀ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# အင်းသမားများ ကျန်းမာရေးနှင့်ပြည့်စုံသော အဝီစိတွင်းရေရရှိ



**သာပေါင်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သန်းပေါင်း ၇၅ ဒသမ ၅၆ သန်းဖြင့် ရေဘေးသင့်ကျေးရွာအုပ်စုများ ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်းရေသန့် သုံးစွဲနိုင်စေရန်စီမံချက်ဖြင့် အဝီစိတွင်း (တွင်းတိမ်/တွင်းနက်)များကို ကျေးရွာများ၌ အလှည့်ကျတူးဖော်ပေးလျက်ရှိသည်။

အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ဉသျှစ်ကျေးရွာအုပ်စု လေးအိမ်တန်း အင်းသမားတို့ နေထိုင်ရာကျေးရွာ၌ ရေကောင်း၊ ရေသန့်ရရှိသော အဝီစိတွင်းနက်တစ်တွင်း အောင်မြင်စွာ တူးဖော်ပြီးစီးသွားသဖြင့် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းနှင့်ဝန်ထမ်းများ၊ (ကျေးရွာအုပ်ချုပ်ရေးမှူးဦးဒေဝ(ခ) ဦးစိန်မြသောင်း၊ ကျေးလက်ဒေသအထောက်အကူပြုဦးမြင့်ဝင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီနာယက မန်းရွှေထိန်ဝင်းတို့သည် အဆိုပါအဝီစိတွင်း (တွင်းနက်)မှထွက်ရှိသော ရေကောင်း၊ ရေသန့်များ ကျန်းမာရေးနှင့်ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ကျန်ရှိသော အုတ်ပုံကုန်း၊ ကြိမ်မူ၊ ကညင်ပင် ကျေးရွာများသို့ အလှည့်ကျလိုက်လံတူးဖော်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာ အင်းလုပ်သားအများစု နေထိုင်ကြပါတယ်။ သောက်သုံးရေ အခက်အခဲဆုံးကျေးရွာဖြစ်ပါတယ်။ သောက်သုံးရေတစ်အိုးရဖို့ မိသားစုတွေအလုပ်တစ်ခုလို တစ်နေကုန်လှေတစ်စင်းနဲ့ သောက်သုံးရေရှာရတယ်။ အခုလို ရေကောင်း၊ ရေသန့်မရပါဘူး။ အခုတော့တစ်ရွာဝင်တစ်ရွာထွက် သောက်သုံးရေရှာဖွေရတဲ့ဒုက္ခ ကင်းဝေးသွားပြီး ကျန်းမာရေးနဲ့ပြည့်စုံတဲ့ အဝီစိတွင်းရေကို မပင်မပန်းသောက်သုံးရလို့ နိုင်ငံတော်သမ္မတကြီးနဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများလည်း ရေအကျိုး ၁၀ ပါးနဲ့ပြည့်စုံကြပါစေ" ဟု မန်းဒိုင်းက ဆုတောင်းမေတ္တာပို့သပေးသည်။ **ပုသိမ်-လှကြည်**

## ကောလင်းမြို့နယ်၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၅၆၁ သန်းကျော်ဖြင့် စာသင်ဆောင်သစ် ၁၀ ဆောင် ဆောက်လုပ်လျက်ရှိ

**ကောလင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၆၁ ဒသမ ၆၇ သန်းဖြင့် ကျောင်းဆောင်သစ် ၁၀ ဆောင် ဆောက်လုပ်လျက်ရှိသည်။

ဆောက်လုပ်လျက်ရှိသော စာသင်ဆောင်သစ်များမှာ အထက(ကောလင်း)နှစ်ထပ်စာသင်ဆောင်သစ် အလျားပေ ၁၀၀၊ အနံပေ ၆၀ (RCC)ကို ငွေကျပ် ၁၀၀ ဒသမ ၈ သန်း၊ အထက-ခွဲ(ကျောက်ပြင်သာ)နှစ်ထပ်စာသင်ဆောင်သစ် အလျားပေ ၁၄၀၊ အနံပေ ၃၀ (RCC) ကို ငွေကျပ် ၁၅၁ ဒသမ ၂ သန်း၊ မူလွန်(မြောက်အင်း)၊ အမက (သဲချောင်း)၊ အမက(မင်းကုန်း)၊ အမက(အောင်ချမ်းသာ)၊ အမက-ခွဲ(ခေါင်းဖြူ)ကျောင်းများတွင် သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာသင်ဆောင်သစ် အလျား ၆၀ ပေ၊ အနံ ပေ ၃၀ ကို ငွေကျပ် ၂၁ ဒသမ ၆ သန်းစီဖြင့် ရတနာမိုးကောင်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည်။ ထို့အပြင် အထက-ခွဲ(ကောလင်း)နှစ်ထပ်စာသင်ဆောင်သစ် အလျားပေ ၁၄၀၊ အနံပေ ၃၀ (RCC) ကို ငွေကျပ် ၁၅၁ ဒသမ ၂ သန်းဖြင့် ကျောင်းကော်မတီနှင့် မူလွန် (ဇီးဖြူကုန်း) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အလျားပေ ၈၀၊ အနံပေ ၃၀ ကို ငွေကျပ် ၂၈ ဒသမ ၈၇သန်း၊ အမက(ကျောက်ကာ) သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်အလျားပေ ၆၀၊ အနံပေ ၃၀ ကို ငွေကျပ် ၂၁ ဒသမ ၆သန်းဖြင့် စာသင်ဆောင်သစ်တို့ကို Modern Mandalay ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည်။ ဆောက်လုပ်လျက်ရှိသော စာသင်ဆောင်သစ်များအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့်တာဝန်ရှိသူများက အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုမောင်(ကောလင်း)**

## လှိုင်းဘွဲ့မြို့နယ် ထီးလုံ-တာပေါင်လမ်းပေါ်၌ တာပေါင်မြစ်ကူးတံတားတည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) နှင့် တံတားအထူးအဖွဲ့ (၁၀) မှ တာဝန်ယူတည်ဆောက်သည့် ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီးလုံ-တာပေါင်လမ်းပေါ်ရှိ တာပေါင်တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး Plate Girder Launching လုပ်ငန်းများဆောင်ရွက်နေမှုများ၊ လက်ရန်းလုပ်ငန်းများဆောင်ရွက်နေမှုများ၊ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ တာပေါင်မြစ်ကူးတံတားသည် ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီးလုံ-တာပေါင်လမ်းပေါ်၌တည်ရှိပြီး တံတားအရှည်မှာ ပေ ၇၂၀ (219.445 m) ရှည်လျား၍ အုတ်မြစ် Bored Pile Foundation ကိုယ်ထည်မှာ သံကူကွန်ကရစ် အုတ်မြစ်ထိပ်အုပ်၊ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းအမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ(7.315 m) လူသွားလမ်းအကျယ် ၃ ပေ (0.91m) ရေလမ်းကင်းလွတ်အမြင့် ၆ ပေ (1.82 m) တံတားခံနိုင်ဝန် H.S-20-44 (Load Class) ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ အရာရှိ / အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

## ပြန်လည်ထူထောင်ရေးအတွက် ပန်းချီ၊ ပန်းပုပြပွဲမှ ရရှိငွေလှူဒါန်းမည်

**မော်လမြိုင် အောက်တိုဘာ ၈**

ရှေးဟောင်းသုတေသတနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)နှင့် မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး (မော်လမြိုင်မြို့နယ်)တို့ ပူးပေါင်း၍ "ပန်ဥယျာဉ်" ပန်းချီ၊ ပန်းပုပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့၊ ယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည်။

ပန်းချီ၊ ပန်းပုပြပွဲ၌ ပြထားသသော ပန်းချီကားများအနက် အချို့ပန်းချီကားများ၏ရောင်းရငွေများကို ပန်းချီဆရာများက ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းသွားမည်ဖြစ်ပြီး ပန်းချီပြပွဲပြသစဉ်ကာလအတွင်း ပန်းချီဆရာများက လက်တွေ့ပုံတူများရေးဆွဲ၍သော်လည်းကောင်း၊ ပို့စကက်များရေးဆွဲ၍သော်လည်းကောင်းရေးဆွဲပြီး ရောင်းချရရှိသောငွေများ၏ ၅၀ ရာခိုင်နှုန်းကို ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၂ အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

## ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး



ရခိုင်ပြည်နယ် မိုင် ၂၀/၀-၂၀/ ၁ ကြား တံတားအမှတ်(၁/၂၁) နန်းသလက်ဘေလီတံတား ပေ ၂၁၀ ဘေလီတံတားပြတ်ပါသွားသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



ရခိုင်ပြည်နယ် မိုင် ၂၀/၀-၂၀/ ၁ ကြား နန်းသလက်တံတား(၁/၂၁) ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

# ကျောက်ဆည်ခရိုင်တွင် မိုးစပါးအောင်မြင်ဖြစ်ထွန်း၊ ဆန်ပိုဒေသဖြစ်၍ ဆန်လိုဒေသများသို့ ဖြည့်ဆည်းပေးနိုင်တော့မည်

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကျောက်ဆည် အောက်တိုဘာ ၈

**ဆည်ရေသောက်စနစ် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်လျက်ရှိသော ကျောက်ဆည်ခရိုင်တွင် ယခုနှစ် ၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ရာသီတွင် အောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်းတိုးတက်လာမည်ဖြစ်သောကြောင့် အခြားဆန်လိုအပ်လျက်ရှိသောဒေသများသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံမိုးစပါးစိုက်တောင်သူများ၏ ပြောကြားချက်များအရ သိရှိရသည်။**



"ဒီနှစ် မိုးစပါးက ကျွန်တော်တို့နယ်မှာ တော်တော်ကောင်းတယ်၊ ဒီဒေသကတော့ ဧရာပဒေသာကို အများစု စိုက်ကြတယ်၊ ဒီရာသီဥတုအတိုင်းဆို မနှစ်ကထက်အထွက်နှုန်းပိုမှာလို့ ခန့်မှန်းတယ်၊ ကျောက်ဆည်ကလည်း ရေကြီးတတ်တော့ ပြောလို့တော့မရသေးဘူး။ ရေမကြီးဖို့နဲ့ စိုက်ခင်းတွေ ရေမနစ်ဖို့ဘဲ ဆုတောင်းတယ်၊ စပါးခင်းတွေက ပိုးနည်းနည်းကျတော့ ဆေးဖျန်းရတဲ့ တောင်သူတွေလည်း ရှိတယ်" ဟု ကျောက်ဆည်မြို့နယ် မြောင်းဦးကျေးရွာမှ တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းတွင် ဇော်ဂျီ၊ ပန်းလောင်၊ စမုံ၊ ဒုဋ္ဌဝတီမြစ်များ ဖြတ်သန်းစီးဆင်းနေသောကြောင့် စိုက်ပျိုးရာသီတိုင်း ဆည်ရေဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်။ အနော်ရထာမင်းကြီးလက်ထက်တွင် ကျောက်ဆည်နယ်ကို လယ်တွင်းကိုးခရိုင်၏ စပါးကျည်အဖြစ် သတ်မှတ်ကာ နိုင်ငံတော်၏ စားနပ်ရိက္ခာကို အဓိကထောက်ပံ့ပေးခဲ့ကာ ယခုအချိန်ထိတိုင် လွှင်ပြင်ကျယ်ပြန့်သည့် ကျောက်ဆည်နယ်မှ ဆန်စပါး အများအပြားထွက်လျက်ရှိသည်။ ကျောက်ဆည်နယ်သည် ခရိုင်အတွင်းရှိ လူဦးရေနှင့် ထွက်ရှိသည့် ဆန်စပါးသည် စားသုံးမှုနှစ်စဉ် ပိုလျှံလျက်ရှိသောကြောင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သောဒေသများမှ ဆန်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကျောက်ဆည်ခရိုင်အတွင်းတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာပေါင်း ၇၅၀ ကျော်မှ လယ်မြေများတွင် စပါးကို အဓိကထား စိုက်ပျိုးကြသည်။ အဆိုပါ လေးမြို့နယ်မှ ကျောက်ဆည်မြို့သည် စပါးစိုက်ဧက ပိုမိုများပြားပြီး စဉ့်ကိုင်မြို့နယ်မှာ မြစ်ရေတင်စီမံကိန်းများ၊ အဆင့်မြင့်လယ်ယာများ ဖော်ဆောင်ကာ စပါးကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ မိုးစပါး စိုက်ပျိုးရာသီတွင် ကျောက်ဆည်မြို့နယ်တွင် စိုက်ဧက ၅၂၉၅၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၉၈၂၅ ဧက၊ မြစ်သားမြို့နယ်တွင် ၄၇၄၃၉ ဧကနှင့် တံတားဦးမြို့နယ်တွင် ၁၀၆၅၇ ဧက စိုက်ပျိုးထားကြောင်း ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

# မူဆယ်တွင်အနုပညာရှင်များက ချစ်ကြည်ရေးဘောလုံးပွဲကစား၍ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အလှူငွေရှာဖွေလှူဒါန်း

**မူဆယ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့တွင် အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီက ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အလှူငွေရရှိရန်ချစ်ကြည်ရေးဘောလုံးပွဲကို မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းကြီး၌ ကျင်းပရာ ခရိုင်တာဝန်ခံ အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးဒေါ်ပပဝင်းနှင့် မြို့နယ်အားကစား ကော်မတီဝင်များ၊ ဇာတ်မင်းသားဖိုးချစ်အဖွဲ့မှ အနုပညာရှင်များ၊ ဗီဒီယိုနှင့်ရုပ်ရှင်သရုပ်ဆောင်မိုးယံဇွန်၊ ထွန်းထွန်း(Example)၊ နေဒွေး၊ ယုံလေး၊ ဖရဲသီး၊ ဟားငါးကောင်မှ တိုင်းကျော်၊ ပြည်ကျော်၊ မြန်မာ့လက်ရွေးစင် ဇော်လင်းထွန်း(၂)နှင့်အတူ အနုပညာရှင်များပါဝင်သော (Football Carzay)အသင်းနှင့် မူဆယ်မြို့နယ်ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံးအဖွဲ့ဝင်များပါဝင်သော "သဘင်ဂီတညီနောင်အလှ" အသင်း၊ မူဆယ်မြို့သွေးလှူရှင်အသင်းဖြစ်သော မြင့်မြတ်ပါရမီအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ရှေးဦးစွာ ကစားကြမည့်အသင်းသားများက အပြန်အလှန်တစ်ဦးချင်း မိတ်ဆက်ကြသည်။ ထို့နောက် မြင့်မြတ်ပါရမီသွေးလှူအသင်းနာယက ဦးမျိုးခိုင်က ကျေးဇူးတင်စကားပြောကြား၍ မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်သဘင်အစည်းအရုံး ဦးအုန်းမောင်(ရွှေညာသားမြတ်မင်း)၊ မြင့်မြတ်ပါရမီအသင်းနာယက ဦးမျိုးခိုင်(မျိုးခိုင်မူဆယ်)၊ ဗမာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်မထသဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က အားကစားသမားများကို ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ထို့နောက်ချစ်ကြည်ရေးပွဲယှဉ်ပြိုင်ကစားရာ ရုပ်ရှင်ဂီတအနုပညာရှင်များပါဝင်သည့် ဇာတ်မင်းသား ဖိုးချစ်ဦးဆောင်သော (Football Carzay) အနုပညာရှင်များအသင်းက "သဘင်ဂီတညီနောင်အလှ"အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး မြင့်မြတ်ပါရမီအသင်းနှင့် နှစ်ဂိုးစီဖြင့် သရေရလဒ်ဖြစ်ခဲ့သည်။

ယခုပွဲမှရရှိသည့် ငွေများမှာ အများပြည်သူလှူဒါန်းငွေအမှန်ဖြစ်ပြီး မိမိတို့က ဘောလုံးပွဲစီစဉ်ပြီး လှူဒါန်းခွင့်ရသွားသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ သဘင်သက်ကြီးဘိုးဘွားရိပ်သာကိုလည်း ထူထောင်နေကြောင်း၊ မူဆယ်ဒေသရောက်ခိုက် စစ်ဘေးရှောင်ပြည်သူများရှိသည့်နေရာကို သွားရောက်ပြီး ထပ်ဆင့်၍ တတ်အားသမျှလှူဒါန်းရန် စီစဉ်ထားကြောင်း မူဆယ်မြို့တွင် ခြောက်ညတိုင်တိုင် လာရောက်ကပြနေသော ဇာတ်မင်းသား ဖိုးချစ်က နှစ်ပါးခွင်တွင်ထည့်သွင်းပြောကြားသွားသည်။

**သိန်းဇော်(ရွှေလီဦး)**

*** ရှေ့ဖုံးမှ**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှ စံပြအဖြစ် ကျေးရွာတစ်ရွာစီကိုရွေးချယ်ခဲ့ရာ ကျောက်ဆည်မြို့နယ်တွင် သံရွာကျေးရွာအုပ်စုမှ ဈေးကုန်းကျေးရွာကိုလည်းကောင်း၊ မြစ်သားမြို့နယ်တွင် မြစ်ဆုံကြီးကျေးရွာအုပ်စုမှ ကြို့ပင်ခြံကျေးရွာကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်တွင် မုန့်ပေါင်းကျေးရွာအုပ်စုမုန့်ပေါင်းကျေးရွာကိုလည်းကောင်း၊ တံတားဦးမြို့နယ်တွင် ကန်ချောကျေးရွာအုပ်စု အေးကြည်ကုန်းကျေးရွာကို လည်းကောင်း မြေငှားဂရန် ထုတ်ပေးရန် ခရိုင်မြေငှားဂရန်ချထားရေးလုပ်ငန်းအဖွဲ့မှ စိစစ်သတ်မှတ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးမြေငှားဂရန်ချထားရေးလုပ်ငန်းအဖွဲ့သို့တင်ပြကာ အဆိုပါကျေးရွာများအား ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ အောက်တိုဘာ ၆ ရက်မှစတင်၍ မြေငှားဂရန်များ ထုတ်ပေးခဲ့သည်။

မြေငှားဂရန်ထုတ်ပေးမှုနှင့် ပတ်သက်၍ ကျောက်ဆည်ခရိုင် မြေငှားဂရန် ချထားပေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က "ကျွန်တော်တို့စီမံချက်အရ ကျေးရွာတစ်ရွာမှာ အနည်းဆုံး အိမ်ခြေ ၁၀၀ ရှိရပါ့မယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းတဲ့ ရွာတွေကို ရွေးထုတ်ပြီး ဆောင်ရွက်ပေးခဲ့တာ



ဦးမြင့်နိုင်
ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး

ပါ။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသားတစ်ယောက်မှာ ပိုင်ဆိုင်မှုအထောက်အထားအနေနဲ့ လူတစ်ဦးချင်းစီမှာဆိုရင် နိုင်ငံသားဖြစ်ကြောင်းအထောက်အထားတစ်ခုအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးပြီးဖြစ်ပါတယ်။ ဒ့ါအပြင် စိုက်ပျိုးလုပ်ကိုင်နေတဲ့ မြေတွေကိုလည်း နှစ်ရှည်ပိုင်ဆိုင်နိုင်ပြီး စိတ်အေးချမ်းသာစွာပိုင်ဆိုင်နိုင်စေဖို့ ပုံစံ(၇)နဲ့ လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်တွေထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုတစ်ခါ ပြည်သူတွေအစဉ်အဆက်နေထိုင်လာတဲ့ အိုးအိမ်မြေနေရာတွေကို ပိုင်ဆိုင်မှုအထောက်အထားအဖြစ် ခိုင်ခိုင်မာမာရရှိပြီး လုံခြုံစိတ်ချစွာနေထိုင်နိုင်စေဖို့ ကျေးရွာတွေမှာ မြေငှားဂရန်တွေ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခုမြေငှားဂရန်တွေကို မြေပေါ်မှာ ဆောက်လုပ်ထားတဲ့ အဆောက်အအုံပေါ် မူတည်ပြီး ဓနိ၊ ဝါးနဲ့ ဆောက်ထားတဲ့ခိုင်မာမှုမရှိတဲ့



ဒေါ်ခင်မြင့်ရီ

အဆောက်အအုံဆိုရင် ၁၀ နှစ် မြေငှားဂရန်ချထားပေးပြီး ခိုင်မာတဲ့ အဆောက်အအုံတွေ ဆိုရင်တော့ နှစ် ၃၀ ဂရန်ချထားပေးပါတယ်။ ကျေးလက်နေ ပြည်သူတွေဆိုတာ ဝင်ငွေနည်းပါးလှပါတယ်။ ဒါကြောင့် မြေငှားဂရန်ပေါ်မှာ ပေးဆောင်ရမယ့် အခွန်ငွေကိုလည်း သူတို့တွေ ပေးဆောင်နိုင်မယ့် အနေအထားကို ပဲသတ်မှတ်ပေးထားပါတယ်။ မြေတန်ဖိုးအနေနဲ့ မြေတစ်ဧကကို တစ်သိန်းသတ်မှတ်ပြီး အခွန်ငွေကိုတော့တစ်နှစ်ကို ခြောက်ရာခိုင်နှုန်းပဲပေးဆောင်ဖို့ သတ်မှတ်ထားပါတယ်။ မြေတစ်ဧကပိုင်ဆိုင်ရင်တစ်နှစ်ကို ငွေကျပ် ၆၀၀၀ နဲ့ တစ်လကို ငွေကျပ် ၅၀၀ ပဲပေးဆောင်ရမှာဖြစ်ပါတယ်။ တစ်ဧကမပြည့်တဲ့သူတွေ ပေးဆောင်ရမှုက အလွန်နည်းပါးတဲ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ပါဘူး။ ကျေးလက်ပြည်သူတွေ တစ်ဦးမကျန် စီမံချက်နဲ့ မြေငှားဂရန်တွေ ချထားပေးတာက ကျွန်တော်တို့နိုင်ငံမှာ



ဦးကျော်သိန်း

ပထမဆုံးဖြစ်ပါတယ်။ ကုန်ကျစရိတ်မရှိဘဲ ကိုယ်တိုင်သွားရောက် ဆောင်ရွက်ပေးပြီး ကျေးရွာအရောက်မြေငှားဂရန်တွေ ပေးအပ်တာဖြစ်တဲ့အတွက် တကယ့်အခွင့်အရေးတစ်ခုကို ရရှိပိုင်ဆိုင်ခြင်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေကလည်း အလွန်အကျိုးရှိတဲ့ အခွင့်အရေးကို ရရှိသွားလို့ ဝမ်းသာအားရ သဘောကျနေကြတဲ့အတွက် လုပ်ဆောင်ပေးရကျိုးနပ်ပါတယ်" ဟုပြောသည်။

"အရင်ကတော့ ဒါကိုယ့်အိမ်ကိုယ့်နေရာဆိုတာ ပါးစပ်နဲ့ပဲပြောပြီး နေလာခဲ့တာပဲ။ အခုလို စာရွက်စာတမ်းနဲ့ ဂရန်ရှိမှဖြစ်မယ်ဆိုတာ မသိခဲ့ဘူး။ အခုတော့ ဒီစာရွက်ထဲမှာ ကိုယ်အမည်နဲ့ တကယ်ပိုင်သွားပြီဆိုတာသိရတော့ ဝမ်းသာပါတယ်။ မရှိလို့ ရောင်းတာပေါင်တာ စသဖြင့် အရေးကိစ္စတစ်ခုခုမှာ ဒီစာရွက်နဲ့ လုပ်လို့ရပြီဆိုတော့ အားရှိသွားတာပေ့ါ။ ကိုယ်ပိုင်လို့ပျော်နေတုန်းပဲရှိနေသေးတယ်၊ အမွေပေးဖို့မစဉ်းစား



ဒေါ်မြသိန်းထွေး

သေးပါဘူး"ဟု ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအုပ်စု ဈေးကုန်းကျေးရွာမှ ဒေသခံဒေါ်ခင်မြင့်ရီက ပြောသည်။

"ဝမ်းသာပါတယ်ဗျာ။ ကျေးဇူးလည်း တင်ပါတယ်။ ကျွန်တော်က ၀ ဒသမ ၆၅ ဧကရှိတဲ့အတွက် တစ်လကို ၃၀၀ ကျပ်လောက်ပဲ အခွန်ဆောင်ရမှာပါ။ အရင်ကတည်းက မြေဂရန်လုပ်ဖို့ ကြိုးစားခဲ့ပေမယ့် သွားရေး၊ လာရေး၊ မလုပ်တတ်မကိုင်တတ်နဲ့ ကုန်ကျစရိတ်တွေတွက်ပြီး မလုပ် ဖြစ်ခဲ့ပါဘူး။ အခုလိုရွာအရောက် လာလုပ်ပေးတဲ့အတွက် အဆင်ပြေသွားပါတယ်။ နောင်ရေးအတွက် စိတ်အေးရတာပေ့ါဗျာ" ဟု မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာအုပ်စု၊ ကြို့ပင်ခြံကျေးရွာမှ ဒေသခံဦးကျော်သိန်းက ပြောသည်။

"မိသားစုအတွင်း အိမ်ပိုင်ဆိုင်မှုတွေမှာ ခိုင်ခိုင်မာမာရရှိတဲ့အတွက် စိတ်အေးသွားရတာပေ့ါ။ မနက်ကတည်းက ဒီနေ့ဂရန်တွေလာပေးမယ်ဆိုတာ သိရလို့ တစ်ရွာလုံးစိတ်လှုပ်ရှားပြီး လာစောင့်နေကြတာပါ။ အခုလိုဂရန်ရရှိအောင် လိုအပ်တာတွေကို ရွာအရောက် လာရောက်လုပ်ကိုင်ပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု တံတားဦးမြို့နယ် ကန်ချောကျေးရွာအုပ်စု၊ အေးကြည်ကုန်းကျေးရွာမှ ဒေသခံဒေါ်မြသိန်းထွေးက ပြောသည်။

ကျောက်ဆည်ခရိုင် အတွင်းရှိ မြို့နယ်လေးခု၊ ကျေးရွာလေးရွာမှ သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီသော ကျေးလက်နေပြည်သူများကို မြေငှားဂရန်များ ထုတ်ပေးခဲ့ရာ ကျောက်ဆည်မြို့နယ် ဈေးကုန်းကျေးရွာတွင်အိမ်ထောင်စု ၁၂၃ စုအနက် အိမ်ထောင်စု ၁၁၂ စုအတွက် ၁၀ နှစ်မြေငှားဂရန် ၅၇ ဦးနှင့်နှစ် ၃၀ မြေငှားဂရန် ၅၅ ဦးကိုလည်းကောင်း၊ မြစ်သားမြို့နယ် ကြို့ပင်ခြံကျေးရွာတွင် အိမ်ထောင်စု ၁၁၀ အနက်အိမ်ထောင်စု ၆၄ စုအတွက် ၁၀ နှစ်မြေငှားဂရန် ၄၃ ဦးနှင့် နှစ် ၃၀ မြေငှားဂရန် ၂၁ ဦးကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာတွင် အိမ်ထောင်စု ၁၀၁ စုအနက်အိမ်ထောင်စု ၄၅ စုအတွက် ၁၀ နှစ်မြေငှားဂရန် ၃၆ ဦးနှင့် နှစ် ၃၀ မြေငှားဂရန်ကိုးဦးကိုလည်းကောင်း၊ တံတားဦးမြို့နယ် အေးကြည်ကုန်းကျေးရွာတွင် အိမ်ထောင်စု ၂၀၈ စုအနက်အိမ်ထောင်စု ၁၇၁ စုအတွက် ၁၀ နှစ်မြေငှားဂရန် ၁၀၆ ဦးနှင့် နှစ် ၃၀ မြေငှားဂရန် ၆၅ ဦးကိုလည်းကောင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူနှင့် မျက်စိကွယ်သူပေါင်း ၂၈၅ သန်းခန့်ရှိ




နေပြည်တော် အောက်တိုဘာ ၈

**၂၀၁၅ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အောက်တိုဘာလ၏ ဒုတိယ ကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့အဖြစ် သက္ကရာဇ်၂၀၀၀ ပြည့်နှစ်မှ စတင်ကာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ဆောင်ပုဒ်မှာ "လူတိုင်းမျက်စိကျန်းမာဖို့ ဝိုင်းဝန်းကူညီစောင့်ရှောက်စို့" ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်များအရ ကမ္ဘာပေါ်၌ အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့်ရှိကြောင်း၊ အမြင်အာရုံ ချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ကုသ၍ ရနိုင်ကြောင်း။

မျိုးရိုးလိုက်သည့် မျက်စိရောဂါများဖြစ်သည့် မျက်စိအဝေးမှုန်ရောဂါ၊ မျက်စိအာရုံလွှာ ကင်ဆာရောဂါ၊ မျက်စိ ညမမြင်သည့်ရောဂါ၊ ရေတိမ်ရောဂါများကို မိဘများက ကလေးများငယ်စဉ်ကပင် ကြိုတင်စစ်ဆေးပြီး လိုအပ်သည့် ကုသမှုများကိုခံယူနိုင်ကြောင်း၊ မွေးရာပါ မျက်စိရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်၊ မျက်စိစွေစောင်း ရောဂါများကို ငယ်စဉ်ကပင် ခွဲစိတ်ကုသမှုခံယူလျှင် အမြင်အာရုံမဆုံးရှုံးဘဲ တစ်သက်လုံး နေထိုင်သွားနိုင်ကြောင်း၊ ပတ်ဝန်းကျင်နှင့် မိမိအပြုအမူ အနေအထိုင်များကြောင့်ဖြစ်သည့် ဗီတာမင်အေချို့တဲ့၍ ဖြစ်သော မျက်စိရောဂါ၊ ထိခိုက်ဒဏ်ရာရ၍ ဖြစ်သော မျက်စိရောဂါ၊ ဆီးချိုနှင့် သွေးတိုးရောဂါများကြောင့်ဖြစ်သော မျက်စိရောဂါများမှာ ကာကွယ်ကုသ၍ရကြောင်း။

အသက်အရွယ်မရွေး မျက်စိကို စောစီးစွာစစ်ဆေးခြင်း၊ ကုသမှုခံယူခြင်း၊ အာဟာရ မျှတစွာစားသုံးခြင်း၊ ထိခိုက်ဒဏ်ရာ မရရှိအောင် ဆင်ခြင်နေထိုင်ခြင်း၊ ဆီးချိုသွေးတိုးရောဂါများဖြစ်ပါက နောက်ဆက်တွဲ မျက်စိရောဂါများ မဖြစ်စေရန် စနစ်တကျ ကုသခြင်း၊ ခွဲစိတ်ကုသ၍ရသော အတွင်းတိမ်၊ ရေတိမ်ရောဂါများကို ခွဲစိတ်ကုသမှု ခံယူခြင်းဖြင့် အမြင်အာရုံဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် မျက်စိအထူးကုဆရာဝန်များ၊ မျက်စိသူနာပြုများ၊ မျက်မှန်ကျွမ်းကျင် ပညာရှင်များ တိုးမြှင့်မွေးထုတ်ပေးလျက်ရှိပြီး ကျွမ်းကျင်မှုအရည်အသွေး ပိုမိုတိုးတက်စေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများစေလွှတ်ခြင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများမှ မြို့နယ်၊ ကျေးရွာများအထိကွင်းဆင်းကာ မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေး အဖွဲ့များနှင့် ပူးပေါင်း၍ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် မျက်ခမ်းစပ်နှင့် ကလေးသူငယ်မျက်စိရောဂါများကို ရှာဖွေကုသပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

မျက်မမြင် ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးအပါအဝင် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း မျက်စိကျန်းမာရေးကို အလေးထား စမ်းသပ်စစ်ဆေးမှု ခံယူကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ဌာနေကိုယ်စားလှယ် Dr.J. M Luna က အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ လူမှုရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များသည် ၂၀၁၅ ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးဝါးတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိန်လှထွေးအား ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေးဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး သင်တန်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်းများနှင့် အမှုထမ်းများတက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးမြင့်နိုင်က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်က လူ့အခွင့်အရေး၏ သဘောသဘာဝ၊ သမိုင်းကြောင်းနှင့်အနှစ်သာရ လူ့အခွင့်အရေးကော်မရှင် ဥပဒေ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စုံစမ်းစစ်ဆေးခြင်းနှင့် တိုင်ကြားနိုင်သည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင်ဒေါ်မြမြက မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံ အဆင့်ဆင့်၊ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားချက်များနှင့် တိုင်ကြားချက်များအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ❍ ရှေ့ဖုံးမှ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင် သတိပြုရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ခါတ်အားပြတ်တောက်မှုများရှိမည် ပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၁၀ ရက်တွင် ဗဟန်းမြို့နယ်အတွင်းရှိ (ရွှေဂုံတိုင် (အရှေ့)၊ သာသနာ့ရိပ်သာ၊ ရွှေဂုံတိုင် (ဆ. သ. ရ)၊ Data Plaza၊ ပုလဲကွန်ဒို (C,D,E,F)၊ အောင်ချမ်းသာအိမ်ရာ၊ ရွှေဂုံရိပ်မွန်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ကျိုက္ကဆံရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ တိုင်းရင်းဆေးရုံ၊ အနောက်ရွှေဂုံတိုင်လမ်း၊ ရေတာရှည်ရပ်ကွက်)၊ သန်လျင်မြို့နယ်အတွင်းရှိ(သူဌေးကွင်း၊ စစ်ပင်ကွင်း၊ ကရင်ဆိပ်)၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒလမြို့နယ်အတွင်းရှိ (ကျောင်းစု၊ မော်စကု၊ ကမာကသွယ်)၊ လှိုင်သာယာမြို့နယ်အတွင်းရှိ (၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) ရပ်ကွက်များ၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးမြို့၊ ဒါးပိန်မြို့နယ်၊ အင်းတိုင်မြို့၊ ထောက်ကြန့်မြို့အတွင်း ရှိ (မြို့ပေါ်ရပ်ကွက်များ၊ နွယ်ခွေ၊ ဂူကြီးကုန်း)၊ မှော်ဘီမြို့နယ်အတွင်းရှိ (ညောင်နှစ်ပင်ဇုန်၊ တပ်နယ်)ရပ်ကွက်တို့တွင် အချိန်ပိုင်း နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ခါတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ယင်းသို့ ခါတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ခါတ် အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့် ကျင်းပရေးစည်းဝေး

**တောင်ငူ အောက်တိုဘာ ၈**

ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် (၅၀၅) နှစ်ပြည့်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်ဗဟိုကော်မတီအစည်းအဝေးကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်ရှိ ဘုရင့်နောင်ခန်းမ၌ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနား၌ အခမ်းအနားမှူး ဒေါက်တာ ဒေါ်မာမာဝေက အစီအစဉ်များကိုဖတ်ကြားပြီး ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဦးစီးနာယက CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကား ပြောကြားသည်။

ယင်းနောက် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က ပွဲတော် ကျင်းပရေး လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပြီး ဗဟိုကော်မတီအတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် တင်ပြထားသည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ပွဲတော်တွင်ပြုလုပ်လိုသည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပြီး ကေတုမတီ(တောင်ငူ) ရှေး ဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်ခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မိုးညှင်းမြို့နယ်၌ မြို့တော်ခန်းမနှင့် မော်ဟန် လေးတန်ချောင်းကူးတံတားဖွင့်

**မိုးညှင်း အောက်တိုဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ မြို့တော်ခန်းမဖွင့်ပွဲနှင့် မော်ဟန် လေးတန်ချောင်းကူး ကွန်ကရစ်တံတားဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် မိုးညှင်းမြို့ မြို့တော်ခန်းမကို ဖွင့်လှစ်ပေးခဲ့ပြီး နံနက် ၁၁ နာရီတွင် မော်ဟန်ကျေးရွာ လေးတန်ချောင်းကူး ကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက မိမိတို့ အစိုးရအဖွဲ့လက်ထက် လေးနှစ်ကျော်ကာလတိုအတွင်း ပြုပြင်ပြောင်းလဲရေးနှင့် နယ်မြေဒေသအနှံ့ တိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းများကို လက်တွေ့ကျကျဖော်ဆောင်နိုင်ခဲ့ကြောင်း၊ အနာဂတ်ကာလတွင်လည်း ပြည်သူ့ကိုယ်စားလှယ်လောင်းများ၏ အတွေ့အကြုံ၊ အရည်အချင်း၊ ကိုယ်ကျင့်သိက္ခာနှင့် စေတနာထက်သန်မှုတို့ကို လေ့လာသုံးသပ်ပြီး ရွေးချယ်တာဝန်ပေးအပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း အမှာစကားပြောကြားခဲ့သည်။



မိုးညှင်းမြို့ မြို့တော်ခန်းမကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀၀ ဖြင့် မနောရော ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ပြီး မော်ဟန်ကျေးရွာ လေးတန်ချောင်းကူးကွန်ကရစ်တံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေကျပ်သိန်း ၄၀၀၀ ဖြင့် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၈**

ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **(မိုး/ဇလ)**

# တောင်သမန်အင်းအတွင်း ငါးခိုးဖမ်းသည့် ပိုက်ကြီးများကြောင့် ငါးများထပ်မံသေဆုံး

**မန္တလေး အောက်တိုဘာ ၈**

မန္တလေး အမရပူရမြို့နယ်၌ ယနေ့နံနက်ပိုင်းက တောင်သမန်အင်းအတွင်း ငါးဖမ်းပိုက်ကြီးများခိုးချရာမှ ငါးများခန့်မှန်းပိဿာချိန် ငါးပိဿာခန့် ထပ်မံသေဆုံးမှုများဖြစ်ပွားခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးဝင်းမောင်က ပြောသည်။

"တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုထပ်မံဖြစ်ပွားလို့ ကျွန်တော်တို့ ကိုယ်တိုင် အင်းကိုရောက်ခဲ့ပါတယ်။ တောင်သမန်အင်းအတွင်း ငါးမျှားချိတ်နှင့် ငါးမျှားရိုတင်မဟုတ်ဘဲ ငါးဖမ်းပိုက်ကြီးတွေ အင်းအတွင်းခိုးချပြီး လောဘကြီးစွာနဲ့ ငါးဖမ်းကြတာ၊ အင်းရဲ့ရေပြင်မှာလည်း ကင်းစောင့်တွေက စက်လှေနဲ့ပတ်နေတော့ ငါးခိုးဖမ်းတဲ့အဖွဲ့တွေက ပိုက်ဖော်ချိန်မရလို့ ရက်အနည်းငယ်ကြာလာတော့ ငါးနဲ့ပိုက် လုံးထွေးပြီး ငါးတွေထပ်မံသေဆုံး ရေပေါ်ရောက်ရှိလာခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

"အင်းထဲ ငါးခိုးဖမ်းတဲ့အဖွဲ့တွေကတော့ ရှိနေဦးမှာပဲ။ ဒါဟာလည်း သူတို့ဝမ်းစာအတွက်ဖြစ်တယ်။ ဆိုးတာက အင်းထဲက ငါးတွေကို ငါးမျှားချိတ်နဲ့ မျှားရိုတင်မဟုတ်ဘဲ ပိုက်ကြီးတွေနဲ့ဖမ်းတော့မလိုလားအပ်တဲ့ ငါးသေဆုံးမှုတွေဖြစ်ပွားတာ တွေ့ရမှာဖြစ်ပါတယ်" ဟု တောင်သမန်အင်းလှေဆိပ်မှ ဒေသခံ ဦးစိုးဝင်းက ပြောသည်။

"တောင်သမန်အင်းကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ အင်းရေပြင်သန့်စင်ရေးလုပ်ငန်းကို အမြဲတမ်းစောင့်ကြည့်တိုင်းတာလျက်ရှိပါတယ်။ အင်းအတွင်းက ငါးတွေ အသက်ရှင်နေထိုင်ဖို့ အောက်ဆီဂျင်လိုအပ်ချက် ညွှန်းကိန်းက DO 0.2 ရှိပါတယ်။ လက်ရှိ တောင်သမန်အင်းရေ ရေဆိုးဝင်ရောက်မှုကြောင့် ငါးသေဆုံးမှုလုံးဝမဖြစ်နိုင်ပါ" ဟု ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် တောင်သမန်အင်းနှင့် ဦးပိန်တံတားသာယာလှပရေးလုပ်ငန်းများကို အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်**

# ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ လူကုန်ကူးမှု ၈၉ မှု ဖြစ်ပွားခဲ့

**နေပြည်တော် အောက်တိုဘာ ၈**

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ပြီး အလေးထားဆောင်ရွက်ခဲ့ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က (၂၀၀၇-၂၀၁၁)ထိ ပထမငါးနှစ်စီမံကိန်းအဖြစ် လည်းကောင်း၊ (၂၀၁၂-၂၀၁၆)ထိ ဒုတိယငါးနှစ်စီမံကိန်းအဖြစ်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံကိန်းများတွင် နိုင်ငံတကာမှ လက်ခံသော စံနှုန်းများဖြစ်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ဥပဒေအရအရေးယူသည့်လုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများသာမက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာပေးလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ လူကုန်ကူးမှုလုပ်ငန်းများကို ကာကွယ်တားဆီးတိုက်ဖျက်နေသည့်ကြားမှ ၂၀၁၄ ခုနှစ်တွင် လူကုန်ကူးမှု ၁၂၄ မှု ဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၃၆၇ ဦးနှင့် လူကုန်ကူးခံရသူ ၃၀၉ ဦး ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများတွင် အဓမ္မစေခိုင်းမှု ၂၉ မှု၊ ပြည့်တန်ဆာပြုမှု ၂၂ မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု ၇၂ မှု၊ ကလေးသူငယ်လူကုန်ကူးမှု တစ်မှု စုစုပေါင်း ၁၂၄ မှု ဖြစ်ပွားခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ လူကုန်ကူးမှုများမှာ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ မှု၊ မန္တလေးတိုင်းဒေသကြီး၌ ၁၅ မှု၊ ပဲခူးတိုင်းဒေသကြီး၌ ခြောက်မှု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ လေးမှု၊ ရခိုင်ပြည်နယ်၌ လေးမှု၊ မကွေးတိုင်းဒေသကြီး၌ နှစ်မှု၊ ဧရာဝတီတိုင်းဒေသကြီး၌ ခြောက်မှု၊ ကရင်ပြည်နယ်၌ သုံးမှု၊ မွန်ပြည်နယ်၌ တစ်မှု၊ ကချင်ပြည်နယ်၌ ၁၂ မှု၊ ရှမ်းပြည်နယ်၌ ၂၅ မှု စုစုပေါင်း ၈၉ မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူ ၂၆၀ အနက် ၁၇၂ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူ ၈၈ ဦးကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူကုန်ကူးမှု ၈၉ မှုကြောင့် လူကုန်ကူးခံရသူပေါင်းမှာ အမျိုးသား ၃၃၀၊ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၄၅၉ ဦးဖြစ်သည်။ ထိုအထဲမှ အမျိုးသား ၃၁၁ ဦး၊ အမျိုးသမီး ၉၅ ဦး စုစုပေါင်း ၄၀၆ ဦးကို ကယ်တင်နိုင်ခဲ့သည်။ လူကုန်ကူးမှု ဦးတည်နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ မလေးနှင့် ပြည်တွင်းဟူ၍ ရှိရာ တရုတ်နိုင်ငံသို့ လူကုန်ကူးမှု ၅၅ မှု၊ ထိုင်းနိုင်ငံသို့ ၁၃ မှု၊ မလေးရှားနိုင်ငံသို့ ငါးမှု၊ ပြည်တွင်း၌ ၁၆ မှု စုစုပေါင်း ၈၉ မှု ဖြစ်ပွားခဲ့သည်။

ထိုအထဲတွင် အဓမ္မလက်ထပ်မှု ၅၀၊ အဓမ္မခိုင်းစေမှု ၂၂ မှု၊ ပြည့်တန်ဆာပြုခိုင်းစေမှု ၁၅ မှု၊ ကလေးမွေးစားမှု တစ်မှု၊ ကလေးရောင်းစားမှု တစ်မှု ဖြစ်ပွားခဲ့သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအပေါ် အခြေခံ၍ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်တွင်း ပြည်ပ လူကုန်ကူးမှု လျော့နည်းပပျောက်စေရန် ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်လုပ်ဆောင်သွားမှသာ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**


## အမည်မှန်

လှည်းကူးမြို့နယ် ဟိုင်းကူးကျေးရွာ အုပ်စုဥယျာဉ်ဝကျေးရွာနေ ဦးဆန်း ၁၂/လကန(နိုင်)၀၉၃၆၉၁၏ အမည်မှန်မှာ ဦးတင်ဆန်းဖြစ်ပါကြောင်း။

**ဦးတင်ဆန်း**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ မုန်တောင်ရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်နိုင်ထွန်း၏ဖခင်အမည်မှန်မှာ ဦးမြတ်ညိမ်း ၈/မဘန(နိုင်)၀၉၇၄၂၉ ဖြစ်ပါကြောင်း။

**ဦးမြတ်ညိမ်း**
**၈/မဘန(နိုင်)၀၉၇၄၂၉**

## ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(က)မှ နော်ဆာဝါး၏ ဖခင်အမည်မှန်မှာ ဦးဒီးရီ ၁၃/ဖခန(နိုင်)၀၀၄၄၁၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံး

ကျွန်တော် ဦးမြင့်အောင် ၈/မသန(နိုင်) ၁၀၆၃၆၄ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၂၈၅၅၀၃**

## CLAIMS DAY NOTICE
## M.V MALACCA HIGHWAY VOY:NO(9)

Consignees of cargo carried by M.V MALACCA HIGHWAY VOY: NO.(9) are here by notified that the vessel will arrive on about 12-10-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## တေဇ(၂၂) နှစ် (၂၀)ပြည့် ကြော်ငြာ ပြင်ဆင်ခြင်း

တေဇ(၂၂) နှစ် (၂၀)ပြည့် ကြော်ငြာအပိုဒ်(က)ပါ တပ်မတော်ဂေါက်ကွင်းနေရာ(အစား) Royal Mingalardon Golf & Country Club နေရာတွင် ဂေါက်ရိုက်ကစားမည်ဖြစ်ပါ ကြောင်းနှင့် ရက်/အချိန်ပြောင်းလဲခြင်းမရှိပါကြောင်း ပြင်ဆင် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျင်းပရေးကော်မတီ**

## အလိုရှိသည်

မြန်မာမီနီ(TAXI) ယာဉ်မောင်း တစ်ဦး အလိုရှိသည်။ အိမ်မပေးပါ။

**စုံစမ်းရန်ဖုန်း-၀၉-၂၅၄၀၆၂၇၉၅**
**စမ်းချောင်းမြို့နယ်**

## ဖခင်အမည်မှန်

ကမာရွတ်မြို့နယ် အ.ထ.က (၅) ဒသမတန်းတွင် ပညာသင်ကြားနေသော မလင်းလင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးလင်းဦး (၈/ရနခ (နိုင်)၀၅၇၄၆၃) ဖြစ်ပါကြောင်း။

**ဦးလင်းဦး (၈/ရနခ (နိုင်)၀၅၇၄၆၃)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ဂုဏ်တန်းရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၇၀ရှိ ဦးဝင်းနိုင်အမည်ပေါက် အစိုးရမြေကွက်အား ဦးဝင်းနိုင် ၅/တဆန(နိုင်)၀၈၃၁၆၅(ဘ)ဦးခွေးမောင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းပန်မွှေ ၃/ကကရ(နိုင်) ၂၂၉၂၀၅၏ Passport (No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းချမ်းမွန် ၃/ကကရ (နိုင်)၂၂၉၂၀၃၏ Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## မွေးနေ့ဆုတောင်း

ကျွန်မတို့ရဲ့ လေးစားစရာ၊ ချစ်ခင်ရသော ပိုင်ဖြိုးသီဟကုမ္ပဏီမှ MD မယုရဲ့ ၉-၁၀-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှစပြီး နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းပေးပါတယ်။

**မငွေငွေမြင့်၊ မခင်သန္တာကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၈၃၇၉ ဟွန်ဒါ ဒရင်း(မ်) 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာဦး ၁၀/မလမ(နိုင်)၁၃၇၅၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## အမည်အမှန်

ဦးသန်းထိုက်ဦး-ဒေါ်ဂျူးခိုင်အေးတို့၏သမီး မော်လမြိုင်မြို့ အထက (၈)စတုတ္ထတန်း(A)မှ မဂျူးမေမြဦးဦး၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဂျူးမေမြဦးဦး ဖြစ်ပါသည်။

**မဂျူးမေမြဦးဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းညဏ်စွန် ၃/ကကရ(နိုင်)၁၅၅၄၄၄၏ Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းချမ်းထော ၃/ကကရ (နိုင်)၂၂၀၁၁၈၏ Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ လျှောက်ထားကြောင်း အကြောင်းကြားစာ ဦးမျိုးအံ့၊ အခွန်ဦးစီးမှူး ကြော်ငြာတွင် ၅-၁၁-၂၀၁၅ရက် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်)အစား ၅-၁၀-၂၀၁၅ရက် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

# တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာများ၊ ပြည်သူများနှင့်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန် တရားရုံးသတင်းမီဒီယာလက်စွဲ ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၈**

"ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အဆင့်ဆင့်သော တရားရုံးများတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှတစ်ဆင့် သတင်းမီဒီယာများ၊ ပြည်သူများနှင့်ဆက်ဆံရေးကို တိုးမြှင့်လုပ်ဆောင်ရန် တရားရုံးသတင်းမီဒီယာလက်စွဲကို ထုတ်ဝေလိုက်သည်။

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၏လူထုအသိအမြင် မြှင့်တင်ပေးရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များမှာ သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန်နှင့် တရားရုံးအသိုင်းအဝိုင်းတွင် သတင်းအချက်အလက်ဆိုင်ရာအစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်သည်။

အဆိုပါရည်မှန်းချက်များအောင်မြင်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးသတင်းပြန်ကြားရေးစီမံချက်ရေးဆွဲ၍ နိုင်ငံတကာမှ တရားရုံးများ၏ သတင်းပြန်ကြားရေးဆောင်ရွက်ချက်များနှင့် မှုခင်းသတင်းဆိုင်ရာ ဆောင်ရွက်ချက်များကို လေ့လာခြင်း၊ နိုင်ငံတကာမှ တရားရုံးများ၏ သတင်းပြန်ကြားရေးကျွမ်းကျင်သူများဖြင့် ဆွေးနွေးပွဲများကျင်းပ၍ တရားရုံးမှုခင်းသတင်းရယူရာတွင် သိရှိလိုက်နာရန်အချက်များ ပြုစုခြင်း၊ ယင်းစည်းကမ်းချက်များကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့နှင့် ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် "မဏ္ဍိုင်ကြီး (၃) ရပ်နှင့် သတင်းမီဒီယာတွေ့ဆုံပွဲ" တွင် တင်ပြဆွေးနွေးခြင်း၊ တရားရုံးအဆင့်ဆင့်တွင် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ တရားရုံးသတင်းပြန်ကြားရေးအရာရှိများ ခန့်အပ်တာဝန်ပေးခြင်း၊ သတင်းပြန်ကြားရေး တာဝန်ရှိသူများအတွက် တရားရုံးသတင်းပြန်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ ယင်းဆောင်ရွက်ချက်များ၏ရလဒ်ကိုအခြေခံသည့် တရားရုံးသတင်းမီဒီယာလက်စွဲသည် တရားရုံးသတင်းပြန်ကြားရေးဝန်ဆောင်မှုနှင့် မီဒီယာကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

တရားရုံးသတင်းမီဒီယာလက်စွဲတွင် ပါရှိသည့် မြန်မာနိုင်ငံ၏ တရားရုံးများ ဖွဲ့စည်းပုံ၊ မှုခင်းများစစ်ဆေးစီရင်ခြင်း၊ မှုခင်းဆိုင်ရာသတင်းအချက်အလက်ရယူခြင်း၊ တရားရုံးမှ သတင်းရယူရာတွင် သိရှိလိုက်နာရန်အချက်များ၊ ပြစ်မှုဆိုင်ရာဥပဒေဝေါဟာရများနှင့် တရားရုံးသတင်းပြန်ကြားရေးအဖွဲ့များ၏ ဆက်သွယ်ရန်လိပ်စာများ စသည့် ဖော်ပြချက်များသည် တရားရုံးနှင့် သတင်းမီဒီယာအကြား သတင်းရယူခြင်းအပါအဝင် ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ပြည်သူလူထုမှ တိကျသေချာသည့် သတင်းမှန်များ သိရှိရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "လူထု၏ အသိအမြင်ကိုမြှင့်တင်ပေးရန်" တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်နှင့်အညီ တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများကို သတင်းမီဒီယာများနှင့်အတူ ဆက်လက်၍ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

တရားရုံးသတင်းမီဒီယာလက်စွဲကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်(ဘ်)ဆိုက် http://www.unionsupremecourt.gov.mm တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ(၁၃)၊ အမှတ်(၁)ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၃)၊ အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေး၊ အသိပညာ ဗဟုသုတပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့် စည်းကမ်းလိုက်နာစောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။

ယခုဂျာနယ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ပြည်ထောင်စုရာထူးဝန်အဖွဲ့) ဥက္ကဋ္ဌ(ငြိမ်း) ဒေါက်တာ သန်းညွန့်၏"အမှတ်တရခရီးများ. . ."၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်ကြည်၏ နိုင်ငံ့ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ခဲ့မှုများကို ဖော်ညွှန်းထားသည့် "အမှတ်တရပုံရိပ်ကဏ္ဍ" ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးသန်းထွန်း၏ "တာဝန်သိခြင်း၊ တာဝန်ခံခြင်း သဘောထားကို လေ့လာခြင်း"၊ အဖွဲ့ဝင်(ငြိမ်း) ဦးငွန်မောင်း၏ "နိုင်ငံ့ဝန်ထမ်းများအတွက် ရာထူးတိုးမြှင့်ခြင်းသည် ဘဝ၏ အရေးကြီးဆုံးကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါသဖြင့် အထူးသတိချပ်ဆောင်ရွက်ရန်လို"ဆောင်းပါးများ ပါဝင်ပါသည်။

ဝန်ထမ်းအဖွဲ့အစည်းများဆိုင်ရာ ဆောင်းပါးများဖြစ်သည့်"စည်းလုံးညီညာ ပြည်သာစေသည့် ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်း"နှင့် "နိုင်ငံနှင့်ပြည်သူအတွက် ရွှေတံခါးမျှးတို့ရဲ့စွမ်းဆောင်ချက်"၊ "မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးစနစ် တည်ငြိမ်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ"၊ "နိုင်ငံ့စီးပွားခရီးသွားဖြင့် ကြိုးစားတိုးမြှင့် ကမ္ဘာ့အဆင့်"ဆောင်းပါးများလည်း ဖော်ပြပါရှိပါသည်။

ထို့အပြင် ဝန်ထမ်းရေးရာကိစ္စရပ်များဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ စီမံခန့်ခွဲမှုဆိုင်ရာဆောင်းပါးများနှင့် အခြားသုတ၊ ရသပေးစွမ်းနိုင်သည့်ဆောင်းပါးများ ပါဝင်ပြီး စုစုပေါင်းစာမျက်နှာ ၁၅၈ မျက်နှာပါရှိပါသည်။




အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)မြို့မဈေးတွင် ရွှေမင်းသားစာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စိုက်ပျိုးရေး အသိပညာပေး ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ (ငြိမ်း) ဒေါက်တာညီညီက "စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း" (AGRO BASE ON INDUSTRY) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်ရာ မည်သူမဆို အခမဲ့ တက်ရောက် လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# အောက်တိုဘာ ၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၈၀ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၀၀ မှ ၁၇၀၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၉၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၂၀၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၈၇၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ |
| ၁၄ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၅ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209077, 209388

မြေညီတိုက်ခန်းရောင်းမည်
မဟာဗန္ဓုလလမ်းနှင့် လမ်းကျယ်ဒေါင့်နှစ်ဖက်မျက်နှာစာ၊ နှစ်ဖက်ကားပါကင်၊ဟောင်ကောင် ၂လွှာ၊ 12.½'x50' စီးပွားရေးလုပ်နိုင်သည်။
0973205890,0949297176

မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့
ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း၊ ဗုဒ္ဓဂယာ (၁၂) ရက်ခရီး ၉.၅ သိန်း။ မန္တလေး-ရန်ကုန်-ဗုဒ္ဓဂယာ (၁၄)ရက် ၁၂ သိန်း၊
ဘန်ကောက်-အယုဒ္ဓယ၊ ပတ္တရား(၃) ရက် ၆.၅ သိန်း၊၊ ကမ္ဘောဒီးယား-အန်ကောဝ်-တုံလေဆပ် (လေယာဉ်ဖြင့်) (၃) ရက် ၇.၅ သိန်း၊
သီရိလင်္ကာ-အနုရာဓမ္ဗူလဇောဓိပင်-ကန္ဒီစွယ်တော်-ဘန်ကောက်မြဘုရားရွှေသာလျောင်း၊ ဘုရားဖူးဈေးဝယ် (၇) ရက် ၁၅.၅ သိန်း
အပတ်စဉ်သောကြာ၊ စနေနေ့တိုင်း ပို့ပေးပါမည်။ မိသားစု၊ အသင်းအဖွဲ့အလိုက် သီးသန့်စီစဉ်ပေးပါသည်။
ရန်ကုန် -(၃၈)၊ ဥလမ်း/ ၁၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၅၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂×၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၀၉၅၃၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆၊ ၀၉၈၇၀၄၀၈၈
မန္တလေးမှဘန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

## CLAIMS DAY NOTICE

### MV. VIKING DRIVE VOY:NO (12)

Consignees of cargo carried by MV. VIKING DRIVE VOY:NO (12)are here by notified that the vessel will arrive on about 13-10-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE

### M.V MAKASSAR HIGHWAY VOY: NO (158A)

Consignees of cargo carried by M.V MAKASSAR HIGHWAY VOY: NO(158A) are here by notified that the vessel will arrive on about 12-10-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE

### M.V HOEGH CHENNAI VOY: NO (17)

Consignees of cargo carried by M.V HOEGH CHENNAIVOY: NO(17) are here by notified that the vessel will arrive on about 11-10-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မိခင်ချိုဝင်း ၃/ကကရ(နိုင်)၁၉၆၇၉၃၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## အမည်မှန်

နေပြည်တော်၊ အထက (၇)၊ တက္ကသိုလ်ဝင်တန်း (C) တွင် တက်ရောက်နေသော ဦးမြင့်အောင်-ဒေါ်ကြည်မြင့်၏ သမီး မဆုဝေနှင်း၏ အမည်မှန်မှာ မစုဝေနှင်း ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မင်းတင်မိုးဝင်း ၃/ကကရ(နိုင်)၂၂၁၅၄၅၏ Passport(No.အမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ဖခင်အမည်မှန်

အထက(၂) လှိုင်သာယာ နဝမတန်း(င)မှ မောင်မင်းဟိန်းခန့်၏ ဖခင်အမည်မှန် မှာ ဦးနေဝင်းထွန်း ၇/ဖမန(နိုင်)၁၂၄၀၄၀ ဖြစ်ပါကြောင်း။

# ဒီဖြစ်စဉ်အပေါ်မှာ ပြောဆိုဝေဖန်နေတာတွေကို အခုလို အမှုမှန်ဖော်ထုတ်ပေးပြီး ချေဖျက်နိုင်လိုက်တဲ့အတွက် ဂုဏ်ယူပါတယ်

**ရဲမှူးဝင်းသိန်း**

**တွေ့ဆုံမေးမြန်းခြင်း - ညီညီထွန်းနှင့်သတင်းအဖွဲ့**

နေပြည်တော်၌ ညဉ့်သန်းခေါင်ကျော်အချိန်၌ လူလေးဦးက ခင်ပွန်းဖြစ်သူကို သတ်ပြီး ဇနီးသည်အား အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။ ရာဇဝတ်ဘေးပြေးလွတ်ပါမည်လော၊ ပြစ်မှုကျူးလွန်သူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီ၊ ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးကိုလည်း သက်ဆိုင်သူများက ရဲစခန်းနှင့်ဆက်သွယ်ပြီး အပ်နှံခဲ့ကြပြန်သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တစ်ပတ်အတွင်း ဖော်ထုတ်နိုင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများကို သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားပါသည်။

**ဒုတိယရဲမှူးကြီး ဝင်းချွန်(ဒက္ခိဏခရိုင်တပ်ဖွဲ့မှူး)**



သံတမန်ဇုန် မြေနေရာမှာ နေ့လှည့်ကင်းနဲ့ ညလှည့်ကင်းတွေရှိတယ်။ အဲ့ဒီမြေနေရာက အကျယ်ကြီးဖြစ်ပါတယ်။ မှုခင်းကျူးလွန်တဲ့နေရာမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက ရလိုမှု၊ နောက်တစ်ပိုင်းက စရိုက်ကြောင့်ဖြစ်တာ။ မတရား ရလိုမှုကြောင့် လုယက်မှုတွေ ဖြစ်တတ်တယ်။ နေပြည်တော်မှာ အိမ်တိုင်းအိမ်တိုင်းကို ရဲစခန်းဖုန်းနံပါတ်တွေ ပေးထားတယ်။ အခုဖြစ်စဉ်အခြေခံက အရက်ရယ်၊ ပင်ကိုစရိုက်ရယ်၊ ကာမရလိုမှုကြောင့်ဖြစ်တယ်။ ပြစ်မှုကျူးလွန်ခံရတဲ့သူတွေကို ခြိမ်းခြောက်ပြီးတော့ ခေါ်သွားတယ်၊ သူတို့က ကြောက်တာနဲ့ လိုက်သွားတယ်။ အရက်ကြောင့် မှုခင်းဖြစ်ရတယ်။

ပြစ်မှု ကျူးလွန်သူတွေကို ဒီခရိုင်မှာရှိတဲ့ ရဲတပ်ဖွဲ့တင်မကပါဘူး၊ လယ်ဝေး၊ ပျဉ်းမနား၊ ဇမ္ဗူသီရိစတဲ့ရဲတပ်ဖွဲ့တွေက နယ်မြေအလိုက်ဖြန့်ပြီးတော့ရှာတယ်။ နေပြည်တော်မှာရှိတဲ့ မှုခင်းအထူးတပ်ဖွဲ့ဝင်တွေနဲ့အတူ ပြည်သူတွေကပါ တာဝန်ကိုယ်စီနဲ့ဖြန့်ခွဲပြီး လုပ်ဆောင်ခဲ့ကြလို့ အခုလို မြန်မြန်နဲ့ အမှုမှန်ဖော်ထုတ်နိုင်ခဲ့တာပါ။

**ဦးကျော်နိုင်ဦး(ရာအိမ်မှူး၊ သာယာကုန်းရပ်ကွက်)**

အခုအမှုမှာ ကျွန်တော်တို့ရပ်ကွက်ထဲက ထော့ကျိုးရယ်၊ မျိုးဇော်ဝင်းရယ်ပါတယ်။ သူတို့တစ်တွေက ပုံကျအလုပ်လုပ်တယ်။ တစ်နေ့လုပ် တစ်နေ့စားပေ့ါ။ မျိုးဇော်ဝင်းကတော့ ခုနစ်တန်းလောက်နဲ့ ကျောင်းထွက်တယ်၊ ဒီကလေးက ရပ်ကွက်ထဲမှာ မူးတာ၊ ဆဲတာ၊ ခိုးတာ၊ ရန်ဖြစ်တာမရှိဘူး။ ဇော်လေးနဲ့ ကျော်မောင်က အထက်တန်းလောက်မှာ ကျောင်းထွက်ခဲ့တာဖြစ်မယ်။ ဒီကလေးတွေက ကြာပင်ဇာတိပါ၊ အမြဲတမ်း သောက်သောက်စားစားလုပ်ပေမယ့် ထစ်ကနဲရှိ ရန်ဖြစ်တတ်တဲ့သူတွေတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ရပ်ကွက်ထဲကနေ ဒီလိုဖြစ်တာ ပထမဦးဆုံးအကြိမ်ပါ။

ကျွန်တော့်အနေနဲ့ ဒီအမှုမှာမှ မဟုတ်ပါဘူး။ တခြားလူသတ်မှုတွေ၊ မူးယစ်ဆေးဝါးမှုတွေမှာလည်း တာဝန်ရှိသူ တစ်ယောက်အနေနဲ့ရော၊ ပြည်သူတစ်ယောက်အနေနဲ့ပါ သတင်းမှန်ရရှိရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးတယ်။ ပြည်သူကအားကိုးရတဲ့၊ ပြည်သူကို ကူညီနိုင်တဲ့သူဖြစ်အောင် ပူးပေါင်းပါဝင်ပေးခဲ့တာဖြစ်ပါတယ်။

**ရဲမှူးဝင်းသိန်း (ဒက္ခိဏမြို့နယ်ရဲတပ်ဖွဲ့မှူး)**

သတင်းရလျှင်ရချင်း တစ်ဆင့်ပြီးတစ်ဆင့် သတင်းပို့ပြီး လုပ်ငန်းတွေကို တစ်ချိန်တည်းဆောင်ရွက်ခဲ့ပါတယ်။ တရားလို ကလေးမဆီက ရတဲ့သတင်းအပေါ် မူတည်ပြီး ဖြစ်နိုင်ခြေရှိတာတွေ အားလုံးကို ဖြန့်ကြက် ဆောင်ရွက်ခဲ့ပါတယ်။ အခင်းဖြစ်ပွားတဲ့နေရာမှာ မီးမရှိ



ပေမယ့် လရောင်က အားကောင်းနေလို့ ပြစ်မှုကျူးလွန်သူတွေရဲ့ ထူးခြားချက်ပုံသဏ္ဌာန်ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

အဲ့ဒီကနေ သဲလွန်စတွေလိုက်ရင်း ပြစ်မှုကျူးလွန်သူတစ်ယောက်ကို ဖမ်းမိတယ်။ နောက်နာရီပိုင်းအတွင်းမှာပဲ နောက်တစ်ယောက်ကို ဖမ်းမိပါတယ်။ ဒီနေ့မှာဆိုရင်တော့ ပြစ်မှုကျူးလွန်သူအကုန်လုံးကို ဖမ်းမိပြီဖြစ်ပါတယ်။ သက်သေခံပစ္စည်းတွေကိုလည်း ရေကန်ထဲမှာ တပ်ဖွဲ့ဝင်တွေအားလုံးက အားစိုက်ပြီး ရှာခဲ့ကြပါတယ်။ ပြစ်မှုကျူးလွန်သူတွေ နေပြည်တော်ထဲက ထွက်မပြေးနိုင်အောင် အားလုံးပိတ်ဆို့ထားသလို အတွင်းပိုင်းမှာလည်း ကွက်ပြည့်နင်း ရှာဖွေခဲ့ပါတယ်။ ဒီဖြစ်စဉ်အပေါ်မှာ ပြောဆိုဝေဖန်နေတာတွေကို အခုလို အမှုမှန်ဖော်ထုတ်ပေးပြီး ချေဖျက်နိုင်လိုက်တဲ့အတွက် တပ်ဖွဲ့ဝင်အားလုံးအတွက် ဂုဏ်ယူပါတယ်။

အခုဖြစ်စဉ်က တိုက်ဆိုင်မှုကြောင့် ဖြစ်သွားတဲ့အနေအထားပါ။ အရက်အလွန်အကျွံ သောက်ထားတဲ့သူတွေက အချိန်မတော်ဘဲ မိန်းကလေးနဲ့ကောင်လေး နှစ်ယောက်တည်းရှိနေတဲ့အပေါ် အမြင်မှားပြီးဖြစ်သွားတာပါ။ ဒီမှာ အချိန်မရွေး ၂၄ နာရီ သွားလာနိုင်ပါတယ်။ ဒါပေမယ့် သွားလာမှုပုံစံနဲ့ ပြင်ပအခြေအနေကိုတော့ ကြည့်တတ်ဖို့ လိုပါတယ်။ အချိန်အခါမဟုတ်ဘဲ မလိုအပ်ဘဲ လမ်းဘေးမှာ ထိုင်နေရင်တော့ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်တတ်ပါတယ်။

ကောလာဟလ သတင်းတွေကြောင့် တရားလိုမိန်းကလေးက သူ့ကိုယ်သူတောင် တရားလိုလား၊ တရားခံလား မသိတော့တဲ့ အခြေအနေဖြစ်သွားတယ်။ ဒီဒေသကိုတောင် စွန့်ခွာတော့မယ့်အခြေအနေအထိဖြစ်သွားတယ်။ တရားလိုမိန်းကလေးနဲ့ မိသားစုက သူတို့ဘဝလုံခြုံဖို့အတွက် ကျွန်တော်တို့ရဲတပ်ဖွဲ့ကို အတော်ယုံကြည်အားကိုးလာတယ်။ သူတို့တစ်တွေ အခုလို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလို့ ကျေးဇူးတင်ပါတယ်။

**သာယာကုန်းရပ်ကွက် ရပ်မိရပ်ဖ ဦးမောင်ပု**



ကျွန်တော့်အသက်က ၆၂ နှစ်ထဲရောက်ပါပြီ။ ဒီရပ်ကွက်ရဲ့ သမိုင်းက ကောင်းပါတယ်။ ကျွန်တော် ငယ်ငယ်ကတည်းက ဒီအချိန်အထိ ဒီရပ်ကွက်မှာ ဒီလိုဖြစ်တယ်ဆိုတာ မကြားခဲ့ဖူးပါဘူး။ ဒီမှာက ဆိုးတဲ့ကလေးတွေ မရှိသလောက်ပါပဲ။ ဒီမှာက ရိုးရိုးသားသားနေထိုင် လုပ်ကိုင်စားသောက်ကြသူတွေပါ။ ကျွန်တော်တို့ ကြီးတဲ့သူတွေက ဒီရပ်ကွက်ကြီးမှာ မိသားစုစိတ်ဓာတ်နဲ့ ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင် စောင့်ရှောက်ပါတယ်။ ကလေးတွေက အပေါင်းအသင်းမှားလို့ဖြစ်သွားတာပါ။

ဒီကလေးတွေက ဒီရပ်ကွက်မှာ နေထိုင်ကြတဲ့ ဒေသခံတွေပါပဲ။ ရပ်ကွက်ထဲမှာ ဟော့ဟော့ရမ်းရမ်းတော့ မရှိပါဘူး။ ကလေးတွေရဲ့ အဖေတွေ၊ အမေတွေကလည်း ရိုးရိုးသားသား ရပ်ကွက်ထဲမှာ နေထိုင်ပြီး လုပ်ကိုင်စားသောက်ကြတဲ့သူတွေပဲ။ အခုလိုမဖြစ်စေချင်ဘူး။ ရပ်ကွက်ထဲက အသက်ကြီးသူတွေက မိသားစုစိတ်ဓာတ်နဲ့ ကလေးတွေကို အမြဲတမ်း ဆုံးမတယ်၊ ထိန်းသိမ်းစောင့်ရှောက်တယ်။ ထိန်းနေရင်းကနေ ဘယ်လိုကနေဘယ်လိုဖြစ်သွားတယ်ဆိုတာ မပြောတတ်တော့ဘူး။ အခုလိုဖြစ်သွားတော့ နှစ်ဖက်လုံး ဆုံးရှုံးမှုတွေဖြစ်သွားတယ်။ ဒါတွေကို ကလေးတွေ သင်ခန်းစာယူတတ်စေချင်တယ်။ ကျွန်တော်တို့ငယ်စဉ်က မျှစ်ထမ်းစားရတဲ့ဘဝတုန်းက ကိုယ့်အလုပ်ကိုယ်လုပ်နေရတော့ လည်ချိန်ပတ်ချိန်တောင်မရှိပါဘူး။ အလုပ်မရှိတော့ ကလေးတွေက ဆိုင်ကယ်နဲ့ ဟိုသွား၊ ဒီသွား လျှောက်လည်ကြ၊ ပတ်ကြရင်း အပေါင်းအသင်းတွေမှားပြီး အခုလိုဖြစ်ကုန်တာပါပဲ။

**ဒုရဲအုပ်ထိုက်လွင်ကျော် (ဒက္ခိဏသီရိမြို့နယ် နယ်ထိန်းခေါင်းဆောင်)**



ခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်ကွပ်ကဲပြီး အမြန်ဆုံးဖော်ထုတ်နိုင်ရေး ဆောင်ရွက်တဲ့အပေါ်မှာ လိုအပ်တဲ့ သတင်းတွေရဖို့ နေ့၊ ည နေရာစုံက ကယ်ရီဂိတ်တွေ၊ အလုပ်သမားနေရာတွေကို စုံစမ်းတယ်။ အခင်းဖြစ်တဲ့ည နံနက် ၄ နာရီကျော်လောက်မှာ ကောင်လေးတစ်ယောက် ပုဆိုးတိုတိုဝတ်ပြီး ဖိနပ်ကိုင်ထွက်ပြေးလာတာကို ရွှေကြာပင်မီးပွိုင့်နားမှာ တွေ့လိုက်တယ်ဆိုတဲ့ သတင်းရတယ်။ ထွက်ပြေးတဲ့ကောင်လေးရဲ့ ပုံသဏ္ဌာန်ကလည်း ထော့နဲ့ထော့နဲ့ဆိုတာကိုပါ သိလိုက်ရတယ်။ တရားလို ကောင်မလေးပြောတဲ့အထဲမှာလည်း ထော့နဲ့ထော့နဲ့ အသက် ၂၀ ဝန်းကျင်လောက်ရှိတဲ့ တစ်ယောက်ပါတယ်လို့ပြောတယ်။ အဲ့ဒီထော့နဲ့ထော့နဲ့ လမ်းလျှောက်တဲ့သူတွေကို လိုက်ရင်းနဲ့ ရွှေကြာပင်ရပ်ကွက်ထဲမှာ သုံးယောက်ရှိတယ်ဆိုတာ သွားတွေ့တယ်။ အဲဒီသုံးယောက်ထဲမှာမှ အသက် ၂၀ ဝန်းကျင်လောက်ရှိတဲ့သူက တစ်ယောက်ပဲရှိတယ်။ အဲ့ဒီသတင်းကို ခိုင်လုံအောင် တပ်ကြပ်ကြီး ဝင်းလှိုင်နဲ့၊ တပ်ကြပ်ကြီး ဝင်းမြိုင်တို့ အဖွဲ့နှစ်ဖွဲ့က ဆက်လက်စုံစမ်း အတည်ပြုကြတယ်။ ဒီကောင်လေးတွေက အပေါင်းအသင်း လေးယောက်ရှိတယ်။ အကုန်လုံးက လူငယ်လေးတွေ ဖြစ်တယ်ဆိုတာ ထပ်သိရတယ်။ ထော့ကျိုးကောင်လေးက အရက်ဆိုင်မှာ အရက်လာသောက်သွားတယ်ဆိုတဲ့ သတင်းရတယ်။ ဆံပင်ကို ဘေးကအပြောင်ထိုးထားတယ်ဆိုတာလည်း သိရတယ်။ တရားလိုကောင်မလေးပြောတဲ့ ပုံသဏ္ဌာန်နဲ့လည်းတူနေတယ်။ သတင်းတွေခိုင်လုံပြီဆိုမှ ပြစ်မှုကျူးလွန်ခဲ့တဲ့ ထော့ကျိုးကောင်လေးကို သွားရောက်တွေ့ဆုံမေးမြန်းတဲ့အခါမှာ မှုမမှန်တဲ့အချက်ကို တွေ့ရတာနဲ့ ထော့ကျိုး(ခ)အောင်တင်မျိုး(ခ)အောင်ပိုင်ကို စတင်ဖမ်းဆီးလိုက်တယ်။ ပြီးတော့ကွင်းဆက် ပြစ်မှုကျူးလွန်သူတွေဖြစ်တဲ့ ကျော်မောင်၊ ဇော်လေး၊ ကျားပေါက်ဆိုတာသိရတယ်။

ပြစ်မှုကျူးလွန်သူတွေ ဖမ်းဆီးတဲ့အခါမှာက အဓိကသတင်းရရှိမှုအပိုင်းပါပဲ။ ပြည်သူတွေ ပူးပေါင်းပါဝင်ပြီး တိကျတဲ့သတင်းတွေရရှိရင်တော့ အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးထိန်းချုပ်ဖို့ လွယ်ပါတယ်။ ဒီမှာရှိတဲ့ တပ်ဖွဲ့ဝင်အားလုံးက အချိန်မရွေး နေ့၊ ည အားထုတ်ဆောင်ရွက်ခဲ့သလို ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်တဲ့အတွက် အခုလို ဖော်ထုတ်နိုင်ခဲ့တာပါ။

# နေပြည်တော်၌ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှုကျူးလွန်သူ လေးဦးအနက် ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးကို လာရောက်အပ်နှံ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်၌ စက်တင်ဘာ ၂၉ ရက် ညသန်းခေါင်ကျော်အချိန်တွင် လူလေးဦးက ခင်ပွန်းဖြစ်သူကိုသတ်၍ ဇနီးသည်အား အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှု ကျူးလွန်ခဲ့သူ နှစ်ဦးကို အောက်တိုဘာ ၆ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ကျန်နှစ်ဦးကို အောက်တိုဘာ ၇ ရက် ညပိုင်းနှင့် ၈ ရက် နံနက်ပိုင်းတို့တွင် သက်ဆိုင်သူများက လာရောက်အပ်နှံခဲ့သည်။

ဖြစ်စဉ်တွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ပြစ်မှုကျူးလွန်သူ နှစ်ဦးအနက်မှ ကောင်လေး (ခ)မျိုးဇော်ဝင်း(ခ)ကိုမျိုး (၁၆နှစ်) အား အောက်တိုဘာ ၇ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ဇော်လေး(ခ)ဇော်မျိုးသူ(၂၀နှစ်)အား အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီတွင်လည်းကောင်း သက်ဆိုင်သူများက ဇမ္ဗူသီရိမြို့မရဲစခန်းနှင့် ဆက်သွယ်ပြီး အပ်နှံခဲ့ကြသည်။

အဆိုပါပြစ်မှု ဖြစ်ပွားရခြင်းတွင် ပြစ်မှုကျူးလွန်သူများသည် အရက်သေစာသောက်စားမူးယစ်ပြီးနောက် ပြစ်မှုကျူးလွန်ခံရသည့် ဇနီးမောင်နှံကို အချိန်မတော်တွေ့ခဲ့ရာမှ မှုခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ နေပြည်တော်၌ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှု ကျူးလွန်သူ လေးဦးစလုံးကို အမြန်ဆုံးဖမ်းဆီးရမိခဲ့ခြင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပြည်သူနှင့်ပူးပေါင်းပြီး ဖော်ထုတ်နိုင်ခဲ့မှုကြောင့် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



→ ထပ်မံဖမ်းဆီးရမိသည့် ကောင်လေး(ခ)မျိုးဇော်ဝင်း(ခ)ကိုမျိုး (ဝဲ)နှင့် ဇော်လေး(ခ)ဇော်မျိုးသူ(ယာပုံ)တို့အား တွေ့ရစဉ်။

## ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူများအားအရေးယူ

**ကသာ အောက်တိုဘာ ၈** စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ငှက်ပျောတုံးမြစ်စွပ်အင်း လက်ခွဲအင်း အင်းသားကြီးများဖြစ်ကြသော ဦးမြင့်စိုးနှင့် ဦးဖိုးထောင်တို့က အင်းနယ်နိမိတ်အတွင်း ဘက်ထရီရှော့ခ်တိုက်ကျဉ်စက်ဖြင့် ငါးဖမ်းဆီးမှုများရှိနေကြောင်း သတင်းပို့ခဲ့သဖြင့် ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းနှင့်အဖွဲ့က အောက်တိုဘာ ၆ ရက်တွင် အင်းအတွင်း ရှောင်တခင်လှည့်လည်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးနေစဉ် ကသာမြို့ ရပ်ကွက်(၈)နေ ငယ်ငယ်ထွန်း (၁၈ နှစ်)နှင့် မိုးထက်(ခ)ဇော်ထက်လင်း (၁၈ နှစ်)တို့ကို အင်းအတွင်းရှိ ငါးများကို ဘက်ထရီရှော့ခ်တိုက် ဖမ်းဆီးနေသည်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူနှစ်ဦးကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

❑ ကျော်ဖုံးမှ

ပွဲထွက်ခဲ့သည်။ ပွဲထွက်အခင်းအကျင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ထားသည်။

မြန်မာအသင်းမှာ ပထမပိုင်းတွင်ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၁၃ မိနစ်တွင် ဒေးဗစ်ဒန်း၏ အနီးကပ်ကန်ချက် ဘားထိထွက်ခဲ့ပြီး ၁၈ မိနစ်တွင် နန္ဒကျော်၏ကန်ချက်ကိုလည်း လက်ဘနွန်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်း ခြေအသာရနေသော်လည်း ၂၇ မိနစ်တွင် မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ထောင့်ကန်ဘောမှတစ်ဆင့် ဟာဆန်မာတွတ်က ခေါင်းတိုက်ကာ လက်ဘနွန်အတွက် ဂိုးသွင်းယူခဲ့သည်။ ၃၇ မိနစ်တွင် တိုက်စစ်မှူးကျော်ကိုကို ပယ်နယ်တီဧရိယာအစပ်မှ ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ သန်းပိုင်အစား အောင်သူ၊ သီဟဇော်အစား ဆောင်လမန်ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပွဲချိန်အများစု ဖိကစားနိုင်ခဲ့သည်။

လက်ဘနွန်အသင်းမှာ ဂိုးထပ်မံရရှိရေးထက် ဂိုးမပေးရရေး ခံစစ်ကိုသာ ဦးစားပေးကစားခဲ့သည်။ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်းတို့၏ အပေးကန်ချက်များ လွဲချော်ခဲ့သလို အောင်သူ၏ ကန်ချက်ကိုလည်း လက်ဘနွန်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ လက်ဘနွန်အတွက် ဒုတိယဂိုးကို ပွဲပြီးခါနီး၌ အက်ဝီက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာဒုတိယအဆင့်ခြေစစ်ပွဲတွင် လေးပွဲကစားအပြီး၌ တစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် တစ်မှတ်သာ ရရှိသေးသည်။ မြန်မာအသင်းမှာ ဒုတိယအကျော့ ပထမပွဲအဖြစ် အောက်တိုဘာ ၁၃ ရက်တွင်လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြား အာရှခြေစစ်ပွဲ ရလဒ်များအနေဖြင့် ဗီယက်နမ်နှင့် အီရတ် တစ်ဂိုးစီ သရေ၊ မြောက်ကိုရီးယားနှင့်ဖိလစ်ပိုင် ဂိုးမရှိသရေ၊ စင်ကာပူက အာဖဂန်နစ္စတန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဂျော်ဒန်က ဩစတြေးလျကို နှစ်ဂိုး-ဂိုးမရှိ၊ ဂျပန်က ဆီးရီးယားကို သုံးဂိုး-ဂိုးမရှိ၊ တာ့ခ်မင်နစ္စတန်က အိန္ဒိယကို နှစ်ဂိုး-တစ်ဂိုး၊ မော်ဒိုက်က ဘူတန်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး တာဂျီကစ္စတန်နှင့် ကာဂျက်စတန်တို့ နှစ်ဂိုးစီသရေဖြစ်ခဲ့ကြောင်း သိရသည်။

# ပျောက်ဆုံးကျောင်းသူများကို ရှာဖွေ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ အနောက်ရိုးကြီးရပ်ကွက်နေ နဝမတန်းကျောင်းသူများဖြစ်သည့် မယမုံကိုကို၊ မဖြိုးသက်ပိုင်၊ မသိင်္ဂီမျိုးနှင့် ဆဋ္ဌမတန်းကျောင်းသူ မရွှန်းလဲ့ငြိမ်းတို့လေးဦးသည် အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျူရှင်တက်ရန်နေအိမ်များမှ စက်ဘီးကိုယ်စီဖြင့် ထွက်ခွာသွားခဲ့ပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ယင်းနေ့ည ၈ နာရီခွဲက ၎င်းတို့၏ မိဘအုပ်ထိန်းသူများက သုံးဆယ်နယ်မြေရဲစခန်းသို့ လာရောက်အကြောင်းကြားခဲ့သည်။ သုံးဆယ်နယ်မြေရဲစခန်းက လိုက်လံစုံစမ်းရှာဖွေခြင်း၊ ဆက်စပ်နယ်မြေရဲစခန်းများသို့ လူပျောက်ကြော်ငြာများပေးပို့၍ အကူအညီတောင်းခံ ခြင်းများဆောင်ရွက်ခဲ့သည်။ ထိုသို့စုံစမ်းရှာဖွေနေစဉ် အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စလူပိုင်းကျေးရွာအနီးရှိ ဝင်းစတားကုမ္ပဏီပိုင် ရော်ဘာစိုက်ခင်းခြံစောင့်ဖြစ်သူ ဦးဇော်ဝင်းက အဆိုပါကျောင်းသူလေးဦးကို ၎င်းထံ၌ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သုံးဆယ်မြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားလာခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါကျောင်းသူလေးဦးသည် သုံးဆယ်မြို့ ဈေးသုံးဆယ်ရပ်ကွက်ရှိ ကျူရှင်ဆရာဦးမြင့်စန်း၏နေအိမ်သို့ရောက်ရှိစဉ် ကျူရှင်ပိတ်ကြောင်းသိရှိရသဖြင့် မြို့အတွင်း စက်ဘီးလှည့်လည်စီးနင်းနေခဲ့ပြီး ညနေ ၃ နာရီခန့်တွင် သုံးဆယ်မြို့ ဘုရားကြီးလမ်းရပ်ကွက်ရှိ ရွှေဟသာ်ဘေးမဲ့ငါးကန်မှ စတင်ထွက်ခွာလာခဲ့ကာ တိုက်ကြီးမြို့နယ် စလူပိုင်းကျေးရွာ ရွှေဂူဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြရွှေဂူဘုရား၌ ညနေ ၅ နာရီခွဲတွင် ဘုရားဖူးပြီးနောက် အိမ်ပြန်ချိန်နောက်ကျ၍ ကျောင်းထိုင်ဆရာတော်ထံ ညအိပ်တည်းခိုခွင့်ပြုရန် လျှောက်ထားခဲ့ရာ ဆရာတော်က ဘုန်းတော်ကြီးကျောင်းအနီးရှိ ဝင်းစတားကုမ္ပဏီပိုင် ရော်ဘာစိုက်ခင်းခြံစောင့်ဖြစ်သူ ဦးဇော်ဝင်းတို့ဇနီးမောင်နှံထံအပ်နှံ၍ ထိန်းသိမ်းစောင့်ရှောက်ထားစေခဲ့ကြောင်းသိရှိရပြီး ပြန်လည်ခေါ်ယူခဲ့သည်။ ထို့နောက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ သက်သေများရှေ့၌ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆီဘောက်ဆာယာဉ်နှင့် ၂၂ ဘီးကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ

**ရေတာရှည် အောက်တိုဘာ ၈**

အောက်တိုဘာ ၈ ရက် နံနက် ၄ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက်အထွက် အောင်သစ္စာဘုန်းကြီးကျောင်းအနီး ရန်ကုန်-မန္တလေး ကားလမ်း၌ ဆီဘောက်ဆာယာဉ်နှင့် ၂၂ ဘီး ကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မြောက်ဘက်၌ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် (၁၉၂/ ၁ နှင့် ၂) အကြားကားလမ်းအနောက်ဘက်ခြမ်းတွင် မြောက်မှတောင်သို့ မင်းထွန်း(၃၆နှစ်) ပြင်စီကျေးရွာ နွားထိုးကြီးမြို့နေသူ မောင်းနှင်ပြီး ဖြိုးထက်ဝေ(၁၆ နှစ်) ပြင်စီကျေးရွာနေသူတို့လိုက်ပါလာသည့် 8I/ ------ ၁၂ ဘီးဆီသယ်ဘောက်ဆာယာဉ်နှင့် တောင်မှမြောက်သို့ ယာဉ်မောင်း (တိမ်းရှောင်)မောင်းနှင်လာသော 4G/ --- ၂၂ဘီး ကုန်တင်ယာဉ်တို့ ကားလမ်းအနောက်ဘက်ခြမ်း၌ မျက်နှာချင်းဆိုင်တိုက်မိကာ လမ်းအနောက်ဘက်ခြမ်းရှိ အလှူခံမဏ္ဍပ်မှာ ပျက်စီးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နောက်လိုက် ဖြိုးထက်ဝေတွင် (မစိုးရိမ်ရ) ဒဏ်ရာအနည်းငယ် ရရှိသွားခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**




## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန
## (ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်) အကြွေးပေးသွင်းရန်ပျက်ကွက်သည့်လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့်လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေးအမှုဖွင့် ဆောင်ရွက်လျက်ရှိရာ ဦးမြင့်ကျော်၊ ဦးစောသိန်း၊ ဦးစန်းဝင်း၊ ဦးမင်းဇော်ဦး၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း (ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း (ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်စိုး၊ ဦးစိုးတင့်၊ ဦးတင်ကို၊ ဦးရဲကိုကိုအောင်၊ ဦးလှအောင်၊ ဦးမင်းဆွေ၊ ဒေါ်လေးလေးခိုင်(အာရှသား)၊ ဦးထွန်းထွန်းလင်း၊ ဦးသိန်းဝင်း၊ ဦးစိန်သောင်းဦး၊ ဦးလှဝင်း(တွံတေး)၊ ဦးသိန်းငွေ၊ ဦးစန်းလှ၊ ဦးကျော်စွာဝင်းတို့ လုပ်ငန်းရှင် ၂၆ဦးမှာ အကြွေးအပြေအကျေပေးဆပ်ပြီးဖြစ်ပါသည်။

၂။ အောက်ပါလုပ်ငန်းရှင် ၂၉ဦးသည် ၈-၁၀-၂၀၁၅ရက်အထိ ဖော်ပြပါအတိုင်းအကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁။ | ဦးနိုင်နိုင် | ဦးစိုးဝင်း | ၁၂/တတန(နိုင်)၁၃၄၄၁၇ | ကျွန်းတော ၃လမ်း၊ တွံတေး | လုပ်ငန်းရှင် | ၄၄.၅၅၀ |
| ၂။ | ဦးစိုးသန်း | ဦးသန်းစိန် | ၁၂/တတန(နိုင်)၀၅၆၂၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၃၄.၆၁၅ |
| ၃။ | ဦးကြည်ဌေး | ဦးဘီဘူဂါဒင် | ၁၂/တတန(နိုင်)၀၅၆၁၅၆ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆.၆၃၅ |
| ၄။ | ဦးတင်စိုး | ဦးအောင်စိန် | ၁၂/ထတပ(နိုင်)၀၄၃၈၀၈ | ပန်းတိုင်ကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၃၉၁.၃၉၆ |
| ၅။ | ဦးတင်မောင်စိုး | ဦးတင်အေး | ၁၄/ဝတန(နိုင်)၁၀၇၉၄၉ | သရက်ငူကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၆၆.၃၉၂ |
| ၆။ | ဒေါ်သဇင်အေး | ဦးတင်ဝင်း | ၇/နတလ(နိုင်)၀၀၀၁၅၅ | ပီ-၁၇၊ ၄၀၊ ၅လမ်း၊ လှိုင် | လုပ်ငန်းရှင် | ၃၅၇.၈၅၄ |
| ၇။ | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | ၁၂/ဗဟန(နိုင်)၁၀၀၅၈၄ | ၂၄၁၊ ၃၉လမ်း၊ ကျောက်တံတား | PPA Co.,Ltd | ၄၂.၅၉၀ |
| ၈။ | ဦးမြင့်စိုး | ဦးစံညိမ်း | ၁၂/ထတပ(နိုင်)၀၁၆၆၄၈ | တိုက် ၉၊ အခန်း ၀၀၄၊ အောင်ဇေယျ | ဇာတိမာန် | ၅၇.၄၈၂ |
| ၉။ | ဦးရဲထွန်းနိုင် | ဦးသန်းမောင် | ၅/စကန(နိုင်)၁၄၆၇၆၃ | အမှတ် ၆၊ ၃ရပ်ကွက်၊ တောင်ဥက္ကလာပ | ရွှေလမင်းဆန်ထွက်ပစ္စည်း | ၃၃၂.၉၈၆ |
| ၁၀။ | ဦးကျော်စိန် | ဦးသန်းတင် | ၁၄/ပတန(နိုင်)၀၁၅၉၇၁ | ဂရက်တာကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၅၃.၁၇၁ |
| ၁၁။ | ဦးကျော်ဝင်း | ဦးစံထွန်း | KYN ၁၀၈၀၈၂ | စက်စုပိုင်း၊ ၉ ရပ်ကွက်၊ ခရမ်း | လုပ်ငန်းရှင် | ၁၂၀.၀၇၄ |
| ၁၂။ | ဦးနေမင်းထက် | ဦးဝင်းမောင် | ၁၂/အစန(နိုင်)၀၄၈၆၁၈ | ခြံ ၁၃၊ ၁၀ရပ်ကွက်၊ ဒဂုံအရှေ့ | လုပ်ငန်းရှင် | ၉၉.၆၀၀ |
| ၁၃။ | ဦးစံငြိမ်း | ဦးမြိုင် | ၁၂/တတန(နိုင်)၀၁၁၄၇၂ | ၁၃၂၊ မြင်သာရပ်ကွက်၊ တွံတေး | လုပ်ငန်းရှင် | ၂၀.၅၂၆ |
| ၁၄။ | ဦးမြင့်ဇော်အေး | ဦးချစ်အေး | ၁၂/တတန(နိုင်)၀၀၆၁၉၃ | ၆၊ ဘုရားလမ်း၊ကျွန်းတောရပ်၊ တွံတေး | လုပ်ငန်းရှင် | ၂၅.၇၇၅ |
| ၁၅။ | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | ၆/မမန(နိုင်)၁၁၇၂၅၈ | ၁၃၁၊ အေးချမ်းသာယာရပ်၊ မြိတ် | ကြက်စာရောင်းဝယ်ရေး | ၅၆.၃၆၂ |
| ၁၆။ | ဒေါ်သီတာအေး | ဦးဇော်ဝင်း | ၁၂/လမန(နိုင်)၅၀၁၇၉၁ | ၄၄-ခ၊ အုန်းတောဘုရားလမ်း၊ ကမာရွတ် | PPA Co.,Ltd. | ၁၇.၂၆၅ |
| ၁၇။ | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | ၁၂/လသန(နိုင်)၀၀၉၃၇၄ | ၉၂၊ ဗိုလ်ရွှေလမ်း၊ လသာ | လုပ်ငန်းရှင် | ၁၃.၉၉၃ |
| ၁၈။ | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | ၁၂/တတန(နိုင်)၁၁၈၄၅၂ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၁.၉၄၃ |
| ၁၉။ | ဦးဝင်းလှိုင် | ဦးလှကြည် | ၁၂/တတန(နိုင်)၀၇၄၈၉၃ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၅၂.၀၀၆ |
| ၂၀။ | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟံ | ၁၂/တတန(နိုင်)၀၁၀၆၇၈ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၇၃.၉၈၁ |
| ၂၁။ | ဦးမင်းသိမ်း | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃-ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၆၆၈၀.၈၇၇ |
| ၂၂။ | ဦးမင်းသိမ်း(သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃-ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၄၄၀၉.၆၉၅ |
| ၂၃။ | ဦးသုတရွှေ၊ ဦးလှမြင့်အောင် | ဦးရွှေဝိုင်း | ၁၃/မပတ(နိုင်)၀၀၃၂၆၄ | အစာစပ်စက်ရုံ၊ ညောင်တုန်း | ဖြိုးဇရာကုမ္ပဏီ | ၅၁၁၆.၆၇၇ |
| ၂၄။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | ၁၄/ဒဒရ(နိုင်)၀၀၀၀၁၁ | ၄၀၂၊ ၉လမ်း၊ သမိုင်း (၁)ရပ်ကွက်၊ မရမ်းကုန်း | ရွှေဘုံစံ ပွဲရုံ | ၂၀၅၇.၅၆၆ |
| ၂၅။ | ဦးကြည်ဝင်း | ဦးပု | ၁၂/တကန(နိုင်)၁၁၅၀၃၂ | ၃၈၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆၉.၃၂၉ |
| ၂၆။ | ဦးဟိန်းဇော်စစ် | ဦးစစ်လှိုင် | ၁၄/ဟသတ(နိုင်)၀၀၀၁၄၇ | ၂၀၅၊ တိုက် ၇၊ ၄ ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်း | လုပ်ငန်းရှင် | ၁၄၁၀.၇၄၅ |
| ၂၇။ | ဦးမျိုးအောင် | ဦးမောင်ဟန် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | ၄၁၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီး | လုပ်ငန်းရှင် | ၁၂၇၉.၇၁၉ |
| ၂၈။ | ဦးမိုး | ဦးဘမောင် | ၅/စကန(နိုင်)၁၂၀၈၈၀ | စက်မှုဇုန် ၂၊ ပြည်ကြီးတံခွန်၊ | မန္တလေး စိန်စိန်တိုးဆီစက် | ၆၀၁.၂၄၆ |
| ၂၉။ | ဦးမျိုးမင်းသိမ်း | ဦးဘွန်သိန်း | ၁၂/မရက(နိုင်)၀၀၄၇၄၃ | ၂၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း | မြပန်းခေတ်ကုမ္ပဏီ | ၄၈၃.၈၄၄ |

၃။ အကြွေးပေးသွင်းရန် ကျန်ရှိသူများသည် နိုင်ငံ/ပြည်သူ့ဘဏ္ဍာကို ကိုယ်ကျိုးအဖြစ် အလွဲသုံးစားပြုလုပ်၍ အသုံးပြုခြင်းဖြစ်သဖြင့် တရားဥပဒေနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ (အပက-၃)အရ မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှု ကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်ဖြစ်ပါသည်။

(ခ) ၁၉၅၁ ခုနှစ် ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# ကြိုးဝိုင်းအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများ ဖယ်ရှားပေးရန် အသိပေး



**ကျောက်တံခါး အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းမှ (ဘိုင်းဒါး၊ ရဲနွယ်) ကြိုးဝိုင်းများအတွင်းနှင့် (ကွန်းချောင်း၊ ရဲနွယ်၊ ဘိုင်းဒါး)ရေလှောင်တမံများ၏ ရေဝေရေလဲဧရိယာများအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများအနေဖြင့် အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထား၍ ဖယ်ရှားထွက်ခွာပေးရမည်ဖြစ်ကြောင်း သိရသည်။

(ဘိုင်းဒါး၊ ရဲနွယ်)ကြိုးဝိုင်းများ (ကွန်းချောင်း၊ ရဲနွယ်၊ ဘိုင်းဒါး)ရေလှောင်တမံများ၏ ရေဝေရေလဲဧရိယာအတွင်း သစ်နှင့်သစ်တောထွက်ပစ္စည်း တရားမဝင်ထုတ်လုပ်ရောင်းချသူများ၊ ကျူးကျော်ဝင်ရောက် နေထိုင်သူများအနေဖြင့် အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထား၍ ဖယ်ရှားထွက်ခွာပေးရန် နှစ်ကြိမ်အသိပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၇ ရက်တွင် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောဂျင်မီနီနှင့် သစ်တောဝန်ထမ်းများက ပဲခူးရိုးမ စိမ်းလန်းစိုပြေရေးနှင့် သစ်တောများမပြုန်းတီးစေရေးအတွက် ကြိုးဝိုင်းများအတွင် ဝင်ရောက်ကျူးကျော်နေထိုင်သူများအနေဖြင့် ဖယ်ရှားထွက်ခွာပေးရန် တတိယအကြိမ် လိုက်လံအသိပေးပြောကြားခဲ့သည်။

ပဲခူးရိုးမအတွင်း ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနလက်အောက်ရှိ (ဘိုင်းဒါး၊ ရဲနွယ်)ကြိုးဝိုင်းများ၊ (ကွန်းချောင်း၊ ရဲနွယ်၊ ဘိုင်းဒါး)ရေလှောင်တမံများ၏ ရေဝေရေလဲဧရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများကို ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရုံးအမိန့်အမှတ် (၁/၂၀၁၅)ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ကြေညာထားပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ကျေးရွာမြေသားလမ်းကို ကျောက်ချောလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**ဖြူး အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီမြို့နှင့် ကြက်ပေါင်ချောင်းကျေးရွာကြား အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေရှိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်လျက်ရှိကြောင်း သိရသည်။

ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများရန်ပုံငွေကျပ် ၂၄၀ ဒသမ ၉၅ သန်းဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ခြင်းဖြစ်ပြီး EDU ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နေမှုများကို တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့်အဖွဲ့က အောက်တိုဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



## သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

**သထုံ အောက်တိုဘာ ၈**

မွန်ပြည်နယ် သထုံခရိုင်အတွင်း ကောက်ယူခဲ့သော သန်းခေါင်စာရင်းအချက်အလက်များကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုမည့် ဌာနဆိုင်ရာများ၊ GO အဖွဲ့များသို့ ဖြန့်ဝေပေးခြင်းနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို သထုံမြို့ သုဝဏ္ဏခန်းမ၌ အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UNFPAတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သန်းခေါင်စာရင်းအချက်အလက်များ၊ သတင်းအချက်အလက်များကို နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဆင့်ရှိ အချက်အလက်အသုံးပြုသူများ လွယ်ကူစွာရယူနိုင်စေရန်၊ နိုင်ငံတော်အတွက် ဆောင်ရွက်နေသောစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မူဝါဒများစိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စီမံခြင်းတို့ကို ဆောင်ရွက်ရာ၌ သန်းခေါင်စာရင်းအချက်အလက်များ အသုံးပြုခြင်းဖြင့် စီမံကိန်းများ ပိုမိုတိုးတက်လာစေရန်၊ အချက်အလက်အသုံးပြုသူများ၊ မီဒီယာများနှင့် ပြည်သူများအကြား သန်းခေါင်စာရင်းဆိုင်ရာသတင်းအချက်အလက်များကို အကျိုးရှိစွာနှင့် အဓိပ္ပာယ်ပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ရင်၊ မော်လမြိုင်ခရိုင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝေနှင့် တာဝန်ရှိသူများက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းခဲ့ကြပြီး သထုံခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သက်ဦး (သထုံ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ကနီ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာပြီး ဝင်ငွေတိုးတက်စေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို အမှတ်(၃)ရပ်ကွက် သမဝါယမဆိုင်တန်း သင်တန်းခန်းမရှေ့၌ အောက်တိုဘာ ၆ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆိုင်က စက်ချုပ်သင်တန်းဆင်းသည့် သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသောပညာများကို လက်တွေ့အသုံးပြု၍ မိမိတို့မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ တိုးတက်ရရှိနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာမဒေါ်ခင်မာထွေးအား ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းစရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သန်းငွေအောင်(ကနီ)**

## မော်တော်ယာဉ်ဥပဒေဆိုင်ရာများ ပညာပေးဟောပြော

**တမူး အောက်တိုဘာ ၈**

စက်တင်ဘာ ၇ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် မော်တော်ယာဉ်ဥပဒေနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဟောပြောပွဲကို တမူးခရိုင် တမူးမြို့ စော်ဘွားရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တမူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးသန်းက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဆိုင်ရာသိကောင်းစရာများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ သိရှိရမည့် ဥပဒေပါအချက်များ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း လုပ်ကိုင်သူများနှင့် ပတ်သက်သည့် ဥပဒေပါတားမြစ်ချက်နှင့် ပြစ်ဒဏ်များအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲတက်ရောက်သည့် မော်တော်ယာဉ်မောင်းသူများနှင့် ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နွားထိုးကြီးမြို့နယ်မှ ကန်နားကန်ကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်

**နွားထိုးကြီး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ရှိ ကန်နားကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရိုင်ဆည်မြောင်းဦးစီးဌာနက ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကန်နားကန်သည် နွားထိုးကြီးမြို့နယ်အတွင်း ရေလဲချောင်းနှင့် နဘဲချောင်းများမှ စီးဝင်လာသောရေများကို သိုလှောင်ထားသည့် မြေသားကန်အမျိုးအစားဖြစ်ပြီး အလျား ၆၈၀၀ ပေ ၊ အမြင့် ၄၂ ပေ ရှိသည်။ ရေလှောင်ပမာဏမှာ ၄၆၅၈ ဧကပေရှိပြီး စိုက်ပျိုးရေးအတွက် အကျိုးပြုဧကမှာ ၂၇၂၀ ဧကခန့်ဖြစ်သည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် ကန်နားကန်တွင် ရေနည်းပါးနေသော်လည်း ကန်နားကန်သည် မိုးရွာသွန်းပါက တစ်ညနှစ်ညနှင့် ရေပြည့်လေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ကန်နားကန်၏ အလျား ၆၈၀၀ ပေရှိသောတမံကို ရေကာနံရံ ကျောက်ရိုးစီ (Parapet)တည်ဆောက်ခြင်း၊ တမံထိပ်ရေဆင်းမြောင်း(Crest Drain) တည်ဆောက်ခြင်း၊ တမံထိပ်အကာအရန်တိုင်(uard Post)များ တည်ဆောက်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

ကန်နားကန်ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်နေမှုများကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျုံးလျှန်းဗွိုင်းနှင့် ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်တို့ အောက်တိုဘာ ၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**ဇော်မင်းနိုင်(မြင်းခြံ)**

# အသည်းခြောက်ရောဂါအကြောင်း

ပါမောက္ခခင်မောင်ဝင်း
(အသည်း)

အသည်းခြောက်ရောဂါအကြောင်း ပြောရမယ်ဆိုရင် ပထမဆုံးပြောချင်တာက အသည်းခြောက်တယ်၊ အသည်း ကျုံ့တယ်၊ အသည်းကြွပ်တယ်၊ အသည်း ရောင်တယ်၊ အသည်းကြီးတယ်၊ အသည်းနဲ့ ပတ်သက်လို့ မျိုးစုံပြောကြတယ်။ အဲဒီထဲက လူတွေအကြောက်ဆုံး ကတော့ အသည်းခြောက်ရောဂါပဲ။ ဆေးပညာအသုံး အနှုန်းနဲ့ပြောရင် Cirrhosis လို့ခေါ်ပါတယ်။ အဓိပ္ပာယ် က လက်တင်ဘာသာရပ်က ဆင်းသက်လာတာပါ။ ကီးရို့ဝါသည်ဟု ဆိုလိုပါသည်။ ဘယ်လိုဆင်းသက်လာ သလဲဆိုတော့ ဟစ်ပိုကရေးတီးလက်ထက်မှာ လူတွေ ဟာ ဗိုက်ကြီးဖောင်းပြီး သေပါတယ်။ အဲဒီမှာ ဗိုက်ကို ခွဲကြည့်လိုက်တော့ အသည်းဟာ ဝါထိန်နေပြီး ကျုံ့နေ တာကို တွေ့ရတော့ အသည်းဝါတာပဲ Cirrhosis ဆိုပြီး ခေါ်လိုက်တာပါ။



အသည်းခြောက်ရောဂါ

**အသည်းဘာလို့ခြောက်**

သာမန်လူတစ်ယောက်ရဲ့အသည်းဟာ ဝက်အသည်း၊ အမဲအသည်းတွေလို ပြောင်ပြီး ချောမွေ့နေပါတယ်။ အသည်းမာတယ်၊ အသည်းခြောက်တယ်ဆိုတဲ့လူရဲ့ အသည်းမှာတော့ အသည်းဟာ ပြုပ်ကလေးတွေ၊ အဖု ကလေးတွေ ထလာတယ်။ အဲသလိုဖြစ်နေတာ ဘာကြောင့်လဲဆိုတော့ အသည်းတစ်ပြင်လုံး အသည်း တစ်ခုလုံးမှာ အမာရွတ်တွေ အများကြီးထင်တဲ့ သဘော ပဲ။ အသည်းမှာရှိတဲ့ ကလာပ်စည်းဆဲလ်ကလေးတွေ ဒဏ်ရာတစ်ခုခုရတိုင်းရတိုင်း အသည်းဆဲလ်တွေဟာ အသစ်အစားထိုးပြီး ဖြည့်ဆည်းပေးတယ်။ အဲဒီလို ဖြည့်ဆည်းပေးတဲ့အခါမှာ ဒဏ်ရာရလိုက် အသစ်ပြန်ဖြစ် လိုက် ဖြစ်ပါများတော့ အမာရွတ်တွေ ထင်လာတယ်။ အသည်းတစ်ပြင်လုံးကို ထိတဲ့ဒဏ်ရာတွေများတော့ အမာရွတ်တွေ များလာတယ်။ အဲဒီအမာရွတ်တွေ အများကြီးရှိလာတာကို ဆေးပညာအသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် Fibrosis လို့ခေါ်တယ်။ အမာရွတ် တွေများပြီး ပြုပ်လုံးလေးတွေထလာတဲ့အခါ အသည်းရဲ့ မူလတည်ဆောက်မှုပုံသဏ္ဌာန် (Architecture)တွေ ချို့ယွင်းကုန်တယ်။ သွေးကြောလေးတွေ သည်းခြေ ပြွန်လမ်းကြောင်းလေးတွေဟာ သူတို့သွားရမယ့်အတိုင်း မသွားတော့ဘူး။ ကွေ့ကောက်ကုန်တယ်။ အဲဒါကို အသည်းခြောက်တယ်လို့ ခေါ်တာပဲ။

**ဘာတွေက အသည်းခြောက်စေတာလဲ**

**(က) ဘီပိုးနဲ့ စီပိုး**

အသည်းခြောက်ရောဂါဖြစ်ရာမှာ အဓိကအဆိုး ဆုံးဖြစ်စေတတ်တာကတော့ အသည်းရောင်အသားဝါ ရောဂါပိုးတွေပဲ။ ဘီပိုးနဲ့ စီပိုးဟာ အဓိကအားဖြင့် အသည်းခြောက်တာကို ဖြစ်စေတတ်တယ်။

**(ခ) အရက်**

နောက်ဖြစ်စေတတ်တဲ့ အရာကတော့ အရက်ပဲ။ အရက်ဆိုတာမှာ ဘီယာရော၊ ဝီစကီရော၊ ထန်းရည်ရော၊ ဝိုင်ရော အကုန်ပါတယ်။ ဘယ်အရက်မဆို အသည်းကို ထိခိုက်ပါတယ်။ တစ်နေ့ကို ဘီယာဆိုရင် တစ်ပုလင်းခွဲ ကျော် အခြားအရက်တွေဆိုရင် သုံးပက်ထက်ကျော်ပြီး တော့ ၁၀ နှစ်ထက်ပိုပြီးသောက်မယ်ဆိုရင် အသည်း ကိုထိခိုက်နိုင်တယ်။ အထူးသဖြင့် အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုးရှိတဲ့သူတွေမှာ နဂိုကလည်း အခံ ရောဂါရှိပြီးသားဆိုတော့ အရက်ကလေးပေါင်းလိုက်ရင် ဖြစ်ဖို့လွယ်တာပေ့ါ။

**(ဂ) အသည်းအဆီဖုံးရောဂါ**

အရင်တုန်းက ဘာမှအရေးမကြီးဘူးလို့ယူဆခဲ့တဲ့ အသည်းအဆီဖုံးရောဂါဟာ အခုခေတ်မှာတော့ အသည်းခြောက်၊ အသည်းကင်ဆာ ဖြစ်နိုင်တယ်ဆို တာကို တွေ့လာရပါတယ်။ မြန်မာနိုင်ငံမှာလည်း အသည်းအဆီဖုံးရောဂါဟာ မရှားတော့ပါဘူး။

**(ဃ) သည်းခြေလမ်းကြောင်းပိတ်တာ**

အသည်းခြောက်ရောဂါဖြစ်စေတတ်တဲ့ တတိယ အချက်ကတော့ သည်းခြေပြွန်လမ်းကြောင်းမှာ ကျောက် တွေရှိတာပါ။ အဲဒီလို ကျောက်ရှိတာကြာလို့ရှိရင် သည်းခြေရည်က အောက်ကို ကောင်းကောင်းမစီးနိုင်ဘဲနဲ့ သည်းခြေပြွန်ကျောက်က ပိတ်လိုက်၊ ရောင်လိုက်၊ ပိုးဝင် လိုက်နဲ့ သည်းခြေရည်က မဆင်းနိုင်ဖြစ်ပြီး အသည်းဟာ ဒဏ်ရာရပြီး ခြောက်သွားပါတယ်။

**(င) အာဆင်းနစ်(Arsenic)လို့ခေါ်တဲ့ စိန်**

ကျွန်တော်တို့ဆီမှာ ပြည်တွင်းမှာဖော်စပ်ထားတဲ့ တချို့ဆေးတွေမှာ Arsenic ဆိုတာပါတယ်။ အာဆင်း နစ်ဆိုတာ မြန်မာလိုတော့ စိန်ပေ့ါ။ အဲဒီစိန်ဟာ မြန်မာနိုင်ငံက ခရုသင်းပျောက်ဆေးတွေထဲမှာ ပါတယ်။ အဲဒီ ခရုသင်းပျောက်ဆေးတွေကို သောက်ဆေးအနေနဲ့ လည်း ပေးကြတယ်၊ အရေပြားလေးကိုခြစ်ပြီး ဆေး လည်း လိမ်းသေးတယ်။ အဲဒီလို စိန်ပါတဲ့ဆေးကို သုံးထားရင် အဲဒီစိန်ဟာ ကိုယ်ထဲကပြန်မထွက်တော့ဘူး။ အဲဒီလို ပြန်မထွက်တော့ရင် အဲဒီအာဆင်းနစ်က အသည်းကို ခြောက်စေတယ်။ အသည်းကင်ဆာကို ဖြစ်စေတယ်။ နောက်ဗိုက်ထဲမှာ ရေဖျဉ်းစွဲစေတယ်။ ခရုသင်းရှိတဲ့ လူနာလာရင် မေးလိုက်၊ ခရုသင်းအတွက် ဆေးသုံးဖူးသလား။ သုံးဖူးတယ်။ အဲဒါဆို သေချာပြီ။ ကျွန်တော်တို့လက်သည်း၊ ခြေသည်းနဲ့ ဆံပင်စကိုဖြတ်ပြီး ဓာတုဗေဒဝန်ရုံးကိုပို့ရင် အာဆင်းနစ်တွေပါရှိသည်ဟု ပြန်လာတာပဲ။ ဒါကြောင့် အာဆင်းနစ်ဟာ အရေးကြီး ပါတယ်။ ခရုသင်းဟာ လူရဲ့ကျန်းမာရေးကို ထိခိုက် စေတဲ့ အခြေအနေမဟုတ်ပါဘူး။ ဘာမှ ကုစရာမလိုပါ ဘူး။ ခရုသင်းကိုကုတဲ့ ဆေးတွေထဲမှာ အာဆင်းနစ်ပါလို့ အသည်းခြောက်၊ အသည်းကင်ဆာ ဖြစ်နိုင်တယ်ဆိုတာ ပြောလိုက်ပါရစေ။

**(စ) မွေးရာပါသံဓာတ်များ ဟေမိုခရိုမက်တိုးစစ်ရောဂါ**

စိတ်ဝင်စားစရာ အသည်းခြောက်ရောဂါ နောက် တစ်ခုကတော့ လူရဲ့ခန္ဓာကိုယ်ထဲမှာ သံဓာတ်များနေတဲ့ ရောဂါပါ။ Heamochromatosis လို့ခေါ်ပါတယ်။ မွေးရာပါသံဓာတ်ကိုက များနေပြီး လူကိုကြည့်လိုက်ရင် အသားအရေဟာခြောက်ပြီး တအားမည်းနေမယ်။ အဲဒီလိုတွေ့ရင် သွေးထဲမှာ သံဓာတ်များနေသလား ဆိုတာ စစ်ပေးရမယ်။ ဒါဟာ ကုလို့ရတဲ့ရောဂါပါ။ ဒီလူနာရဲ့သွေးကို တစ်ပတ်ကို တစ်လုံးတစ်လုံးထုတ် ပေးလိုက်ရင် ပျောက်ပါတယ်။ အဲဒီရောဂါကို စောစော စီးစီးမသိဘဲနဲ့ နောက်ကျမှသိလို့ အသည်းအားလုံး ခြောက်သွားပြီဆိုရင်တော့ ရောဂါအခြေအနေ မကောင်းတော့ဘူး။ ဒါဟာ အနောက်နိုင်ငံတွေမှာ ပိုပြီး ပေါတယ်။ မြန်မာနိုင်ငံမှာလည်း ရှိပါတယ်။ ရှိတယ် ဆိုတာ သိထားဖို့ပဲ။

> **အရက်ဆိုတာမှာ ဘီယာရော၊ ဝီစကီရော၊ ထန်းရည်ရော၊ ဝိုင်ရော အကုန်ပါတယ်။ ဘယ်အရက်မဆို အသည်းကို ထိခိုက်ပါတယ်။ တစ်နေ့ကို ဘီယာဆိုရင် တစ်ပုလင်းခွဲကျော် အခြားအရက်တွေဆိုရင် သုံးပက်ထက်ကျော်ပြီးတော့ ၁၀ နှစ်ထက် ပိုပြီးသောက်မယ်ဆိုရင် အသည်းကိုထိခိုက်နိုင်တယ်။ အထူးသဖြင့် အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုးရှိတဲ့သူတွေမှာ နဂိုကလည်း အခံရောဂါရှိပြီးသားဆိုတော့ အရက်ကလေး ပေါင်းလိုက်ရင် ဖြစ်ဖို့လွယ်တာပေ့ါ . . .**

**ရောဂါလက္ခဏာတွေ**

တချို့က အသည်းခြောက်တာကို လက္ခဏာမပြဘဲ လည်း နေနိုင်ပါတယ်။ ဘယ်လိုတွေ့တတ်သလဲဆိုရင် အစာအိမ်သွေးကြောပေါက်လို့ဆိုပြီး သွေးအန်တယ်။ အစာအိမ်ထင်ပြီး ဗိုက်ကိုဖွင့်လိုက်တဲ့အခါ အထဲမှာ အသည်းကခြောက်နေတာ တွေ့ရတယ်။ တချို့က သည်းခြေအိတ်ထဲမှာ ကျောက်တည်လို့ဆိုပြီး ဖွင့်လိုက် တယ်။ အထဲမှာ အသည်းခြောက်နေတာ တွေ့ရတယ်။ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် ဗိုက်ကိုခွဲလိုက် တဲ့အခါ အသည်းခြောက်တာတွေ့ရတယ်။

တချို့ကျပြန်တော့ အသည်းခြောက်နေပြီဆိုတာကို ကိုယ်ခန္ဓာမှာဖော်ပြတဲ့ ရောဂါလက္ခဏာအချက် အလက်တွေရှိတယ်။

အပေါ်များဆုံးတွေ့ရတာနဲ့ အလွယ်ကူဆုံးတွေ့ရှိ ရတာက ကိုယ်ခန္ဓာ၊ ကျော၊ ရင်ဘတ် (ပြီးတော့ ကျွန်တော့်အတွေ့အကြုံအရ) လက်မောင်းရဲ့နောက်မှာ အနီပြောက်ကလေးတွေ အများကြီးတွေ့တယ်။ အနီ ပြောက်ကလေးတွေဟာ ရိုးရိုးမဟုတ်ဘူး။ မှဲ့နဲ့ ကွဲပြား တယ်။ အလယ်မှာခန္ဓာကိုယ်လေးရှိပြီး ဘေးမှာ အမြွာ မြွာကလေးတွေရှိလို့ ပင့်ကူနဲ့တူလို့ ဆေးပညာအခေါ် အရ စပိုက်ဒါနီဗိုင်း(Spider Naevi) လို့ ခေါ်ပါတယ်။ ဒါဟာ အသည်းခြောက်တဲ့ လက္ခဏာတစ်ခုပဲ။ သိပ်များလွန်းရင် ဆရာဝန်တွေကိုယ်တိုင်လည်း မှားနိုင်တယ်။ အရေပြား ရောဂါထင်ပြီး အရေပြားဆရာဝန်ထံ သွားပြတာကို မကြာခဏ တွေ့ရတယ်။

ရောဂါလက္ခဏာ နောက်တစ်ခုက ခြေထောက် ကလေးတွေ စပြီးရောင်တာပဲ။ ခြေထောက်ရောင်ရင် ကျောက်ကပ်ရောဂါထင်ပြီး ကျောက်ကပ်ဆရာ သွားပြ တော့ ရောဂါမတွေ့ဘူး။ မိန်းမတွေဆိုရင် မီးယပ် ရောဂါထင်ပြီး မီးယပ်ဆရာဝန်ထံသွားပြ၊ ရောဂါရှာ မတွေ့ဘူး။ အဲလိုလူနာတွေအများစုဟာ နောက်ဆုံး တော့ အသည်းခြောက်လို့ဖြစ်တာများတာပဲ။

ဆရာဝန်တွေအနေနဲ့ကြည့်ရင် တွေ့ရှိနိုင်တဲ့လက္ခဏာ တွေကတော့ အများကြီးပေ့ါ။ ကျွန်တော် ထည့်မပြော တော့ဘူး။ သို့သော်လည်း ဘာရောဂါမှရှာမရဘဲ ပိန်၊ နုံး၊ Weight ကျတယ်။ ဒါလည်း အသည်းခြောက်လို့ ဖြစ်တတ်တာပဲ။ အမျိုးသမီးတစ်ဦးရဲ့အမေ ရောဂါရှာ တယ်။ မတွေ့ဘူး။ ဟော်မုန်းလည်း စစ်တယ်။ Thyroif ကိုလည်းစစ်တယ်။ ရောဂါရှာမတွေ့ဘူး။ တဖြည်းဖြည်းနဲ့ သုံးလအတွင်း ပေါင် ၂၀ ကျတယ်။ တစ်ရက်မှာ သွေး အန်လို့ ဗိုက်ကိုဖွင့်ကြည့်လိုက်တော့ အသည်းခြောက် နေတာတွေ့ရတယ်။

နောက်တစ်နည်းတွေ့ရတာကတော့ အသည်းခြောက် တာမှာ မျက်လုံးကလေးဝါလာတယ်။ အသည်းရောင် အသားဝါလို့မဟုတ်ဘူး။ တစ်နှစ်အတွင်းမှာ ခဏ ပျောက်လိုက်၊ နုံးလိုက်၊ ဝါလိုက်ဖြစ်ပြီး ကြာလာတယ် ဆိုရင် ဂရုစိုက်ပေတော့။ အသည်းရောင်အသားဝါ မဟုတ်တော့ဘူး။ ဒါအသည်းခြောက်တဲ့ အဆင့်ရောက် နေပြီ။

တချို့ကျတော့ ဗိုက်ထဲမှာရေဝင်လာပြီး ဗိုက်လေး ဖောင်းလာတတ်ပါတယ်။ လူနာတွေက တစ်ခါတလေ ဝပြီးဗိုက်ဖောင်းလာတယ်လို့ ထင်တယ်။ တချို့ကလည်း အစာမကြေလို့ ဗိုက်ဖောင်းတယ်ထင်တယ်။ တကယ် တော့ အသည်းခြောက်ပြီး ရေဖျဉ်းစွဲနေတာပါ။

ဒီထက်ပိုဆိုးလာရင် ဗိုက်ထဲမှာ ရေဖျဉ်းဝင်လာတယ်။ အများပြည်သူတွေအနေနဲ့ရော ဆရာဝန်အများစုမှာပါ ဗိုက်ထဲရေဖျဉ်းဝင်လာရင် လူနာကသိမှာပေ့ါလို့ ထင်ကြ တယ်။ ဒါပေမယ့် တစ်ခါတလေမသိဘူး။ တစ်ခါက ရန်ကုန်မြို့ပေါ်က အရာရှိကြီးတစ်ဦးဟာ ဝလာတယ် ဆိုပြီး ဝိတ်လျှော့တယ်။ မနက်ဖက် လမ်းထလျှောက် တယ်။ နောက်တော့ ဗိုက်ကြီးဝလွန်းလို့ စူလွန်းလာ လို့ဆိုပြီး မိန်းမက ကျွန်တော့်ဆီခေါ်ပြီး လာပြတယ်။ စမ်းသပ်စစ်ဆေးပြီးကြည့်လိုက်တော့ ဗိုက်ထဲမှာ ရေငါး ပုလင်းလောက်ဝင်နေတာ တွေ့ရတယ်။

နောက်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပါဦးမယ်။ ရန်ကုန်ဆေးရုံကြီးက အလုပ်သမားအမျိုးသမီးတစ်ဦး ဗိုက်ကလေးစူစူလာတော့ လက်ထပ်တာလည်း သိပ်မကြာသေးတော့ ကိုယ်ဝန်ရှိတယ်ထင်ပြီးပျော်လို့။ နောက်မှ သေသေချာချာစစ်လိုက်တော့ ဗိုက်ထဲမှာ ရေဖျဉ်းရှိနေတာတွေ့ရတယ်။ လူကပိန်ချုံးပြီး ဗိုက်ကြီး က တစ်အားဝဖောင်းနေရင် သိသာတာပေ့ါ။ တစ်ခါ တလေကျတော့ လူက ဝဝဖြိုးဖြိုး သန်သန်မာမာကြီး ဆိုရင်၊ ဗိုက်ဖောင်းရင်၊ ရေဖျဉ်းရှိတာကို ရုတ်တရက် မသိနိုင်ဘူး။ ဒါဟာမှတ်သားသင့်တဲ့ အချက်ပဲ။ ဒီလို ဗိုက်ဖောင်းပြီး ရေဖျဉ်းစွဲတာကို မသိတဲ့ဖြစ်ရပ်ကို အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးလို့ မလွဲမှားရအောင် တင်ပြရခြင်းဖြစ်ပါတယ်။

ပြန်ပြီးပြောရမယ်ဆိုရင် အသည်းခြောက်တယ်ဆို တာဟာ ဘာရောဂါလက္ခဏာမှမပေါ်ဘဲနဲ့ စစ်ဆေး လိုက်မှ၊ ခွဲစိတ်လိုက်မှ၊ Ultrasound နဲ့မှ တွေ့တဲ့အပိုင်းရှိ သလို တချို့ကတော့ မျက်လုံးဝါတယ်၊ ခြေထောက် ကလေးတွေရောင်တယ်၊ ရေဖျဉ်းစွဲတယ်၊ Spider ရှိ တယ်။ အဲဒီနည်းတွေနဲ့ တွေ့တာလည်း ရှိတယ်။

**အသည်းခြောက်မခြောက် ဘာတွေကို စစ်ဆေးရမှာလဲ**

အသည်းအားနည်းတယ်ဆိုတာကိုတော့ သွေးတွေ ကိုစစ်ဆေးပြီးတော့ Liver Function Test(LFT) လုပ်ပြီး သိနိုင်တယ်။ အသည်းခြောက်တယ်၊ ကျုံ့နေ တယ်။ ပြုပ်တွေထနေတယ်ဆိုတာတော့ Ultrasound ရိုက်လို့သော်လည်းကောင်း၊ CT Scan ရိုက်ကြည့်လို့ သော်လည်းကောင်း သိနိုင်ပါတယ်။

ရောဂါက အတော်ကြီးကို ဆိုးနေပြီဆိုရင်တော့ အဲဒီလိုမစစ်ဆေးဘဲနဲ့ လက်နဲ့စမ်းသပ်ကြည့်ရင်ကို ရပါတယ်။ ဒါပေမယ့် အသည်းခြောက်ခါစ အနေအထား မှာတော့ Ultrasound တို့ CT Scan တို့ရိုက်ကြည့်မှ သာ သိရှိနိုင်ပါတယ်။



ရေဖျင်းရှိနေသူ တစ်ဦးကိုတွေ့ရစဉ်။

**အသည်းခြောက်ရောဂါအဆင့်ဆင့်**

အသည်းခြောက်ပြီဆိုတာနဲ့ သေတော့မှာလားလို့ မေးကြတယ်။ အထိတ်တလန့် မကြာခဏလာမေးကြ တယ်။ တကယ်တော့ အသည်းခြောက်တယ်ဆိုတိုင်း ကြောက်ဖို့မဟုတ်ပါဘူး။ ပထမဆုံးလုပ်ရမယ့်အချက်က ဘာကြောင့် အသည်းခြောက်သလဲဆိုတာ လေ့လာ ရမယ်။ ဘီပိုးကြောင့်လား စီပိုးကြောင့်လား အရက် ကြောင့်လား၊ အသည်းအဆီဖုံးလို့လား၊ ဆေးတွေ ကြောင့်လား၊ အာဆင်းနစ်စိန်တွေသုံးခဲ့လို့လား၊ သည်း ခြေပြွန်လမ်းကြောင်းမှာ ကျောက်တွေရှိလို့လား၊ ဒါတွေ ကို သိရမယ်။ ဒုတိယအချက်က အသည်းအခြေအနေက ဘယ်လိုအခြေအနေလဲ၊ Well Compensated Cirrh-osis ဆိုရင်တော့ အသည်းဟာ ကောင်းမွန်တယ်၊ အသည်းကမာတာပဲ၊ ခြောက်တာပဲရှိတယ်။ အသည်း ရဲ့တာဝန်ဝတ္တရားတွေ လုံးဝကောင်းနေတယ်ဆိုတာ စစ်ဆေးတွေ့ရင် ဘာမှစိုးရိမ်စရာ မရှိဘူး။ အသည်း ခြောက်တယ်လို့ သိရှိပြီးတော့ ၂၅ နှစ်၊ အနှစ် ၃၀ နေရ တဲ့လူတွေ အများကြီးပဲ။

**ဘာတွေရှောင်ရမှာလဲ**

လိမ္မာပြီး ဆင်ခြင်ဖို့ပဲ။ နောက်ပြီး အသည်းဟာ အရမ်းအံ့သြဖို့ကောင်းတယ်။ ခြောက်တယ်၊ မာတယ် ဆိုပေမယ်လို့ အသည်းရဲ့သုံးပုံတစ်ပုံလောက်ပဲ အသည်း ဆဲလ်တွေရှိနေရင် လူတစ်ယောက်ကို နှစ်ပေါင်းများစွာ အသက်ရှည်အောင် ထိန်းထားနိုင်တယ်။ အဲ. . . တစ်ခုတော့ရှိတာပေ့ါ။ အသည်းဆဲလ်တွေရဲ့ သုံးပုံ တစ်ပုံပဲရှိတယ်။ သုံးပုံနှစ်ပုံကတော့ အမာရွတ်တွေ များပြီးနေရင် နောက်ထပ်ဒဏ်ရာမရစေနဲ့ပေ့ါ။

အသည်းခြောက်နေတဲ့သူတွေဟာ အသည်းကို ထိခိုက်စေတဲ့ အရက်၊ ဆေးလိပ်၊ ဒါတွေလုံးဝရှောင်ရမယ်။ ထိခိုက်နိုင်တဲ့ ဟော်မုန်းပါတဲ့သောက်ဆေးတွေ၊ နောက် ရှောင်ရမှာတစ်ခုကတော့ အကိုက်အခဲပျောက်ဆေး၊ ကိုယ်ပူကျဆေးတွေ၊ ဒါတွေဟာအသည်းကို ထိခိုက်ရုံ မကဘူး။အသည်းမာလို့ ခြောက်လို့ အသည်းထဲကို သွေးကြောတွေစီးမရတဲ့အခါမှာ အစာမျိုလမ်းကြောင်း တစ်လျှောက်မှာ သွေးကြောအထုံးအထုံးကလေးတွေ ဖြစ်နေတယ်ဆိုရင် အဲဒါတွေကို ပေါက်ကွဲစေတတ်တယ်။ ဒါကြောင့်မို့ အသည်းခြောက်တယ်ဆိုရင် အကိုက်အခဲ ပျောက်ဆေး၊ ကိုယ်ပူကျဆေး လုံးဝမသုံးနဲ့။

ကျွန်တော့်ရဲ့ဆရာ အရိုးဆရာဝန်ကြီးတစ်ဦးက ပြောဖူးတယ်။ “ခင်ဗျားလူနာတွေကလည်းဗျာ၊ ခင်ဗျား မှာထားတဲ့အတိုင်းပဲ။ ပါရာစီတမောလေးတစ်ပြားတောင် တိုက်လို့မရဘူး”တဲ့။ မှန်ပါတယ်။ ဒူးနာရင် အိပ်ရာထဲ လှဲနေရုံပဲ။ ပါရာစီတမောတိုက်လို့ သွေးအန်ပြီး ဆေးရုံ ပေါ်ရောက်လာတော့ သေသွားနိုင်တယ်။ Aspirin တစ်ပြားသောက်လိုက်ရုံနဲ့ သွေးအန်တာ တွေ့ဖူးတယ်။ ဒါကြောင့်မို့ အကိုက်အခဲပျောက်ဆေးကို ရှောင်ရမယ်။

ရှောင်ရမှာတွေကို ဆက်ပြောရရင်တော့ ဒီအသည်း ခြောက်တာကနေ ပိုမိုဒဏ်ရာရပြီး အသည်းကင်ဆာ ဖြစ်နိုင်တယ်လို့ သတ်မှတ်ထားတဲ့ မှို၊ မှိုဆိုတာ ငရုတ် သီးခြောက်ထဲမှာ၊ ပဲအမျိုးမျိုးရဲ့ အခြောက်တွေထဲမှာ တွယ်ကပ်နေတဲ့ မှိုတွေ။ အဲဒီမှိုတွေထဲမှာပါရှိတဲ့ Aflatoxin က အသည်းကို ဒဏ်ရာရစေတယ်။ ပိုပြီး ခြောက်စေတယ်။

နောက်တစ်ချက်ပြောချင်တာက အသည်းခြောက် သူတွေမှာ ခြေထောက်တွေရောင်လာတယ်။ ရေဖျဉ်းစွဲ လာနိုင်တယ်။ ဒါကြောင့် အငန်လျှော့စားသင့်တာပေ့ါ။

စာမျက်နှာ ၁၇ သို့

## ကျေးရွာမီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု ဥသကံကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဦးစိုင်းထွန်းရင်၊ ကလောမြို့နယ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်ကျော်သူနှင့် သီခေါင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးညွန့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးက ဆိုင်းဘုတ်နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားပြီး ဥသကံကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

## ငရုတ်သီးအထွက်ကောင်းပြီး ဈေးကောင်းရ၍ ငရုတ်စိုက်သူများ အဆင်ပြေလျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၈**

မိတ္ထီလာမြို့နယ် ကံကြီးကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ ယခုနှစ်တွင် မိုးနှောင်းကောင်းခဲ့သဖြင့် ငရုတ်သီးများအထွက်ကောင်းခဲ့ကာ ငရုတ်သီးဈေးမှာလည်း ဈေးကောင်းရနေသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ငရုတ်ပင်များစိုက်ပျိုးရာတွင် နယုန်လမှ စတင်၍ ငရုတ်များစတင်ပျိုးထောင်ကြပြီး မိုးရေရရှိမှုနည်းလျှင် ရေခံပြီးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး တစ်လခွဲကျော်လျှင် ငရုတ်သီးများစတင်ခူးဆွတ်နိုင်ပြီး ၁၀ ရက် တစ်ကြိမ်ခူးဆွတ်ရကြောင်း၊ ယခုနှစ် ငရုတ်စိုက်ပျိုးရာတွင် ကုန်သည်များ ကြိုက်နှစ်သက်သည့် ကျောက်စိမ်း၊ ထိုင်ဝမ်မျိုးများကို အများစုစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် မိုးနှောင်းကောင်းသဖြင့် ငရုတ်ပင်များကြီးထွားပြီး တစ်ဧက ပိဿာချိန် ၆၀၀ မှ ၈၀၀ ကြားအထိ ထွက်ရှိကြောင်း၊ ငရုတ်အစို တစ်ပိဿာလျှင် ကျပ် ၁၁၀၀ အထိ ဈေးကောင်းရနေသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံ ငရုတ်စိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးစံမြက ပြောသည်။

အုတ်ဖိုကျေးရွာတွင် ယခင်နှစ်များက အုတ်ဖိုဆည်ကြီးမှ ဆည်ရေသောက်စနစ်ဖြင့် ရေရရှိသော်လည်း ယခုနှစ်တွင် ဆည်ကြီးကို ပြန်လည်ပြုပြင်နေသောကြောင့် ဆည်အတွင်းရေဝင်ရောက်မှုနည်း၍ ဒေသခံတောင်သူများမှာ နှောင်းပိုင်းသီးနှံအဖြစ် ရေအများအပြားမလိုသော ငရုတ်ကိုအားထားစိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင် မိုးနှောင်းကောင်း၍ ငရုတ်ပင်များအောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား မီဒီယာနှင့်တွေ့ဆုံခြင်းဆိုင်ရာ သင်တန်းပို့ချ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း မီဒီယာများနှင့်တွေ့ဆုံရာတွင် အမှားအယွင်းမရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုဖြင့် International IDEA စီစဉ်သည့်Advanced Media Training တစ်ရက် သင်တန်းကို အောက်တိုဘာ ၆ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။



သင်တန်းကို ချမ်းအေးသာစံမြို့နယ်ရှိHotal 76 တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် International IDEA မှ (Senior Technical Advisor) Ms.Carine Jacqust က နှုတ်ခွန်းဆက်စကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါ်နန်းသီရိလွင်(Inter News)က ရွေးကောက်ပွဲကာလအတွင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများအနေဖြင့် မီဒီယာများဖြင့် ထိတွေ့ဆက်ဆံရာတွင် အမှားအယွင်းကင်းစွာ ထိတွေ့ဆက်ဆံနိုင်ရေးအတွက် ဆောင်သင့်၊ ရှောင်သင့်သည်များကို ရှင်းလင်းဆွေးနွေးပြီး လတ်တလောအနေဖြင့် ပြည်သူများသိရှိလိုသည့်အချက်များနှင့် ပတ်သက်၍ အစုအဖွဲ့သုံးဖွဲ့ခွဲကာ ခေါင်းစဉ်အလိုက် ဆွေးနွေးခြင်း၊ လက်တွေ့အင်တာဗျူးဖြေဆိုခြင်းနှင့် အင်တာဗျူးဖြေဆိုရာတွင် သတိပြုဆင်ခြင်သင့်သည့် အချက်များနှင့် ပတ်သက်၍ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းဖွင့်လှစ်ပို့ချမှုကို မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်စိုးတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် အသုံးချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်

**တောင်ကြီး အောက်တိုဘာ ၈**

၂၀၁၄ ခုနှစ်အတွင်းက ကောက်ယူခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ အချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် အသုံးပြုခြင်းအတွက် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းကို တောင်ကြီးမြို့ရှိ ပြည်နယ်မိခင်နှင့်ကလေးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်က သန်းခေါင်စာရင်းပါ အချက်အလက်များကို နေပြည်တော်ရုံးချုပ်တွင် သင်တန်းတက်ရောက်ခဲ့သော နည်းပြများက အသေးစိတ်ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ တောင်ကြီးဒေသတွင် အသေးစိတ်ပြန်လည်ရှင်းလင်းနိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ အရာရှိတစ်ဦး၊ ပြည်သူ့အင်အားဦးစီးဌာနမှ အရာရှိတစ်ဦး၊ CSO အဖွဲ့တစ်ခုဖြစ်သော Capacity Building Initiative မှ တာဝန်ခံတစ်ဦးတို့က နေပြည်တော်တွင် ငါးရက်ကြာ သင်တန်းတက်ခဲ့ပြီးဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် တန်ဖိုးရှိလှသော သန်းခေါင်စာရင်း အချက်များကို အပြန်အလှန် မေးမြန်းဆွေးနွေးပြီး ပြည်သူများအကြား ဖြန့်ဝေပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ယာယီဦးစီးမှူး ဦးမြင့်ကိုကိုက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လူမှုရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ပုံများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ NGO အဖွဲ့များ၊ ကိုးကန့်၊ "ဝ"၊ တောင်ရိုးနှင့် ဓနု စာပေယဉ်ကျေးမှုအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ခဲ့သည်။ **မောင်မောင်သန်း(တောင်ကြီး)**

**စာမျက်နှာ ၁၆ မှ**

လုံးဝခြေထောက်ရောင်ပြီး ဗိုက်ထဲရေရှိနေပြီဆိုရင်တော့ အငန်ကို လုံးဝရှောင်ပါ။

**အကျိုးဆက်တွေ**

အသည်းခြောက်ရောဂါကနေ ဘာဖြစ်နိုင်သလဲ။ ဘယ်လို အကျိုးဆက်တွေ ဖြစ်နိုင်သလဲဆိုတာ မကြာခဏ အမေးခံရတဲ့ မေးခွန်းပါ။

အသည်းဟာ ခြောက်ပြီးတော့ကျုံ့လာတဲ့အတွက် အသည်းထဲကို သွေးပြန်ကြောမကြီးက မဝင်နိုင်ဘူး။ အဲသလို သွေးစီးပြီးမဝင်နိုင်တဲ့ အခါမှာ အစာမျို လမ်းကြောင်းတစ်လျှောက်မှာ အထုံးကလေးတွေ ဖြစ်တတ်ပါတယ်။ အဲဒါကို အီဆိုဖေဂျီရယ်ဗရီဆစ်စ်(Oesophageal Varices)လို့ခေါ်တယ်။ အဲဒီသွေးကြောထုံးကလေးတွေဟာ ပေါက်တတ်ပါတယ်။ ပေါက်တဲ့အခါမှာ ညိုညိုမည်းမည်းတွေ အန်ရင်အန်မယ်၊ သွေးနီရဲရဲတွေ အန်ရင်အန်မယ်။ အများကြီးအန်မယ်။ ဒါမှမဟုတ်ရင် အဲဒီသွေး ကြောတွေက အပေါ်ကိုမတက်ဘဲနဲ့ အောက်ကိုပါသွားရင် ဝမ်းထဲမှာ မည်းမည်းစီးစီးပိုင်ပိုင်အနေနဲ့ ပါလာတယ်။ ဒါဟာ အသည်းခြောက်ရောဂါရဲ့ ကြောက်စရာအကောင်းဆုံးအကျိုးဆက် နောက်ဆက်တွဲပြဿနာတစ်ခုပါပဲ။

အဲဒီအခါမှာ လူနာများအနေနဲ့ ဘယ်လိုအမှတ်မှားကြသလဲဆိုတော့ သွေးအန်တယ်၊ မည်းမည်းတွေ အန်တယ်၊ ဝမ်းမည်းမည်းတွေသွားတယ်၊ ဒါဆို အစာအိမ်ရောဂါပဲလို့ မှတ်ယူတတ်ကြတယ်။ အစာအိမ်သွေးကြောပေါက်တာပဲဆိုပြီးတော့ အသည်းကြောင့်လို့ မထင်ကြဘူး။ ကောင်းသွားပြီ၊ အစာအိမ်သွေးကြောပေါက်ပိတ်သွားပြီဆိုပြီး လိုအပ်တဲ့ဆက်လက်ကုသမှုကို မခံယူကြတော့ဘူး။

တကယ်တော့ အဓိကပြဿနာ၊ အဓိကရောဂါဟာ အသည်းမှာပဲဖြစ်တယ်။ အသည်းခြောက်လို့၊ မာလို့၊ ကျုံ့သွားလို့ အသည်းထဲကိုမစီးနိုင်တဲ့ သွေးကြောတွေရဲ့နောက်မှာ အထုံးတွေဖြစ်ပြီး အဲဒီကနေ ပေါက်တာပါ။ ဒါအရမ်းအရေးကြီးပါတယ်။ ဒီလိုအကျိုးဆက်ရှိနိုင်လို့ ကျွန်တော်ရှေ့ကပြောခဲ့တဲ့ ရှောင်ရတဲ့အထဲမှာ အကိုက်အခဲပျောက်ဆေး၊ ကိုယ်ပူကျဆေး မသုံးဆောင်ပါနဲ့။ နှာစေး၊ ချောင်းဆိုးပျောက်ဆေး မသုံးဆောင်ပါနဲ့လို့ ပြောရတာပါ။ အဲဒီဆေးတွေဟာ သွေးကြောထုံးတွေ ပေါက်စေနိုင်ပါတယ်။ သွေးအန်တာသိပ်များသွားရင် ဝေါကနဲဆိုရင် တစ်ခါတည်းအသက်ပါသွားနိုင်တယ်။ ဒါမှမဟုတ် မကြာမကြာ တစိမ့်စိမ့်ပြန်ပြီးတော့ သွေးစိမ့်တတ်ပါတယ်။

နောက်တစ်ခုကတော့ အသည်းခြောက်လို့ရှိရင် မသိမသာ စိတ်ပြောင်းလဲမှုတွေဖြစ်တတ်တယ်။ အဲဒီအခါမှာ စိတ်ရောဂါနဲ့ လွဲမှားတတ်ပါတယ်။ အဲသလိုစိတ်မှာ အပြောင်းအလဲဖြစ်ရင် သတိတွေမေ့တယ်။ ပြောတာတွေဟာ နည်းနည်းဟိုမှား၊ ဒီမှား၊ နေ့နဲ့ညနဲ့ အိပ်တာလွဲ၊ အဲသလိုဖြစ်တတ်တယ်။ ဟက်ပက်တစ်အင်ဆက်ဖလိုပသီ (Hepatic Encephalopathy)လို့ခေါ်တယ်။ ဒီကနေတစ်ဆင့် တိုးလာတဲ့အခါမှာတော့ လုံးဝသတိလစ်သွားတတ်ပါတယ်။ အဲသလို အသည်းအားနည်းပြီး Hepatic Encephalopathy ဖြစ်နေတဲ့ကာလမှာ မှိန်းစေတဲ့ဆေးတွေ ပေးလို့မရပါဘူး။ ကျွန်တော်ခုနက ပြောတဲ့ နှာစေး၊ ချောင်းဆိုးပျောက်ဆေး၊ အိပ်စေတဲ့ဆေးတွေ၊ Diazepam အဲဒီဆေးမျိုးတွေ ပေးလို့မရပါဘူး။

ကျွန်တော်တွေ့ဖူးတဲ့ လူနာတစ်ယောက်ဆိုရင် အဲသလို စိတ်အပြောင်းအလဲတွေဖြစ်တာကို စိတ်ရောဂါ ဆကီဆိုဖရီးနီးယား Schizophrenia လို့ တလွဲ ယူဆပြီး ခေါင်းကို လျှပ်စစ်ဓာတ်နဲ့တို့တဲ့အဆင့် ရောက်သွားတယ်။ မကြာသေးခင်ကလည်း ကျွန်တော့်လူနာ အသည်းခြောက်တဲ့ ဆရာဝန်တစ်ယောက်၊ အိပ်မရလို့ဆိုပြီး Diazepam တစ်ပြားသောက်လိုက်တာ လုံးဝသတိလစ်ပြီး ကျွန်တော့်ဆီကို ရောက်လာပါတယ်။ ဒါတွေဟာ ဘာကိုပြောသလဲဆိုတော့ ဆရာဝန်တောင်မှ ဂရုမစိုက်မိရင် ရောဂါဟာ ဆိုးဆိုးရွားရွားဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဂရုစိုက်ကုရမယ့်ရောဂါလို့ ပြောချင်တယ်။

အဲဒီနောက် ကြောက်စရာအကောင်းဆုံး အကျိုးဆက်တစ်ရပ်ကတော့ နှစ်ပေါင်းများစွာကြာတဲ့အခါမှာ အသည်းခြောက်တာကတစ်ဆင့် အသည်းကင်ဆာဘက်ကို ကူးသွားတတ်တာပါ။ အသည်းခြောက်တယ်ဆိုတာ ရှေ့မှာပြောခဲ့သလို အသည်းဟာ ပြောင်ချောဖြစ်မနေပဲ အလုံးအလုံးတွေ ဖြစ်နေတာကနေ တစ်ချိန်ချိန်မှာ အဲဒီအလုံးတစ်လုံးကနေ ကင်ဆာအဆင့်ကို ပြောင်းသွားနိုင်ပါတယ်။ အသည်းခြောက်လူနာ တစ်ယောက်ဟာ နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်မလာအောင်၊ ဆိုလိုတာက သွေးမအန်အောင်၊ သွေးကြောထုံးတွေ မပေါက်အောင်၊ ရေဖျဉ်းတွေစွဲမလာအောင်၊ မျက်လုံးတွေ ဝါမလာအောင်၊ ကင်ဆာဘက်မပြောင်းရအောင်ကတော့ ရှေ့မှာတင်ပြထားတဲ့ ရှောင်ရန်တွေကို ရှောင်ရှားပြီး သတိနဲ့နေမယ်ဆိုရင်တော့ အသည်းခြောက်ပေမယ့် သက်ရှည်ကျန်းမာမှာပါ။

အကျိုးဆက်တွေ ဖြစ်လာပြီဆိုရင်တော့ သွေးအန်တယ်ဆိုရင် အစာအိမ်မှန်ပြောင်းနဲ့ကြည့်ပြီး သွေးကြောအထုံးတွေမပေါက်အောင် လုပ်ပေးလို့ရပါတယ်။ အဲဒါမှ မရဘူးဆိုရင်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အောင်မြင်စွာ ခွဲစိတ်ကုသလို့ရပါတယ်။ သွေးကြောတွေကို လမ်းလွှဲပြီးတော့ အောင်မြင်စွာကုသပေးလျက်ရှိပါတယ်။ ဒါလည်း နည်းစနစ်မျိုးစုံနဲ့ ကမ္ဘာ့အဆင့်မီစွာ ကုသပေးနေပါပြီ။

အဆုံးသတ်ပြောချင်တာက အသည်းခြောက်တယ်ဆိုပြီးတော့ ကုမရတော့ဘူး၊ အဆုံးစွန်ရောက်နေပြီဆိုတဲ့ ရောဂါတစ်ခုလို မသတ်မှတ်ပါနဲ့။ ရောဂါရဲ့အဆင့်ဆင့် Grade တွေရှိပါတယ်။ Grade A လား၊ B လား၊ C လား။ ဒါဆေးပညာနည်းနဲ့ ခွဲတမ်းသတ်မှတ်ချက်တွေရှိပါတယ်။ ရောဂါအခြေအနေ ဆိုးနေတဲ့လူကို ဆိုးသလို ကုသရသလို ကောင်းနေတဲ့သူဟာ ဆိုးမသွား အောင် ဆင်ခြင်ပြီးထားမယ်ဆိုရင် နှစ်ပေါင်းများစွာ ပကတိအသက်ရှည်စွာ နေထိုင်လို့ရပါတယ်လို့ပြောရင်း နိဂုံးချုပ်ချင်ပါတယ်။

# ရန်ကုန်ဗုဒ္ဓတက္ကသိုလ် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာခုပရိယတ္တိစာသင်တိုက်၌ ဗုဒ္ဓတက္ကသိုလ် (၁၁)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကိုအောက်တိုဘာ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သာခုပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံမှ သြဝါဒခံယူကြပြီး ရန်ကုန်ဗုဒ္ဓတက္ကသိုလ် သင်ကြားစီမံဌာန (တိုင်း ရင်းသားဒီဂရီကောလိပ်)မှ ကထိက ဦးမြသိန်းက ဘွဲ့ရစာတမ်းအား အတည်ပြုပေးရန် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ထံမှ အတည်ပြုချက်ရယူ၍ ပဓာနနာယကဆရာတော်နှင့် ဆရာတော်ကြီးများက MA ဘွဲ့ရ ရဟန်းတော်များ၊ သီလရှင်နှင့် ကျောင်းသားများအား ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ B.A ဘွဲ့ရရှိသူ ၆၂ ပါးအား မန္တလေးဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်နှင့် ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဆရာတော် ဒေါက်တာအရှင်ပါရမီ (ဝိနယပရိယတ္တိမဟာဌာန)တို့က ဘွဲ့တံဆိပ်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (PSE)Diploma ဘွဲ့ရ ၆၂ ပါးအား မန္တလေးဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်နှင့် ရန်ကုန်ဗုဒ္ဓတက္ကသိုလ် သင်ကြား-စီမံဆရာတော်နှင့် ရန်ကုန်ဗုဒ္ဓတက္ကသိုလ် သင်ကြား-စီမံကထိက ဓမ္မပါလ ဖောင်ဒေးရှင်း ဦးဆောင်နာယကဆရာတော်များက ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ ၂၀၁၄ ခုနှစ် (၁၁) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် M.A, B.A နှင့် ဒီပလိုမာ (PSE) သံဃာတော် စုစုပေါင်း ၁၄၃ ပါး ဘွဲ့ရရှိခဲ့ပြီး ရန်ကုန်ဗုဒ္ဓတက္ကသိုလ်စတင်ဖွင့်လှစ်သည့် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း M.A (Indo-Aryan) ၃၃၆ ပါး၊ M.A (Buddhism) ၈၈ ပါး၊ B.A (Indo-Aryan) ၈၆၀ ပါး၊ B.A(Buddhism) ၂၁၁ ပါး၊ (PSE) Diploma ၈၅၁ ပါး၊ (DSE)Diploma ၁၃၁၀ ပါးနှင့် (PABE) Diploma ၅၉၀ ပါး၊ စုစုပေါင်း ၄၂၄၆ ပါး အား သင်ကြားပြီး ဘွဲ့လက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

**ဓာတ်ပုံ – ရွှေတိုင်လွင်**

# မန္တလေးခရိုင်အတွင်း ရွေးကောက်ပွဲကာလလုံခြုံရေးအတွက် အချိန်ကာလလေးခုပိုင်းခြား၍ ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၈**

၂၀၁၅ရွေးကောက်ပွဲနှင့်ပတ်သက်၍ မန္တလေးခရိုင်အတွင်း လုံခြုံရေးဆိုင်ရာစီမံချက်အဖြစ် ရွေးကောက်ပွဲအကြို ကာလ၊ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလ စသည့်အပိုင်းလေးပိုင်းဖြင့် စီမံဆောင်ရွက်ထားကြောင်း မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"မန္တလေးခရိုင်အတွင်းမှာ ၂၀၁၅ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အပိုင်းလေးပိုင်းခွဲပြီး လုံခြုံရေးအပိုင်းတွေကို စီမံဆောင်ရွက်ထားပါတယ်။ ရွေးကောက်ပွဲအကြိုကာလကတော့ ပြီးသွားပြီ။ အခုကာလက နိုင်ငံရေးပါတီတွေ မဲဆွယ်စည်းရုံးနေတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ ရက်ပေါင်း ၆၀ အတွင်း မဲဆွယ်စည်းရုံးတဲ့အခါမှာ ပါတီအချင်းချင်း ပြဿနာဖြစ်ပွားမှုမရှိအောင်လို့ မြို့နယ်အလိုက် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ နိုင်ငံရေးပါတီတွေ မဲဆွယ်စည်းရုံးရာလမ်းတစ်လျှောက်မှာ အရပ်ဝတ်နဲ့ လုံခြုံရေးတာဝန်တွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး စိန်ထွန်းက ပြောသည်။

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် ရဲတပ်ဖွဲ့သာမက နိုင်ငံရေးပါတီများ၊ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း သိရသည်။ "အခုကကတော့ ရွေးကောက်ပွဲ လုံခြုံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေသာမက ပြည်သူတွေ၊ နိုင်ငံရေးပါတီတွေနဲ့ ဌာနဆိုင်ရာတွေ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒါမှသာ ၂၀၁၅ ရွေးကောက်ပွဲကြီး အောင်မြင်စွာနဲ့ ပြီးမြောက်သွားမှာပါ"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မန္တလေးခရိုင်အတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်အဆင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် ခရိုင်အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးအဖြစ် ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် အဖွဲ့ဝင် ၁၇ ဦး ပါဝင်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးခရိုင်အတွင်း ရွေးကောက်ပွဲကာလ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင်အင်အားအနေဖြင့် သက်ဆိုင်ရာ ခရိုင်ရဲစခန်း၊ မြို့မရဲစခန်း၊ နယ်မြေ ရဲစခန်းနှင့်ရဲကင်းစခန်းတို့မှ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်အင်အား ၉၉၆ ဦးနှင့် အထူးရဲအင်အား ၆၆၅ ဦးတို့ဖြင့် လုံခြုံရေးတာဝန်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်(မန်း)**

# ရမည်းသင်းမြို့မဈေး၌ မီးဘေးလုံခြုံရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရမည်းသင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဥပုသ်နေ့ ဈေးပိတ်ရက်၊ အောက်တိုဘာ ၆ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မတီဝင်များ၊ အမှုဆောင်အရာရှိ အတွင်းရေးမှူး ဦးမောင်စိုး ဦးဆောင်သော စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးအကျိုးဆောင်များနှင့် သန့်ရှင်းရေးလုပ်သားများ ၃၀ ခန့်ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ပြီး ဈေးမီးဘေးလုံခြုံရေးအတွက် ဈေးအတွင်းရှိ မီးသတ်ရေငုတ်ခုနစ်ခုမှ ရေပိုက်များဖြင့် မီးသတ်ရန် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးအတွက် ဈေးအနီးရှိ မြို့ရေပေးဝေရေး ဂါလန်နှစ်သိန်းဆံ့ရေစင်ကြီးနှစ်ခုမှ ဈေးအတွင်း သွယ်တန်းထားသော ရေငုတ်များမှတစ်ဆင့် ရေစင်၏ ရေဖိအားဖြင့် အလွယ်တကူ မီးငြိမ်းသတ်နိုင်ရန် ဆောင်ရွက် ထားပြီး ဈေးအလယ်၌ရှိသော မီးသတ်ကန်တွင် လည်း မီးသတ်စက်တစ်လုံး အဆင်သင့်တပ်ဆင် ထားကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

## သတင်းတိုများ

### ရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲချုပ်မှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်က ဖတ်ကြားသည်။ ထို့နောက် ဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များနှင့် အရာရှိများအား ဆုများပေးအပ်ချီးမြှင့်ကာ ရဲတပ်ဖွဲ့ဝင်မိသားစုများအား ကံစမ်းမဲများဖောက်ပေးခြင်းစသည့် ပျော်ရွှင်ပွဲများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

### မြစိမ်းရောင်ကျေးရွာများတွင် စီမံကိန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဦးစီးဌာနက မြို့နယ်အတွင်းရှိ ဂေါ်ရီကျေးရွာနှင့် နန့်စီးအောင်ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းများ၏ အခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးစိုးသန်း၊ ဒုဦးစီးမှူးနှင့် ဌာနဝန်ထမ်းများက အောက်တိုဘာ ၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ စီမံကိန်းငွေစာရင်းဖြည့်သွင်းထားရှိမှုနှင့် မြစိမ်းရောင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဖားကန့်မြို့နယ်အတွင်းမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် အခြားကျေးရွာများဖြစ်သည့် ဒွန်ဘုန်းခကျေးရွာ၊ နှောင်းမီကျေးရွာ၊ ဒွန်ဘန်ကျေးရွာ၊ မန်ပန်ကျေးရွာ၊ ဝါရာဇွပ်ကျေးရွာ၊ လဝါးကျေးရွာများကိုလည်း မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ဆက်လက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး (ဖားကန့်)**

### အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို စက်တင်ဘာ ၂၈ ရက်က စတင်ဖွင့်လှစ်ထားပြီး အောက်တိုဘာ ၂၃ ရက်အထိ ဖွင့်လှစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တတ်မြောက်ထားရမည့် မီးသတ်ပညာ၊ စစ်ရေးပြပညာ၊ ရှာဖွေကယ်ဆယ်ရေးပညာ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သင်ကြားသွားမည်ဖြစ်ရာ နေ့စဉ်သင်ကြားနေမှုအခြေအနေကို မအူပင်ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းနှင့်အဖွဲ့က အောက်တိုဘာ ၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ သင်တန်းသို့ မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ၅၂ ခုမှ သင်တန်းသား ၁၀၀ တက်ရောက်လျက်ရှိပြီး သင်တန်းတွင် ယူနီဖောင်းအပြည့်အစုံနှင့် နေ့တွက်စရိတ်များပါထုတ်ပေး၍ သင်ကြားပေးနေကြောင်း သိရသည်။ **သပြေထွန်း**

### ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ငါးသိုင်းချောင်းမြို့ပြည်သူ့အားကစားကွင်း၌ ကျင်းပနေသော ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်က ဆက်လက်ကျင်းပခဲ့ပြီး ဒေသခံဘောလုံးဝါသနာရှင်ပရိသတ်များက ပြိုင်ပွဲတစ်လျှောက် နေ့စဉ်လာရောက်အားပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသော ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ကစားသမားများအနက် ခြေစွမ်းထက်ပြီး သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီမှုရှိသော ကစားသမားများကို ဧရာဝတီယူနိုက်တက်ဘောလုံးအသင်းက ရွေးချယ်ခေါ်ယူမြေတောင်မြှောက်ပေးသွားမည်ဖြစ်သဖြင့် အားကစားသမားများမှာလည်း ကြိုးစားယှဉ်ပြိုင်လျက်ရှိကြကြောင်း သိရသည်။

**စိုးမင်းဦး (ပြန်/ဆက်)**

### မီးဘေးသင့်အိမ်ထောင်စုများအတွက် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဟေမမာလာ(မြောက်)ရပ်ကွက် မီးလောင်မှုတွင် မီးဘေးသင့်ခဲ့သော ပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ အောက်တိုဘာ ၅ ရက်က ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။ မိုးပွင့်အထူးစီမံချက် အပိုင်း(၂)အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မီးဘေးသင့်အိမ်ထောင်စု ၂၂ စုမှ အိမ်ထောင်စုဝင် ၂၂ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

### ဂန့်ဂေါတွင် စက်ချုပ်သင်တန်းဆင်း

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်ပညာသင်တန်းဆင်းပွဲကို ပနန်းစံပြကျေးရွာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းအောင်က အမှာစကားပြောကြားပြီး ဆုရရှိသူ သုံးဦးအား ဆုများချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ ဂန့်ဂေါမြို့ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသ ပနန်း၊ ယင်းမာ၊ စင်ပုံနှင့် စံပယ်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# ဟော်လန်တို့ ခြေကုန်ဖွင့်ရမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်



ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို အောက်တိုဘာ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မဖြစ်မနေ နိုင်ပွဲရအောင် ကြိုးစားမယ့် ဟော်လန်၊ အုပ်စု ပထမနေရာရအောင် ကြိုးစားမယ့် နော်ဝေနဲ့ နိုင်ပွဲဆက်တိုက်ရယူဖို့ အားထုတ်လာမယ့် အီတလီတို့ရဲ့ တိုက်စစ်ဖွင့်ကစားမှုတွေကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ နာမည်ကြီး အသင်းတွေရဲ့ စွမ်းဆောင်မှုဟာ ဘယ်လိုရလဒ်တွေအထိ ထွက်ပေါ်လာမယ်ဆိုတာ စောင့်ကြည့်အားပေးရဦးမှာဖြစ်ပါတယ်။

**ကာဇက်စတန်နှင့် ဟော်လန်**

အုပ်စု(A)မှာ ဟော်လန်တို့ ရှစ်ပွဲကစားပြီးချိန်မှာ ၁၀ မှတ်သာရထားလို့ ခြေစစ်ပွဲအောင်ဖို့ အကြိတ်အနယ်ရုန်းကန်ရဖို့ ရှိနေပါတယ်။ ကာဇက်စတန်တို့ကတော့ နိုင်ပွဲတစ်ပွဲမှ မရသေးတာမို့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်လို့ မရတော့တဲ့ အခြေနေပါပဲ။ ပထမအကျော့ ဟော်လန်ကွင်းမှာ ဟော်လန်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ထားတဲ့အပြင် အခုပွဲက ခြေကုန်ဖွင့်ကစားမယ့် ကိန်းဆိုက်နေပါတယ်။ အုပ်စုကွင်းမှာ ခြေစစ်ပွဲအောင်ဖို့ Play-off ကစားရတဲ့ အခွင့်အရေးရရှိဖို့အတွက် ပြိုင်ဘက်တူရကီရဲ့ အမှားကို စောင့်ရမှာဖြစ်ပေမယ့် ဒီပွဲကိုလည်း သေချာပေါက် အနိုင်ရလဒ်ကိုရအောင်ယူဖို့ လိုအပ်နေတာမို့ ဟော်လန်တို့ အမှတ်ပြည့်ရယူမယ့်ပွဲပါပဲ။

**အဇာဘိုင်ဂျန်နှင့် အီတလီ**

အုပ်စု(H)မှာတော့ အီတလီတို့ ရှုံးပွဲမရှိ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ အဇာဘိုင်ဂျန်တို့ကတော့ ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့ပေမယ့် အိမ်ကွင်းမှာ အီတလီကို အကောင်းဆုံး ပြင်ဆင်ပြီး ရင်ဆိုင်ပါလိမ့်မယ်။ ပထမအကျော့ အီတလီကွင်းမှာ အီတလီတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း အဇာဘိုင်ဂျန်အတွက် မျှော်လင့်ချက်ထားလို့မရတဲ့ အနေအထားပါပဲ။ အီတလီတို့ကတော့ ခြေစစ်ပွဲ အောင်ဖို့ ခိုင်မာတဲ့ ခြေလှမ်းနဲ့ တက်လှမ်းရေးမှာ အခုပွဲက နောက်ဆုံးဖြစ်တာကြောင့် အနိုင်ရလဒ်ကလွဲပြီး အခြားရလဒ်ကို ရွေးချယ်မှာ မဟုတ်ပါဘူး။

**ချက်နှင့် တူရကီ**

အုပ်စု(A)မှာ ခြေစစ်ပွဲအောင်ဖို့ ရင်ပူစရာမလိုတော့တဲ့ ချက်အသင်းအတွက် ဖိအားကင်းကင်းနဲ့ ကစားမယ့် အနေအထားပါပဲ။ တူရကီတို့ကတော့ ခြေစစ်ပွဲအောင်ဖို့ ဒီပွဲရလဒ်က အရေးပါနေပြီး ဟော်လန်ရဲ့ ဖိအားပေးမှုကလည်း ရှိနေတာမို့ သေချာပေါက်နိုင်ပွဲရမှ ဖြစ်ပါလိမ့်မယ်။ ပထမအကျော့ တူရကီကွင်းမှာ ချက်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ အခုပွဲမှာ ချက်တို့ ဘယ်လိုပြင်ဆင်မှုတွေနဲ့ ပွဲထွက်ရင်ဆိုင်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အခုတစ်လော ခြေစွမ်းကောင်းလာတဲ့ တူရကီတို့ ရလဒ်ကောင်း ပိုင်ဆိုင်သွားနိုင်တဲ့ အခြေအနေလည်း ဖြစ်ပေါ်သွားနိုင်ပါတယ်။

**နော်ဝေနှင့် မော်လ်တာ**

အုပ်စု(H)မှာ နော်ဝေတို့ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အခြေအနေကောင်းနေပါတယ်။ ရှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲမှ မရသေးတဲ့ မော်လ်တာတို့ကတော့ အခုပွဲမှာလည်း ဂိုးမပြတ်ဖို့ဘဲ အာရုံစိုက်ရဦးမှာပါ။ နော်ဝေတို့ကတော့ ဒီပွဲကို အနိုင်ကစားပြီး ခြေစစ်ပွဲအောင်ဖို့ ကြိုးစားလာမှာမို့ အိမ်ကွင်းမှာ မော်လ်တာကို ဖိအားပေးပြီး ကစားပါလိမ့်မယ်။ ပထမအကျော့ မော်လ်တာကွင်းမှာနော်ဝေတို့က သုံးဂိုးပြတ်အနိုင်ရထားတာမို့အခုပွဲက နော်ဝေကွင်းဖြစ်တာကြောင့် ဂိုးပြတ်သွင်းပြီး နော်ဝေတို့ နိုင်ပွဲရဦးမှာဖြစ်ပါတယ်။

**အစ္စရေးနှင့် ဆိုက်ပရပ်စ်**

အုပ်စု(B)မှာအစ္စရေးတို့က ခြေစစ်ပွဲ အောင်ဖို့ Play-off အခွင့်အရေးရအောင် အားထုတ်ဖို့ရှိနေပါတယ်။ အစ္စရေးဟာ ပထမအကျော့ ဆိုက်ပရပ်စ်ကွင်းမှာ ကစားတဲ့အခါ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဆိုက်ပရပ်စ်တို့ကတော့ ခြေစစ်ပွဲအောင်ဖို့ မဖြစ်နိုင်တော့တာမို့ အခုပွဲမှာ အားထည့်မှာတော့ မဟုတ်ပါဘူး။ အစ္စရေးတို့က နောက်ဆုံးအခွင့်အရေးတစ်ရပ်အဖြစ် လက်မလွှတ်တမ်း အသုံးချမှာမို့ ခြေကုန်ဖွင့်ပြီး အနိုင်ရလဒ်ကို သေသေချာချာ အကောင်အထည်ဖော်ပါလိမ့်မယ်။

**ဘော့စနီးယားနှင့် ဝေးလ်**

အုပ်စု(B)မှာ ခြေစစ်ပွဲ အောင်ဖို့ အခြေအနေကောင်းပြီဖြစ်တဲ့ ဝေးလ်တို့ကတော့ ဒီပွဲမှာလည်း အနိုင်ရအောင် ကြိုးစားသွားဖို့ ရှိနေပါတယ်။ ဒါပေမယ့် ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ရှင်သန်ရေး ဒီပွဲကို အနိုင်ရအောင် ကြိုးစားလာမယ့် ဘော့စနီးယားကို လျှော့တွက်လို့တော့မရပါဘူး။ ပထမအကျော့ဝေးလ်ကွင်းမှာ ဂိုးမရှိ သရေပွဲ ကစားထားတဲ့ ဘော့စနီးယားတို့က အခုပွဲမှာ နိုင်ပွဲရအောင် အကြိတ်အနယ် အားထုတ်လာမှာမို့ အိမ်ရှင်အတွက် အခြေအနေကောင်းသွားမယ့်ပွဲ ဖြစ်သွားနိုင်ပါတယ်။

# ယူရိုခြေစစ်ပွဲအတွက် စပိန်အသင်းနှင့်အတူ ဒီဂီယာ လေ့ကျင့်ပြီ



ယူရို ၂၀၁၆ ခြေစစ်ပွဲအဖြစ် လူဇင်ဘတ်၊ ယူကရိန်းတို့နဲ့ ကစားမယ့်ပွဲများအတွက် ပါဝင်ကစားဖို့ စပိန်ဂိုးသမား ဒီဂီယာအနေဖြင့် လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒီပွဲမှာ ဒဏ်ရာရနေတဲ့ ဆာဂျီယိုရာမို့စ် ပါဝင်နိုင်မှာ မဟုတ်ပေမယ့် ဒီဂီယာကတော့ ပါဝင်ကစားဖို့ သေချာနေပါတယ်။ သို့ပေမယ့် ဥရောပချန်ပီယံ စပိန်အသင်းအနေနဲ့ ခြေစစ်ပွဲအောင်ဖို့ ရှိနေဆဲဖြစ်ပါတယ်။ ဒီဂီယာဟာ ပရီမီယာလိဂ်မှာ မန်ယူအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားလာနိုင်တဲ့အတွက် စပိန်အသင်းက ပြန်လည်ခေါ်ယူထားပါတယ်။ ဒီဂီယာနဲ့အတူ ပရီမီယာလိဂ် ကစားသမား ခုနစ်ဦး ပါဝင်ဖို့ စပိန်အသင်းနဲ့အတူ လေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်။ စပိန်အသင်းအနေနဲ့ သောကြာနေ့မှာ ကစားမယ့် ပြိုင်ပွဲမှာ အနိုင်ရမယ်ဆိုရင် ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်အသင်းဖြစ်လာဖို့ ရှိပါတယ်။ စပိန်အသင်းမှာ မာတာ၊ ဖာဘရီဂတ်စ်နဲ့ ကာဇိုလာ၊ ဒေးဗစ်ဆေးလ်ဗားတို့လည်း ပါဝင်မှာဖြစ်ပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။

# တစ်လတာ အကောင်းဆုံးကစားသမားဆုရသွားတဲ့ မာရှယ်

မန်ယူတိုက်စစ်မှူး အန်ထော်နီမာရှယ်ဟာ အကောင်းဆုံး ခြေစွမ်းပြကစားပြီးနောက် ဩဂုတ်လနဲ့ စက်တင်ဘာလအတွက် PFA Fan ပရီမီယာလိဂ် အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာ ရှိသေးတဲ့ မာရှယ်ဟာ ယခုနွေရာသီက ပေါင် ၃၆ သန်းနဲ့ မိုနာကိုကလပ်မှ ပြောင်းရွှေ့ကစားခဲ့ရာမှာ ဈေးအကြီးဆုံး လူငယ်ကစားသမား ဖြစ်ခဲ့ပါတယ်။ သူဟာ မန်ယူက ဆန်းဒါးလန်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ လီဆက်တာ စီးတီး တိုက်စစ်မှူး ရီးယာ့ဒ်မာရက်နဲ့ဝက်စ်ဟမ်း တောင်ပံတိုက်စစ်မှူး ဒီမီထရီပါယက်တို့လည်း ဒီဆုရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ ယခုနှစ်ရာသီမှာ "ပရီမီယာလိဂ်အတွက် လအလိုက် ပရိသတ်တွေ အကောင်းဆုံးကစားသမားတွေကို ဆန္ဒမဲပေး ရွေးချယ်ပေးသွားတယ်လို့ ဆိုပါတယ်။





# ယူရိုခြေစစ်ပွဲနဲ့ ရွန်းနေ လွဲဖွယ်ရှိ

အင်္ဂလန်အသင်းအနေနဲ့ သောကြာနေ့နဲ့ တနင်္လာနေ့ ညတွေမှာ ယူရိုခြေစစ်ပွဲတွေအဖြစ် ကစားဖို့ရှိပါတယ်။ မန်ယူ တိုက်စစ်မှူး ရွန်းနေအနေနဲ့ ဒီပြိုင်ပွဲတွေနဲ့ ဒဏ်ရာရထားတဲ့အတွက် ပါဝင်ဖွယ်မရှိပါဘူး။ လီဗာပူး ကစားသမားတွေဖြစ်တဲ့ ဒန်နီအင်းနဲ့ ရှီးဗလီးတို့လည်း ဒဏ်ရာတွေနဲ့ ရုန်းကန်ကြိုးစားနေရပါတယ်။ ဂျွန်စတုန်းကတော့ ဒူးခေါင်းဒဏ်ရာကြောင့် အင်္ဂလန်အသင်းနဲ့ ပါဝင်ကစားဖို့ ရုပ်သိမ်းသွားခဲ့ပါတယ်။ အဲဗာတန် နောက်တန်းကစားသမား ဂျွန်စတုန်းဟာ ဝက်စ်ဘရွန်းနဲ့ လီဗာပူးတို့နဲ့ ကစားတဲ့ ပြိုင်ပွဲတွေမှာလည်း ဒဏ်ရာကြောင့် လွဲချော်ခဲ့ပါတယ်။ သို့ပေမယ့် ဝေါကော့နဲ့ တောင်ဆင်းတို့ကိုတော့ အင်္ဂလန် နည်းပြ ရွိုင်းဟော့ဆင်က ခေါ်ယူထားပါတယ်။ အင်္ဂလန်အသင်းအနေနဲ့ သောကြာနေ့မှာ အက်စ်တိုးနီးယားနဲ့ ကစားရမှာဖြစ်ပြီး တနင်္လာနေ့မှာတော့ လစ်သူယေးနီးယားအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

# ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးမှု လက်တွေ့သရုပ်ပြ



**မူဆယ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခြင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ သိရှိသင့်သည့် အချက်များ လက်တွေ့သရုပ်ပြခြင်းနှင့် ရွေးကောက်ပွဲအတွက် မဲရုံများ စီမံဆောင်ရွက်ထားမှု အသိပညာပေးခြင်းများကို မဲရုံအမှတ်(၁) ဖွင့်လှစ်မည့် ဟိုပွန်ရပ်ကွက်ရှိ အထက(၂) ကျောင်း၌ အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက မဲရုံများလုံခြုံရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်မည့်အစီအစဉ်များကို လက်တွေ့ ရှင်းလင်းသရုပ်ပြသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက မဲရုံဧရိယာ သတ်မှတ်ဆောင်ရွက်ပုံ၊ မဲရုံတည်ဆောက်ပုံ၊ မဲရုံမှူးနှင့် မဲရုံတာဝန်ခံများ၏ တာဝန်များ၊ မဲဆန္ဒပေးသူများအနေဖြင့် မဲကတ်ပြား ထုတ်ယူပုံ၊ မဲပေးပုံအဆင့်ဆင့်၊ မဲပေးပုံနည်းစနစ်များ၊ ကိုယ်တိုင်မဲပေးခြင်းနှင့် ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ပုံများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

"အခုလို လက်တွေ့မြင်ရပြီး ကိုယ်တိုင် ဆန္ဒပြုခန်းမှာ၊ တံဆိပ်ရိုက်ကြည့်၊ မဲထည့်ကြည့်တာ လက်တွေ့လုပ်ကြည့်တော့ လာမယ့်ရွေးကောက်ပွဲကြီးအတွက် အဆင်ပြေသွားသလို ကိုယ်နဲ့နီးစပ်တဲ့လူတွေကို ပြောပြလို့ရတဲ့အတွက် ဒီသရုပ်ပြပွဲဟာ အထူးအကျိုးရှိပါတယ်"ဟု သရုပ်ပြပွဲသို့ လာရောက်လေ့လာသူ ဦးစိုင်းမောင်လူက ပြောသည်။

သရုပ်ပြပွဲသို့ မူဆယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မင်းမင်းဦးနှင့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတာဝန်ရှိသူများ၊ မူဆယ်မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊လေ့လာသူပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းဇော် (ရွှေလီဦး)**

**"အခုလို လက်တွေ့မြင်ရပြီး ကိုယ်တိုင်ဆန္ဒပြုခန်းမှာ တံဆိပ်ရိုက်ကြည့်၊ မဲထည့်ကြည့်တာ လက်တွေ့လုပ်ကြည့်တော့ လာမယ့်ရွေးကောက်ပွဲကြီးအတွက် အဆင်ပြေသွားသလို ကိုယ်နဲ့နီးစပ်တဲ့လူတွေကို ပြောပြလို့ရတဲ့အတွက် ဒီသရုပ်ပြပွဲဟာ အထူးအကျိုးရှိပါတယ်"**

# အင်းတော်မြို့နယ်မှ ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပစ္စည်းများ မရသေး

**အင်းတော် အောက်တိုဘာ ၈**

ရေဘေးကြုံတွေ့ခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)က စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီအသင်း(မုံရွာ)သို့ ပေးပို့ထားပြီးဖြစ်သော်လည်း အင်းတော်မြို့နယ်မှ သွားရောက်ထုတ်ယူနိုင်ခြင်း မရှိသေးသဖြင့် ရေဘေးသင့်ပြည်သူများမှာ အဆိုပါထောက်ပံ့ပစ္စည်းများကို အောက်တိုဘာ ၇ ရက်အထိ မရရှိသေးကြောင်း သိရသည်။

ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း မော်လူးဒေသမှ လူနေအိမ်ခုနစ်လုံး၊ မဲဇာဒေသမှ အိမ်လေးလုံးနှင့် အင်းတော်ဒေသမှ အိမ်တစ်လုံး စုစုပေါင်း ၁၂ လုံးမှာ ရေမျောပါပျက်စီးခဲ့သည်။ အဆိုပါအိမ်ထောင်စု ၁၂ စုအတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)က စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီအသင်း(မုံရွာ)သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ထားခဲ့သဖြင့် မုံရွာမြို့သို့ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း သွားရောက်ထုတ်ယူနိုင်ခြင်းမရှိသေးသဖြင့် မရရှိသေးခြင်းဖြစ်ကြောင်း အင်းတော်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**ကိုမင်း (အင်းတော်)**

# သောက်သုံးရေရရှိမှု စစ်တမ်းကောက်ယူခြင်း ပြီးစီး

**မြန်အောင် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ရေမီတာသုံး ရေပိုက်လိုင်းများ စနစ်တကျသွယ်တန်းရေးတို့အတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်တမ်းကောက်ယူခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၁၇ ရွာ၌ စစ်တမ်းများကောက်ယူနေခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိမှုနှင့် ရေမီတာသုံး ရေပိုက်လိုင်း စနစ်တကျအသုံးပြုနိုင်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေစစ်တမ်းကောက်ယူခြင်းကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလကုန်ပိုင်းက စစ်တမ်းကောက်ယူမှု ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းမိုလ် (မြန်အောင်)**





အင်တာနက်အစီအစဉ်အသစ်များနဲ့
အလျှင်မြန်ဆုံးအင်တာနက်ကိုရယူစို့
မြန်မာနိုင်ငံရဲ့အကောင်းဆုံး 3G ကွန်ရက်ပေါ်မှာ သူငယ်ချင်းများနဲ့ စကားပြောဆိုခြင်း၊ သီချင်းနားထောင်ခြင်း၊ ဂိမ်းကစားခြင်းနဲ့ ရုပ်ရှင်ကြည့်ခြင်းတို့ ပြုလုပ်နိုင်ပါပြီ။ ပိုမိုသက်သာတဲ့ ဈေးနှုန်းအသစ်များနဲ့ အူရီဒူးရဲ့နေ့စဉ်သုံးနဲ့ လစဉ်သုံးအင်တာနက်အစီအစဉ်များထဲမှ မိတ်ဆွေနဲ့အသင့်တော်ဆုံး အစီအစဉ်ကို ရွေးချယ်နိုင်ပါပြီ။
ooredoo
နေ့စဉ်သုံး
70MB
၁၉၀ ကျပ်
*5001# သို့ ခေါ်ဆိုပါ
လစဉ်သုံး
550MB
၂,၈၀၀ ကျပ်
*5002# သို့ ခေါ်ဆိုပါ
လစဉ်သုံး
1.35GB
၆,၅၀၀ ကျပ်
*5003# သို့ ခေါ်ဆိုပါ
လစဉ်သုံး
2.5GB
၁၁,၅၀၀ ကျပ်
*5004# သို့ ခေါ်ဆိုပါ
လစဉ်သုံး
5.5GB
၂၅,၀၀၀ ကျပ်
*5005# သို့ ခေါ်ဆိုပါ
Viber
စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။
အသေးစိတ်ကို ooredoo.com.mm မှာဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## သင်တန်းကျောင်းအုပ်ချုပ်ရေးမှူး

# လျှောက်လွှာခေါ်ယူခြင်း

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (A.G.T.I Society) သည် အင်းစိန် ရွာမရပ်ရှိ ယခင်ဂျီတီအိုင်ကျောင်းဝင်းအတွင်း၌ Vocational Training Centre ဖွင့်လှစ်ထားရှိပါသည်။

အဆိုပါသင်တန်းကျောင်း အုပ်ချုပ်ရေးမှူး (Administrator) ရာထူးအတွက် ဖော်ပြပါအရည်အချင်းများနှင့်ကိုက်ညီသောအမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ အသက်(၄၀ နှင့် ၅၅ နှစ်)ကြား ဖြစ်ရမည်။
၃။ ပညာအရည်အချင်း A.G.T.I (သို့မဟုတ်) အခြား ဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
၄။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်နှင့်အထက် စီမံခန့်ခွဲမှုအတွေ့အကြုံ ရှိရမည်။

**အခြားအရည်အချင်းများ**

(က) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောကျွမ်းကျင်မှုရှိရမည်။
(ခ) ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ် Ms office ကျွမ်းကျင်ရမည်။

**မှတ်ချက်။** ။ CV များကို ဓာတ်ပုံ(၂)ပုံပူးတွဲ၍ အောက်ဖော်ပြပါလိပ်စာသို့ ၂၀-၁၀-၂၀၁၅ ရက်၊ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်။

**ဆက်သွယ်ရန်လိပ်စာ။** ။ G.T.I ကျောင်းသားဟောင်းများအသင်း၊ အမှတ် ၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန် ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅

## ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အထက နတ်တလင်းမြို့၏

# (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

နတ်တလင်းမြို့၊ အထက၊ နတ်တလင်း၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း အောက်ပါအစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပါမည်။

အထက၊ နတ်တလင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူဟောင်းများအား ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အဝေးရောက် ဆရာ ဆရာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရန်ကုန်မြို့**-ဦးမြင့်ဆွေ ဖုန်း-၀၁-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၀၁-၅၃၇၈၃၉၊ ဦးသိန်းထွန်း ဖုန်း-၀၁-၅၈၄၇၃၃၊ ဦးဝင်းအောင် ဖုန်း-၀၉-၇၃၁၂၇၈၃၂၊ ဦးအုန်းမြင့် ဖုန်း-၀၉-၂၅၄၂၇၆၃၉၊ ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၁၄၆၂၅၊ ဦးသိန်းကြွယ် ဖုန်း-၀၉-၅၀၂၇၅၂၇

**နတ်တလင်းမြို့**-ဦးမြင့် ဖုန်း-၀၉-၃၁၆၀၃၀၉၉၊ ဦးတင်ထွဋ် ဖုန်း-၀၅၃-၃၆၀၈၃၊ ဦးမြင့်စိုး ဖုန်း-၀၅၃-၃၆၀၃၁၊ ဒေါ်စန်းမြင့် ဖုန်း-၀၅၃-၃၆၁၈၈၊ ဒေါ်အေးအေးမော် ဖုန်း-၀၅၃-၃၆၈၉၀၊ ဦးဇော်မြင့် ဖုန်း-၀၉-၄၂၃၇၃၅၇၇၄

**ကျင်းပမည့်နေ့ရက်** - ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်
၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့
**ကျင်းပမည့်နေရာ** - အထက၊ နတ်တလင်း၊ နတ်တလင်းမြို့
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁ နာရီ

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ အထက၊ နတ်တလင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဓာတုဗေဒစစ်ဆေးရေးဌာန (နေပြည်တော်)

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာနမှ အသုံးပြုရန်လိုအပ်သော ဓာတုဆေးရည်/ဆေးမှုန့်များနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက်မှ ၃၀-၁၀-၂၀၁၅ ရက်ထိ
**အိတ်ဖွင့်တင်ဒါသွင်းရမည့် ရက်** - ၂-၁၁-၂၀၁၅ ရက်မှ ၆-၁၁-၂၀၁၅ ရက်ထိ (ရုံးချိန်အတွင်း)

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းအား ၁၂-၁၁-၂၀၁၅ ရက် နံနက် ၉း၃၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ လှတော်ဝင်လမ်းရှိ ဓာတုဗေဒစစ်ဆေးရေးဌာနတွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ နေပြည်တော်၌ သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၈၁၀၃၂၉၆၊ ၀၆၇-၈၁၀၃၂၉၈၊ ၀၆၇-၈၁၀၃၂၉၉ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)**

ဆရာကြီးဦးကြာမြင့် (ဗေဒင်အချုပ်မဟာဘုတ်) ၏တပည့်

# ဆရာဦးလင်းအောင် (ဝိဇ္ဇာနည်းကျမြန်မာ့ဗေဒင်)

ရေးသားပြုစုသည့် အင်္ဂဝိဇ္ဇာ ပညာနှင့် ကျွန်တော်၏ ဟောချက်များ အမှတ် (၁) (၂) (၃) (၄) (၅) (၆) စာအုပ်များ ဝယ်ယူလိုပါက ဗိုလ်တထောင်ဘုရား ဈေးရှိ ဆရာဦးလင်းအောင် (ဝိဇ္ဇာနည်းကျမြန်မာ့ဗေဒင်) ဆိုင်ခန်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် -ဗိုလ်တထောင်ဘုရားဈေး။ ဖုန်း-၀၉ ၅၁၇၄၃၅၇
ဖြန့်ချိရေး -မိုးကျော်စာပေ၊ အမှတ်(၃၈၅/၃၈၇)၊ ၂၉-လမ်းနှင့် ရွှေဘုံသာလမ်းကြား၊ ဗိုလ်ချုပ်လမ်းမကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၄၅၂၅၇၇၊ ၀၉ ၅၀၈၉၈၈၃

# အမည်ပြောင်း

ဦးအေးမင်း ၁၀/မလမ(နိုင်)၀၈၁၅၉၂ ၏သား မော်လမြိုင်မြို့ အထက (၉) စတုတ္ထတန်း(A)မှ မောင်ဟိန်းမင်းကျော် အား မောင်သော်ဇင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သော်ဇင်လင်း**

# မိဘအမည်မှန်

ဘားအံမြို့၊ အမှတ်(၄) အထက တက္ကသိုလ်ဝင်တန်း(C)မှ စောစိုးကျော်ကျော်၏ မိဘအမည်မှန်မှာ ဦးစောခင်ရှိန် ၃/ဘအန(နိုင်)၀၇၅၆၆၄ နှင့် ဒေါ်နန်းသန်းခင် ၃/ဘအန(နိုင်)၀၆၅၄၃၆ တို့ဖြစ်ပါကြောင်း။

**ဦးစောခင်ရှိန်-ဒေါ်နန်းသန်းခင်**

# စန္ဒီမယ်တော်(ဒုရ်ဂါ)ပူဇော်ပွဲကျင်းပမည်

ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာအစဉ်အလာအတိုင်း နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၀၇)ရှိ သျှရီဒူရ်ဂါဘာရီ(စန္ဒီမယ်တော်)ကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော စန္ဒီမယ်တော်(ဒုရ်ဂါ)ပူဇော်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၉ ရက် (တနင်္လာနေ့)မှ အောက်တိုဘာ ၂၂ ရက် (ကြာသပတေးနေ့)အထိ ၄ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုဖူးမြော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**စန္ဒီမယ်တော်(ဒုရ်ဂါ) ပူဂျာ ကျင်းပရေးကော်မတီ (၂၀၁၅)**

**အမည်ဖြည့်စွက်**

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးမောင်လှအောင်၏သမီး မလှစိုးသန်း ၁၁/မပန(နိုင်)၀၈၂၃၈၆ အား မလှစိုးသန်း(ခ)မလှစောသန်းဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

**မလှစိုးသန်း(ခ)မလှစောသန်း**

# အမည်မှန်

ဦးဝင်းခိုင်ထွေး ၅/ဝသန(နိုင်)၀၀၀၂၅၆ ၏သမီး စဉ့်ကိုင်မြို့နယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မစုရဒီ ၉/စကတ(နိုင်)၁၀၈၉၉၅၏ အမည်မှန်မှာ မစုရတီ ဖြစ်ပါကြောင်း။

**မစုရတီ**

# တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းအုပ်စု၊ ဘုရားကုန်းကျေးရွာနေ ဦးခင်မောင်မြင့် ၉/ပမန(နိုင်)၂၂၆၀၄၈ ၏ သမီး မရတနာဖြိုးနှင့် မရတနာစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မရတနာဖြိုး(ခ)မရတနာစိုး**

# အမည်မှန်

ဦးဝင်းဗိုလ်၏သမီး လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(D)မှ မနှင်းမူဝင်း၏ အမည်မှန်မှာ မနှင်းမွန်ဝင်း ဖြစ်ပါသည်။

# အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျရပ်ကွက်နေ ဦးဝင်းမြင့် ၉/ပမန(နိုင်)၁၀၆၂၂၂ ၏သမီး မအေးအေးမြင့်(ခ)မရီမာမြင့်အား ယနေ့မှစ၍ မအေးသံစဉ်ချိုဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

# ဖခင်အမည်မှန်

လားရှိုးမြို့၊ နောင်မွန်ကျေးရွာ၊ အထက(ခွဲ)၊ အဋ္ဌမတန်းမှ မအိချော၏ အမည်မှန်မှာ မအေးချောဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမင်းခိုင် ဖြစ်ပါသည်။

# အမည်ပြောင်း

ဦးစိုးမြင့် ၁၂/မဂဒ(နိုင်)၀၁၁၉၁၈-ဒေါ်တင်ဆွေကြီး ၁၃/မကန(နိုင်)၀၅၃၅၁၇ တို့၏သား လောက်ကိုင်မြို့၊ အထက(၁) အဋ္ဌမတန်းမှ မောင်ဉာဏ်လင်းထွန်းအား မောင်ကျော်ဇော်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ် အမှန်မှာ ၂၉-၅-၂၀၀၂ ဖြစ်ပါကြောင်း။

# အမည်မှန်

လားရှိုးမြို့၊ အထက(၈) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အားဖာ၏ ဖခင်အမည်မှန်မှာ ဦးဖာဝမ်း ၁၃/ကလက(နိုင်) ၀၁၈၆၀၆ ဖြစ်ပါသည်။

**ဦးဖာဝမ်း**

# အမည်ပြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၃)နေ ဦးစိုင်းရွှေမြင့် ၁၃/လရန(နိုင်)၀၇၁၆၇၂ ၏သမီး (တက္ကသိုလ်ဝင်တန်းအောင်) နန်းစိန်နုအား နန်းဆုဝတီနွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းဆုရတီနွေး**



# ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်/မှော်ဘီ)တွင် ကုသိုလ်ဖြစ်(အခမဲ့)မျက်စိအတွင်းတိမ်ရောဂါများ ခွဲစိတ်ကုသပေးမည်

၁။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ထိုင်းနိုင်ငံမှ မျက်စိအထူးကုပါရဂူ ဆရာဝန်ကြီးများအဖွဲ့က အတွင်းတိမ်/မျက်စိရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်။

၂။ ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများပူးပေါင်းကာ ပဏာမစစ်ဆေးခြင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ(၅/၆/၇)ရက်များတွင် ချမ်းမြေ့ရိပ်သာ(ရန်ကုန်)တွင် ပြုလုပ်ပါမည်။

၃။ မျက်စိ(အတွင်းတိမ်)ခွဲစိတ်ရန် ရွေးချယ်ခြင်းခံရသော မျက်စိရောဂါဝေဒနာရှင်များကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ (၁၉/၂၀/၂၁)ရက်များတွင် ချမ်းမြေ့ရိပ်သာ(မှော်ဘီ)ရှိ ကုသိုလ်ဖြစ် မျက်စိဆေးခန်း၌ ခွဲစိတ်ကုသ မျက်ကပ်မှန်(အခမဲ့) ထည့်သွင်းပေးပါမည်။

၄။ မျက်စိရောဂါဝေဒနာ ကုသလိုသူများသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ(၃၀)ရက်မတိုင်မီ **ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်) အမှတ်(၅၅/က)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။** ဖုန်း-၀၁-၆၆၁၄၇၉၊ ၀၁-၆၅၂၅၈၅၊ ၀၉-၇၃၀၁၂၃၃၃ တို့သို့ ဆက်သွယ်စာရင်းပေးရန် ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၁၁၃၇၄၊ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၇/ပမန(နိုင်)၁၂၉၁၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

# ညောင်ဦးမြို့၊ ရှေးဟောင်းသမိုင်းဝင်ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ဦးမြို့၊ ရှေးဟောင်းသမိုင်းဝင်ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ အကြိမ်(၉၅၆)ကြိမ်မြောက် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုနှစ်တွင် အစဉ်အလာမပျက် ပျော်ပွဲ၊ ရှင်ပွဲများဖြင့် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် ၁၉-၁၁-၂၀၁၅ ရက်မှ တန်ဆောင်မုန်းလကွယ်နေ့ ၁၁-၁၂-၂၀၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ဈေးဆိုင်ခန်းဖွင့်၍ ရောင်းချလိုသူများအနေဖြင့် ရောင်းချမည့်ကုန်ပစ္စည်းအမျိုးအမည်များကို ဖော်ပြလျက် ဆိုင်ကြီး(၁)ခန်း (၂၀၀၀၀ိ/-)၊ ဆိုင်ခန်းသေး(၁)ခန်း (၁၅၅၀၀ိ/-)နှုန်းဖြင့် ကျသင့်ငွေ တစ်ပါတည်းအကျေပေးသွင်းရမည်ဖြစ်သည်။

ဈေးဆိုင်ဟောင်းများအနေဖြင့် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လကွယ်နေ့ ၁၁-၁၁-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်သွင်းကြရမည်။ ၄င်းရက်ကျော်လွန်ပါက ဆိုင်သစ်အဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ညောင်ဦးမြို့**
**ဖုန်း-၀၆၁-၆၀၈၂၅၊ ၀၉-၂၀၄၃၉၀၉**

## ပျောက်ဆုံးကြောင်း

Phyo Service Co.,Ltd. ၏ ID.No. 777386, 712880, 751685, 755145, 785799, 832842, 824924, 811062, 824813, 824817, 809297, 786851 တို့၏ မော်တော်ယာဉ်သွင်းကုန်ကြေညာလွှာ ပျောက်ဆုံးသွားပါသဖြင့် ကြေညာအပ်ပါသည်။ **ဖုန်း-၀၁-၂၅၂၁၀၀၊ ၀၉-၄၅၀၀၂၃၇၈၆**

## ပျောက်ဆုံးကြောင်း

Phyo Service Co.,Ltd. Toyota Kluger ID.No.702261, ILV/14-15/2954 ၏ မော်တော်ယာဉ်သွင်းကုန်စာရွက်များအားလုံး ပျောက်ဆုံးသွားပါသဖြင့် ကြေညာအပ်ပါသည်။
**ဖုန်း-၀၁-၂၅၂၁၀၀၊ ၀၉-၄၅၀၀၂၃၇၈၆**


STI MYANMAR UNIVERSITY
University of Bedfordshire

**STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။**

**Faculty of Health Science** NEW!

1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK

**Faculty of Education & Linguistics**

Master of Education in Leadership and Management

**ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်**

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့်ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်**

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

**Faculty of Business**

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

**Faculty of Engineering**

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန် Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni www.stiedu.net

# တပ်မတော်သားများသည် ပြည်သူကြားမှပေါက်ဖွားလာသဖြင့် ပြည်သူနှင့်ဆက်ဆံရေးကောင်းမွန်ရမည်

စာမျက်နှာ-၆

## ယနေ့ မာတိကာ


လေကြောင်းမှားယွင်း တိုက်ခိုက်မှုအတွက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ကို အိုဘားမားတောင်းပန် စာ ၄

၂၀၁၇ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဘယ်သူဖြစ်မလဲ စာ ၅


# အပစ်ရပ်စာချုပ်အား RCSS အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ လက်မှတ်ရေးထိုးမည်

သတင်း-ရဲခေါင်ညွန့် မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် အောက်တိုဘာ ၈

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့က လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs)တို့အကြား (NCA) လက်မှတ် ရေးထိုးနိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် အကြိုညှိနှိုင်းအစည်းအဝေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

UPWC နှင့် EAOs တို့၏ ဒုတိယအကြိမ်မြောက် အကြိုညှိနှိုင်း

စာမျက်နှာ ၇ ကော်လံ ၅ ●





# မြန်မာအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ထပ်မံရှုံးနိမ့်

သတင်း-ညီမြတ်သော်တာ ➢ ဓာတ်ပုံ-MFF

ဗန်ကောက် အောက်တိုဘာ ၈

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအသင်းမှာ လက်ဘနွန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ယခုပွဲသည် မြန်မာအသင်း၏ အိမ်ကွင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရသော်လည်း ကွင်းပိတ်ခံထားရသောကြောင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စူပါချာလာစိုင်းကွင်း၌ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ယခင်ပွဲများထက် ပိုကောင်းသည့် ခြေစွမ်းကိုပြသနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းဂိုးမသွင်းနိုင်ခြင်း၊ ခံစစ်ပိုင်းအားနည်းချက်များရှိခြင်းတို့ကြောင့် ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို ထိုင်းနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်အများအပြား လာရောက်အားပေးခဲ့ကြသည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး မျိုးမင်းလတ် (ဂိုး)၊ ကျော်ဇင်လွင်၊ ဇော်လင်း၊ ခင်မောင်လွင်၊ နန္ဒကျော်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ ဒေးဗစ်ဒန်း၊ သီဟဇော်၊ ကျော်ကိုကို၊ သန်းပိုင်တို့ဖြင့်

စာမျက်နှာ ၁၄ ကော်လံ ၁ ❒






မြန်မာ့အလင်း
mmalin.npt@gmail.com,
www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း
လူမှုစီးပွားအားကစား
၂၀၁၅ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**ပြည်မြန်မာ ငြိမ်းချမ်းသာယာစေဖို့**

စာ - ၃



လူမှုစီးပွား

- **လက်ကိုင်ရှည် လက်တွန်းထွန်စက် အရစ်ကျရောင်းချ**

စာ - ၄



# တိုက်စစ်မှူး ပယ်လီရဲ့ ခြေစွမ်းနဲ့အတူ စောင့်ကြည့်ရမယ့် အီတလီ



**အောင်က**

အီတလီအသင်းရဲ့ လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ၁၃ အဖြစ် ရပ်တည်နေပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့ လပိုင်းတွေက ကစားခဲ့တဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေမှာ အနိုင်ရအောင်ကစားနိုင်ခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ အီတလီအသင်းဟာ ၂၀၀၆ ကမ္ဘာ့ဖလားရရှိခဲ့ပြီးနောက်ပိုင်း အသင်းရဲ့အခြေအနေဟာ အတော်ကလေးကို ဆိုးရွားခဲ့ပြီး ၂၀၁၀ကမ္ဘာ့ဖလားနဲ့ ၂၀၁၄ ကမ္ဘာ့ဖလားတွေမှာတော့ အုပ်စုအဆင့်နဲ့သာ ကျေနပ်ပြန်ခဲ့ရတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် အဲ့ဒီကြားထဲမှာမှ အီတလီအသင်းရဲ့ကောင်းကွက်တစ်ခုက ပြီးခဲ့တဲ့ ယူရို ၂၀၁၂ခုနှစ်မှာ ဗိုလ်လုပွဲအထိတက်ရောက်လာနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်လုပွဲမှာတော့ စပိန်ကို ၄-၀နဲ့ အပြတ်အသတ်ရှုံးနိမ့်ခဲ့ရပါတယ်။

**အီတလီအသင်းရဲ့တိုးတက်မှု**

ဒါကြောင့်လည်း ပြီးခဲ့တဲ့ နှစ်တွေအတွင်း အီတလီအသင်းရဲ့ တိုးတက်မှုတွေကို ကြည့်မယ်ဆိုရင်တော့ တိတိပပပြောပြလို့ရလောက်အောင် မတွေ့ရပါဘူး။ အနီးကပ်ဆုံး ပြိုင်ပွဲကို ပြောရမယ်ဆိုရင်လည်း ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပါပဲ။ ဘရာဇီးကမ္ဘာ့ဖလားမှာတုန်းက အီတလီအသင်းဟာ အုပ်စု (ဒီ)မှာ ကော်စတာရီကာ၊ ဥရုဂွေး၊ အင်္ဂလန်အသင်းတို့နဲ့အတူ ကျရောက်ခဲ့ပေမယ့် အီတလီနဲ့အင်္ဂလန်နှစ်သင်းစလုံးဟာ အုပ်စုအဆင့်ကတောင်တက်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒါတွေကြောင့် အီတလီအသင်းရဲ့ ကျရိပ်ဟာ ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားရပြီးနောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ကျဆင်းခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် အီတလီအသင်းဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားနောက်ပိုင်းမှာ အသင်းရဲ့ယိုယွင်းနေတဲ့ အပိုင်းတွေကို အကောင်းဆုံးပြင်ဆင်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အီတလီအသင်းဟာ ၂၀၁၄ ကမ္ဘာ့ပြီးနောက်ပိုင်းပွဲတွေတိုင်းမှာ အနိုင်ရရှိအောင်နဲ့ မရှုံးနိမ့်ရအောင် ကြိုးစားကစားနိုင်ခဲ့ပါတယ်။ အီတလီအသင်းဟာ ဘရာဇီးကမ္ဘာ့ဖလားအပြီးမှာ ယူရိုခြေစစ်ပွဲအပါအဝင် ခြေစစ်ပွဲအားလုံး စုစုပေါင်း ၁၁ ပွဲအထိ ကစားခဲ့ပေမယ့် ပေါ်တူဂီနဲ့ ခြေစမ်းကစားတဲ့တစ်ပွဲပဲ ၁-၀နဲ့ ရှုံးနိမ့်နေခဲ့ပါသေးတယ်။

စာ - ၂ သို့

## ယူရို ၂၀၁၆ ခြေစစ်ပွဲများ

**သောကြာနေ့ (၉-၁၀-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (စနေနံနက်) | မက်ဆီဒိုးနီးယား | - | ယူကရိန်း |
| နံနက် ၁း၁၅ (စနေနံနက်) | ဆလိုဗက်ကီးယား | - | ဘီလာရုစ် |
| နံနက် ၁း၁၅ (စနေနံနက်) | စပိန် | - | လတ်ဆင်းဘတ် |
| နံနက် ၁း၁၅ (စနေနံနက်) | အင်္ဂလန် | - | အက်စတိုးနီးယား |
| နံနက် ၁း၁၅ (စနေနံနက်) | ဆလိုဗေးနီးယား | - | လစ်သူယေးနီးယား |
| နံနက် ၁း၁၅ (စနေနံနက်) | ဆွစ်ဇာလန် | - | ဆန်မာရီနို |
| နံနက် ၁း၁၅ (စနေနံနက်) | လီချင်စတိန်း | - | ဆွီဒင် |
| နံနက် ၁း၁၅ (စနေနံနက်) | မော်လ်ဒိုဗာ | - | ရုရှား |
| နံနက် ၁း၁၅ (စနေနံနက်) | မွန်တီနီဂရိုး | - | ဩစတြီးယား |

**စနေနေ့ (၁၀-၁၀-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | အိုက်စလန် | - | လတ်ဗီးယား |
| ည ၁၀း၃၀ | ကာဇက်စတန် | - | ဟော်လန် |
| ည ၁၀း၃၀ | အဇာဘိုင်ဂျန် | - | အီတလီ |
| ည ၁၀း၃၀ | နော်ဝေ | - | မော်လ်တာ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ချက် | - | တူရကီ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | အန်ဒိုရာ | - | ဘယ်ဂျီယံ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဘော့စနီးယား | - | ဝေလ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | အစ္စရေး | - | ဆိုက်ပရပ်စ် |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ခရိုအေးရှား | - | ဘူဂေးရီးယား |

**တနင်္ဂနွေနေ့ (၁၁-၁၀-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဖာရိုကျွန်းစု | - | ရိုမေးနီးယား |
| ည ၁၀း၃၀ | ဖင်လန် | - | မ/အိုင်ယာလန် |
| ည ၁၀း၃၀ | ဂရိ | - | ဟန်ဂေရီ |
| ည ၁၀း၃၀ | အာမေးနီးယား | - | အယ်ဘေးနီးယား |
| ည ၁၀း၃၀ | ဆားဘီးယား | - | ပေါ်တူဂီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဂျာမနီ | - | ဂျော်ဂျီယာ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဂျီဘရော်တာ | - | စကော့တလန် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ပိုလန် | - | အိုင်ယာလန် |

**တနင်္လာနေ့ (၁၂-၁၀-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဩစတြီးယား | - | လီချင်စတိန်း |
| ည ၁၀း၃၀ | ရုရှား | - | မွန်တီနီဂရိုး |
| ည ၁၀း၃၀ | ဆွီဒင် | - | မော်ဒိုဗာ |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ဘီလာရုစ် | - | မက်ဆီဒိုးနီးယား |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | လတ်ဆင်းဘတ် | - | စလိုဗက်ကီးယား |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ယူကရိန်း | - | စပိန် |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | အက်စ်တိုးနီးယား | - | ဆွစ်ဇာလန် |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | လစ်သူရေးနီးယား | - | အင်္ဂလန် |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ဆမ်မာရီနို | - | စလိုဘေးနီးယား |

**အင်္ဂါနေ့ (၁၃-၁၀-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လတ်ဗီးယား | - | ကာဇက်စတန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဟော်လန် | - | ချက် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | တူရကီ | - | အိုက်စလန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘယ်ဂျီယံ | - | အစ္စရေး |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဆိုက်ပရပ်စ် | - | ဘော့စနီးယား |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဝေလ | - | အန်ဒိုရာ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘူဂေးရီးယား | - | အဇာဘိုင်ဂျန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | အီတလီ | - | နော်ဝေ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | မော်လ်တာ | - | ခရိုအေးရှား |

UEFA EURO2016 FRANCE

## ပီအက်စ်ဂျီအတွက် ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးပေးရန် အီဘရာဟီမိုဗစ်ကို ပေါ်လက်တာ တိုက်တွန်း



ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၏ ကလပ်သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးစံချိန်ရှင်ဟောင်းဖြစ်သူ ပေါ်တူဂီတိုက်စစ်မှူးဟောင်း ပေါ်လက်တာက တိုက်စစ်မှူး အီဘရာဟီမိုဗစ်အား ပီအက်စ်ဂျီအသင်းအတွက် ချန်ပီယံလိဂ်ဆုဖလားရယူပေးရန် တိုက်တွန်းခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်(၃၄နှစ်)သည် ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်တွင် မာဆေးအသင်းအား ၂-၁ ဖြင့် အနိုင်ရရှိခဲ့သော ပြင်သစ်ပထမတန်းပွဲစဉ်၌ ပယ်နယ်တီမှတစ်ဆင့် နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းအတွက် စုစုပေါင်း သွင်းဂိုး ၁၁၀ ရှိသွားပြီဖြစ်ကာ ယခင်က သွင်းဂိုး ၁၀၉ ဂိုးဖြင့် ပီအက်စ်ဂျီအသင်းအတွက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူ ပေါ်လက်တာ(၄၂နှစ်)၏စံချိန်ကိုချိုးဖြတ်ကာ ပီအက်စ်ဂျီအသင်း သမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သူဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲဖူး ခြင်းမရှိသေးသည့် ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ သုံးရာသီတွင် ပြင်သစ်ပထမတန်း ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်မှုများတွင်မူ ကွာတားဖိုင်နယ်အဆင့်အထိသာ တက်ရောက်နိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပြီးနောက် အီဘရာဟီမိုဗစ်ထံ ပေါ်လက်တာပေးပို့ခဲ့သည့်စာတွင် “အီဘရာဟီမိုဗစ်၊ ခင်ဗျားဟာ ကျွန်တော်လေးစားရတဲ့သူတစ်ဦးပါ။ ခင်ဗျားအတွက် ဂုဏ်ယူပါတယ်။ ပီအက်စ်ဂျီအသင်းမှာ ကျွန်တော်တင်ထားခဲ့တဲ့စံချိန်ကို ကျွန်တော်လေးစားရသူတစ်ဦးက ချိုးဖြတ်သွားခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ ပေါ်တူဂီအသင်းမှာ ကျွန်တော်တင်ထားတဲ့ ဂိုးသွင်းအများဆုံးစံချိန်ကိုလည်း ခရစ္စတီယာနိုရော်နယ်ဒိုက ချိုးဖြတ်နိုင်ခဲ့တယ်။ ပီအက်စ်ဂျီအသင်းမှာ ကျွန်တော်ပါဝင်ကစားခဲ့စဉ်တုန်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တစ်ရာသီသာ ကစားဖြစ်ခဲ့တယ်။ ဒါပေမယ့် ခင်ဗျားအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပီအက်စ်ဂျီအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ဖို့ အချိန်တွေရှိတယ်လို့ ကျွန်တော်ထင်တယ်။ ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ဆုဖလားရယူနိုင်ဖို့ စွမ်းရည်ရှိတဲ့အသင်းပါ။ ဒီလိုအောင်မြင်မှုအတွက် ပီအက်စ်ဂျီအသင်းဟာ ခင်ဗျားကိုလိုအပ်ပါတယ်”ဟု ရေးသားထားကြောင်း ပီအက်စ်ဂျီအသင်းက ဖော်ပြခဲ့သည်။



## မော်ရင်ညိုအပေါ် ထောက်ခံမှုရှိကြောင်း ချယ်လ်ဆီးအသင်း သတင်းထုတ်ပြန်

ချယ်လ်ဆီးအသင်းအနေဖြင့် လက်ရှိအချိန်တွင် ရလဒ်ဆိုးများနှင့် ကြုံတွေ့နေရသော်လည်း မန်နေဂျာ ဟိုဆေးမော်ရင်ညိုအပေါ် ထောက်ခံမှုအပြည့်အဝရှိကြောင်း ချယ်လ်ဆီးအသင်းက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ရှစ်ပွဲကစားပြီးချိန်တွင် ရှုံးပွဲလေးပွဲကြုံတွေ့ထားခဲ့ရသကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း ကစားခဲ့ပြီးဖြစ်သည့် စုစုပေါင်း ၁၁ ပွဲတွင်လည်း နိုင်ပွဲလေးပွဲသာရရှိထားကာ နှစ်ပွဲ သရေကျထားပြီး ငါးပွဲရှုံးနိမ့်ထားသည်။

ပေါ်တူဂီလူမျိုး မန်နေဂျာ မော်ရင်ညို(၅၂နှစ်)က ချယ်လ်ဆီးအသင်းအနေဖြင့် သူ့အား ရာထူးမှထုတ်ပယ်နိုင်သော်လည်း သူကိုယ်တိုင်အနေဖြင့်မူ ချယ်လ်ဆီးမန်နေဂျာရာထူးမှ နုတ်ထွက်မည်မဟုတ်ကြောင်း ပြောဆိုထားသည်။ ထို့အပြင် မန်နေဂျာမော်ရင်ညိုက ချယ်လ်ဆီးအသင်းသည် မိမိအား ရာထူးမှ ထုတ်ပယ်ခဲ့ပါက ချယ်လ်ဆီးအသင်း သမိုင်းကြောင်းတစ်လျှောက် အကောင်းဆုံးမန်နေဂျာကို ထုတ်ပယ်ခြင်းဖြစ်လိမ့်မည်ဟု သတိပေးပြောဆိုခဲ့သည်။ ချယ်လ်ဆီးအသင်းက မန်နေဂျာမော်ရင်ညိုနှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်၌ “ချယ်လ်ဆီးအသင်းဟာ မန်နေဂျာ မော်ရင်ညိုအပေါ် အပြည့်အဝ



ဆက်လက်ထောက်ခံသွားမယ်ဆိုတာကို သိစေချင်ပါတယ်။

ချယ်လ်ဆီးရဲ့ လက်ရှိရလဒ်တွေမကောင်းဘဲ အသင်းကိုပြုပြင်မှုတွေပြုလုပ်ဖို့ လိုနေတယ်ဆိုတာကို မော်ရင်ညိုကိုယ်တိုင် နားလည်ထားတယ်။ ဒါပေမယ့် မော်ရင်ညိုဟာ ချယ်လ်ဆီးအသင်းကို ပြောင်းလဲမှုတွေပြုလုပ်ပေးဖို့ အသင့်တော်ဆုံးမန်နေဂျာဖြစ်တယ်လို့ ချယ်လ်ဆီးအသင်းက ယုံကြည်ထားတယ်။ မော်ရင်ညိုမှာ ဒီလိုလုပ်ဆောင်နိုင်ဖို့ လုံလောက်တဲ့အသင်းမျိုးလည်း ရှိနေတယ်”ဟု ဖော်ပြထားသည်။ ချယ်လ်ဆီးအသင်းကပ္ပတိန် ဂွန်တယ်ရီကလည်း ချယ်လ်ဆီးကစားသမားများသည် မန်နေဂျာမော်ရင်ညိုအပေါ် ယုံကြည်မှုရှိနေဆဲဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ဆုဖလားနှင့် ကားလင်းဖလား (Capital One Cup)တို့ကို သုံးကြိမ်စီ၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို တစ်ကြိမ်စီ ရယူပေးထားနိုင်ခဲ့သူ မော်ရင်ညိုသည် ချယ်လ်ဆီးအသင်း မန်နေဂျာများအနက် အသင်းအတွက် ဆုဖလားအများဆုံး ရယူပေးနိုင်သည့် မန်နေဂျာအဖြစ် ရပ်တည်နေသူဖြစ်သည်။

---

ထက်အောင်

## ဘွန်ဒက်စ်လီဂါချန်ပီယံမဖြစ်သေးဟု ဘိုင်ယန်နည်းပြ ဂွာဒီယိုလာ သတိပေး

*ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ယခုနှစ် ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိနေသော်လည်း ချန်ပီယံဆုရရှိခြင်း မရှိသေးကြောင်း ဘိုင်ယန်အသင်း နည်းပြဂွာဒီယိုလာက သူ၏ ကစားသမားများအား သတိပေးပြောဆိုလိုက်သည်။*

*၂၀၁၅-၁၆ ခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ်(၈)ပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ရှစ်ပွဲစလုံး အနိုင်ရရှိကာ ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေကာ ဒုတိယနေရာမှ ဒေါ့မွန်အသင်းထက် ခုနစ်မှတ်အသာ ရရှိထားသည်။ ဘိုင်ယန်မြူးနစ်သည် အောက်တိုဘာ ၄ ရက်တွင် ဒေါ့မွန်ကိုအိမ်ကွင်း၌ လက်ခံကစားခဲ့သော ဘွန်ဒက်စ်လီဂါပွဲစဉ်၌ ၅-၁ ဖြင့် အနိုင်ရယူနိုင်ခဲ့သည်။*

*ဒေါ့မွန်နှင့်ပွဲကစားပြီးချိန်တွင် နည်းပြဂွာဒီယိုလာက “ဘိုင်ယန်မြူးနစ်ကစားသမားတွေအတွက် ဂုဏ်ယူပါတယ်။ ဒေါ့မွန်နဲ့ပွဲမှာ ဘိုင်ယန်မြူးနစ်က အဖွင့်ဂိုး မသွင်းယူနိုင်ခင် အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ဂိုးသွင်းခွင့်တွေလည်း များများစားစား မဖန်တီးနိုင်ခဲ့ဘူး။ ဒေါ့မွန်ကို ကျွန်တော်တို့ ၅-၁ နဲ့ နိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အမှားအယွင်းများစွာပြုလုပ်ခဲ့ပြီး ဒီအမှားတွေကို ပြုပြင်ရဦးမှာပါ။ ဒေါ့မွန်အသင်းလို ဥရောပအကောင်းဆုံးစာရင်းဝင်အသင်းတစ်သင်းကို အခုလိုအနိုင်ရခဲ့တဲ့အတွက်တော့ ကျွန်တော်ပျော်ရွှင်မိပါတယ်။ လက်ရှိအချိန်မှာ ဘယ်အသင်းမှ ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလားကို မရရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း လက်ရှိခြေစွမ်းကို ဆက်လက်ထိန်းထားနိုင်ဖို့ ကြိုးစားသွားရမှာဖြစ်ပါတယ်”ဟု ဘိုင်ယန်မြူးနစ်ကစားသမားများကို သတိပေးပြောဆိုခဲ့သည်။*



*ပြီးခဲ့သည့် သုံးရာသီဆက်တိုက် ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလားကို ရရှိထားသည့် ဘိုင်ယန်မြူးနစ်သည် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် ချန်ပီယံဆု ၂၅ ကြိမ်ရရှိထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် စံချိန်တင်ထားသည့်အသင်း ဖြစ်သည်။*

*နည်းပြ ဂွာဒီယိုလာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ချုပ်ဆိုထားသည့်စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအပြီးတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ ကားလ်ဟိန်းရှမင်နစ်ဂျ်က နည်းပြဂွာဒီယိုလာနှင့် စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမှုများကို အဆောတလျင်ပြုလုပ်သွားမည်မဟုတ်ဟု ပြောဆိုခဲ့သည်။*

---

>> ရှေ့ဖုံးမှ

### နည်းပြကွန်တီရဲ့လုပ်ဆောင်မှု

အီတလီအသင်းနဲ့ အခုလို ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် နိုင်ပွဲတွေဆက်တိုက်ရနေတာဟာ နည်းပြကွန်တီရဲ့ အရည်အချင်းတွေကြောင့် ဆိုရင်တော့ မှားမယ်မထင်ပါဘူး။ ကွန်တီဟာ ဂျူဗင်တပ်စ်အသင်းနဲ့အတူ အောင်မြင်မှုတွေရယူနိုင်ခဲ့ပြီး ၂၀၁၄ခု နှစ် ဩဂုတ်လမှ ပရန်ဒယ်လီရဲ့ နေရာကို အစားထိုးဝင်ရောက်ပြီး အီတလီ နည်းပြအဖြစ် လုပ်ကိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိအရှိမှာ ကွန်တီဟာ အီတလီအသင်းကို ၁၂ ပွဲအထိ ကိုင်တွယ်ထားခဲ့သူဖြစ်ပြီး အရှုံးတစ်ပွဲသာရှိပါသေးတယ်။ ဒါတင်မကပါဘူး။ ၁၉၇၇ ခုနှစ်ကတည်းက အနိုင်ရရှိအောင် ကစားနိုင်ခြင်းမရှိခဲ့တဲ့ နော်ဝေအသင်းကိုလည်း ကွန်တီဟာ အသင်းကို သူကိုင်တွယ်ခဲ့စဉ်အတွင်း ၂-၀ နဲ့ အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လက်ရှိ အီတလီအသင်းအနေနဲ့ အောင်မြင်မှုတွေ ရရှိနေတာဟာ နည်းပြကွန်တီရဲ့ အရည်အချင်းတွေကြောင့်လို့ ဆိုရင်တော့ မှားမယ်မထင်ပါဘူး။

### အီတလီရဲ့မျိုးဆက်ပြတ်မှု

လက်ရှိကမ္ဘာ့ဘောလုံးလောကကို ကြည့်မယ်ဆိုရင် အီတလီဟာ ဘောလုံးကစားသမားကောင်း တဖြည်းဖြည်းနဲ့ရှားပါးလာပြီလို့ ပြောရမှာပါ။ လက်ရှိ ကမ္ဘာ့ထိပ်တန်းကလပ်အသင်းကြီးတွေမှာ သွားရောက်ကစားနေတဲ့ အီတလီလက် ရွေးစင်ကစားသမားကိုရွေးပါဆိုရင်တောင် ရွေးချယ်ရခက်နေပါပြီ။ ဒါကြောင့်လည်း တစ်ချိန်ကအကောင်းဆုံးဖြစ်ခဲ့တဲ့ သက်ကျားအိုကစားသမားဖြစ်တဲ့ ပီယာလိုနဲ့ ဘူဖွန်တို့ကို လက်ရွေးစင်အသင်းမှာ ပြန်လည်ခေါ်ယူထားရတာလည်း ဖြစ်ပါတယ်။ လက်ရှိ အီတလီအသင်း ရွေးချယ်ထားတဲ့ လူစာရင်းကို ကြည့်မယ်ဆိုရင်တောင် ဥရောပမှာထွက်ပြီး ပြည်ပကလပ်အသင်းတွေမှာ သွားရောက်ကစားနေတဲ့ ကစားသမားတွေဟာ လက်ဝချောင်း တောင်မပြည့်ပါဘူး။ ဒါကြောင့်လည်း အီတလီအသင်းအနေနဲ့ အနာဂတ်မှာ အောင်မြင်မှုတွေရရှိနိုင်ဖို့ဆိုရင် မျိုးဆက်သစ်ကစားသမားကောင်းများစွာ လိုအပ်တယ်လို့လည်း ပြောရမှာပါ။

### ပယ်လီရဲ့အခန်းကဏ္ဍ

လက်ရှိအီတလီအသင်းကို ကြည့်မယ်ဆိုရင်တော့ တိုးတက်မှုရှိနေတဲ့ ကစားသမားတစ်ဦးကတော့ ဆောက်သမ်တန်တိုက်စစ်မှူး ပယ်လီပဲဖြစ်ပါတယ်။ ပယ်လီဟာ ၂၀၁၄ ခုနှစ်ကစတင်ကာ ဖီယင်နော့အသင်းကနေ ဆောက်သမ်တန်အသင်းကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ သူဟာ အသင်းကို စတင်ရောက်ရှိခဲ့တဲ့ နှစ်မှာပဲ အသင်းနဲ့အတူ ပရီမီယာလိဂ် ၃၈ ပွဲ လုံး ပါဝင်ကစားခဲ့ပြီး ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ဆောက်သမ်တန်အသင်းနဲ့အတူ ပရီမီယာလိဂ် ခြောက်ပွဲကစားပြီး လေးဂိုး သွင်းယူထားသူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိ အီတလီအသင်းရဲ့ တိုက်စစ်မှူးတွေထဲမှာတော့ ခြေအစွာဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ရမှာလည်း ဖြစ်ပါတယ်။ ပယ်လီဟာ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်းမှသာ အီတလီလက်ရွေးစင်အသင်းမှာ စတင်ပါဝင်ကစားခွင့် ရရှိခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ပယ်လီဟာ အီတလီအသင်းနဲ့အတူ ပါဝင်ကစားထားတဲ့ ရလဒ်တွေကတော့ ခြောက်ပွဲပါဝင်ကစားပြီးချိန်မှာ သုံးဂိုးသွင်းယူထားနိုင်တာကြောင့် မဆိုးဘူးလို့ ဆိုရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ပွဲတွေမှာတော့ အီတလီအသင်းရဲ့ အောင်နိုင်မှုတွေဟာ ပယ်လီရဲ့ ခြေစွမ်းတွေနဲ့တော့ တိုက်ရိုက်သက်ဆိုင်လာမလားဆိုတာကလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အီတလီအသင်းဟာ လက်ရှိယူရို ၂၀၁၆ အုပ်စု(D)မှာတော့ ထိပ်ဆုံးမှာ ရပ်တည်နေပေမယ့် အနည်းဆုံးတော့ တစ်ပွဲအနိုင်ရရှိအောင်ကစားရမှာလည်း ဖြစ်ပါတယ်။ အီတလီအသင်းဟာ အောက်တိုဘာ ၁၀ ရက်မှာ အဇာဘိုင်ဂျန်နဲ့ ကစားဖို့ရှိနေသလို ၁၄ ရက်မှာလည်း နော်ဝေအသင်းနဲ့ ကစားဖို့ရှိပါတယ်။ ဒါကြောင့် အဲ့ဒီပွဲတွေမှာ အီတလီအသင်းအနေနဲ့ နည်းပြကွန်တီရဲ့ နည်းဗျူဟာနဲ့အတူ တိုက်စစ်မှူးပယ်လီအနေနဲ့ ခြေစွမ်းပြဂိုးတွေသွင်းယူနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ **အောင်က**



# ပြည်မြန်မာ ငြိမ်းချမ်းသာယာစေဖို့

## ငြိမ်းချမ်းရေး၏ ပုံရိပ်များ

ကျွန်တော်သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဆောင်းပါးများကို ၁၉၉၀ ပြည့်လွန်နှစ်များဆီက စတင်ရေးသားခဲ့ရာ နှစ်ပေါင်း ၄၀ ကျော်ဆိုသော စကားစုကို တွင်တွင်ကြီးသုံးခဲ့ရသည်။ ထိုစကားစုသည် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၄၀ ကျော်အထိ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခများဖြစ်ပွားပြီး ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးကွာနေခြင်းကို ရည်ညွှန်းပါသည်။ ထိုမှ နှစ်ပေါင်း ၅၀ ကျော်ဆိုသည့် စကားစုကို သုံးခဲ့ရပြန်သည်။ ဆက်လက်၍ နှစ်ပေါင်း ၆၀ ကျော်. . . . .

ခေတ်အဆက်ဆက် အစိုးရများဖြစ်သော ဖဆပလ၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တပ်မတော်အစိုးရတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ကိုယ်စီကိုယ်င ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရသည်။ တပ်မတော်အစိုးရလက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသောအခါ နယ်စပ်ဒေသများတွင် အထိုက်အလျောက် တည်ငြိမ်အေးချမ်းမှု ရရှိခဲ့သည်။ ထိုကာလများတွင် တပ်မတော်မှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များက မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ငြိမ်းချမ်းရေးအတွက် စွန့်စွန့်စားစားသွားလာ ဆောင်ရွက်ခဲ့သည်ကိုအမှတ်ရမိသည်။ ဥပမာအားဖြင့် ကယားပြည်နယ်အတွင်း ကလလတအဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နှစ်ဖက်မြေပြင်တပ်ဖွဲ့များ မယ်စဲ့၌ချိန်းဆိုကာ လွိုင်ကော်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာမည့် တပ်မတော်မှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များကို စောင့်ဆိုင်းခဲ့ကြသည်။ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုမရှိသဖြင့် သေနတ်မောင်းခလုတ်ပေါ် လက်ညှိုးတင်၍သတိအနေအထားဖြင့်ရှိနေခဲ့ကြကြောင်း၊ မယ်စဲ့မြို့ပေါ်ရောက်ရှိလာသော ရဟတ်ယာဉ်အနေဖြင့်လည်း အောက်မှာတွေ့မြင်နေရသည့် စိမ်းစိမ်းညို့ညို့ ယူနီဖောင်းဝတ်လူအုပ်ကြီးသည် တပ်မတော်သားတွေလား၊ ကလလတအဖွဲ့ဝင်တွေလားမခွဲခြားနိုင်။ ဆင်းရကောင်းနိုးနိုး၊ မဆင်းလျှင် ကောင်းနိုးနိုးဖြင့် မြင့်မြင့်ကဝဲလိုက်၊ နိမ့်နိမ့်ကဝဲလိုက် ဝေခွဲမရဖြစ်ခဲ့ရကြောင်း၊ ယင်းနောက်မှ ငြိမ်းချမ်းရေးအတွက်မို့ ဖြစ်ချင်ရာဖြစ်စေတော့ သဘောပိုက်ကာ ဆင်းသက်ခဲ့ကြကြောင်း၊ ဦးထွန်းကျော်တို့ ကလလတခေါင်းဆောင်ပိုင်းအနေဖြင့်လည်း ရဟတ်ယာဉ်ဆင်းလာချိန်တွင် နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုပိုမိုခိုင်မာသွားကြကြောင်းကို ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ပါဝင်ခဲ့သော ဗိုလ်မှူးဖော်သက်နိုင် (ငြိမ်း)က ပြောပြဖူးသည်။ ပလောင်ဒေသတွင် PSLAအဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့စဉ်က ဗိုလ်မှူးသုတဆွေ(ငြိမ်း)သည် ငြိမ်းချမ်းရေးအကျိုးတော်ဆောင် နှစ်ဦးနှင့်အတူ သုံးရက်ခရီးခန့်အကွာအဝေး၌ သွားရောက်တွေ့ဆုံခဲ့ရသည်ကို အမှတ်ရမိပါသည်။

တပ်မတော်အစိုးရလက်ထက်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အန္တိမရည်မှန်းချက်တို့ မရောက်နိုင်ခဲ့။ လိုအပ်ချက်များစွာ၊ လိုလားချက်များစွာ ရှိနေဆဲဖြစ်သည်။ လက်ရှိနိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ၂၀၁၁ ခုနှစ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် NCCT၊ MPCတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် လာမည့် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

## NCA ၏ သမိုင်းဝင်နေ့စွဲများ

*** ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့ လိုင်ဇာထိပ်သီးညီလာခံတွင် NCAရေးဆွဲရန်အတွက် သဘောတူညီမှုရရှိခဲ့သည်။**

*** ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် UPWC နှင့် NCCT တို့အကြား NCA ညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သည်။**

*** ၂၀၁၄ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် နှစ်ဖက်တင်ပြလာသော NCAစာချုပ်များကို စာချုပ်တစ်ခုတည်း (NCA Single Text) အဖြစ် ပေါင်းစည်းရေးသားနိုင်ခဲ့သည်။**

*** ၂၀၁၅ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် NCA (မူကြမ်း)ကို ရရှိခဲ့ပါသည်။**

*** ၂၀၁၅ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် လောခီးလာ ထိပ်သီးညီလာခံကို ကျင်းပခဲ့ပြီး စာချုပ်အချောသပ်နိုင်ရန်အတွက် စတင်နိုင်ခဲ့သည်။**

*** ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် NCA စာချုပ်ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။**

*** ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် တိုင်းရင်းသားအဖွဲ့များ၏ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ပြီး NCA စာချုပ်ကို အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်သမ္မတကြီးက ဖိတ်ခေါ်ခဲ့ပါသည်။**

## NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀

NCA စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးပြီးပါက ပထမဆုံးခံစားရမည့် အကျိုးကျေးဇူးမှာ နယ်မြေဒေသအချို့၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများကို လျော့ကျသွားအောင်၊ ပပျောက်သွားအောင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (JMC) ကိုဖွဲ့စည်း၍ နှစ်ဖက်တပ်ဖွဲ့များအကြား နယ်မြေသတ်မှတ်ချက်ကို တိတိကျကျ ထဲထဲဝင်ဝင် ညှိနှိုင်းဆွေးနွေးသတ်မှတ်ပေးခြင်းဖြင့် လက်ရှိတိုက်ပွဲဖြစ်ပွားနေမှုများ၏ ရာခိုင်နှုန်း ၈၀ အား အချိန် ခြောက်လကာလအတွင်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဆိုသည်မှာလည်း JMC တွင် မိမိတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးခွင့်ရရှိရေးအတွက် NCA ကို လက်မှတ်ရေးထိုးသောတိုင်းရင်းသား အဖွဲ့အစည်း ဖြစ်နေဖို့လည်း လိုပေသည်။

NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းစွာ ဖော်ပြထားကြောင်းတွေ့ရသည်။ NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီး ၂၄ နာရီအတွင်း သဘောတူလက်မှတ်ရေးထိုးပြီးကြောင်း အောက်ခြေအဆင့်ဆင့်သို့ အသိပေးရန်၊ ငါးရက်အတွင်း စာချုပ်ပါအချက်အလက်များကို အောက်ခြေအဆင့်ဆင့်သို့ ရှင်းလင်းအသိပေးရန်၊ ၁၄ ရက်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပနိုင်ရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု (UPDJC) ဖွဲ့စည်းခြင်း၊ တိကျသော အချိန်ဇယားများရေးဆွဲခြင်း၊ ရက်ပေါင်း ၃၀ အတွင်း စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ စောင့်ကြည့်ရေး ကော်မတီလုပ်ငန်းလမ်းညွှန်ရေးဆွဲထုတ်ပြန်ခြင်း၊ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်း၊ အားလုံးပါဝင်ရေးမူဖြင့် ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် အချိုးအစားသတ်မှတ်ခြင်း၊ မည်သို့ဆွေးနွေးမည်ကိုသတ်မှတ်ခြင်း၊ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန် ပြည်ထောင်စု ညီလာခံကျင်းပခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

## ငြိမ်းချမ်းရေးအတွက် ကတိကဝတ်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) ကို အောက်တိုဘာလတွင် လက်မှတ်ရေးထိုးပြီးပါက လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးထား၍ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရမည်ဖြစ်သည်။ သို့ဖြစ်လျှင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်ဆိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြင်းပြသောလိုအင်ဆန္ဒသည်လည်း လမ်းကြောင်းမှန်စွာ ပြည့်ဝသွားမည်ဖြစ်သည်။ NCA ကို လက်မှတ်ရေးထိုးရာတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်၍ လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအနေဖြင့် တိုင်းရင်းသားအဖွဲ့များနှင့်အတူ ပြည်တွင်းနိုင်ငံရေးပါတီများ၊ နိုင်ငံတကာမှ တက်ရောက်လာသော အသိသက်သေများရှေ့၌ လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပြီး NCA စာချုပ်အား ပိုမိုယုံကြည်ခိုင်မာစေရန်အတွက် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းအတည်ပြုမည်ဖြစ်ရာ နောင်တက်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း NCA သည် ဆက်လက် ရှင်သန်သက်ဝင်နေမည်ဖြစ်ပေသည်။ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နှလုံးစိတ်ဝမ်းချမ်းမြေ့စွာ၊ ယုံကြည်မှုခိုင်မာစွာဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအလို့ငှာ နိုင်ငံတော်သမ္မတကြီးက အောက်တိုဘာ ၆ ရက် ရေဒီယိုမိန့်ခွန်း၌ အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်-

**"ကျွန်တော့်အနေနဲ့ အလေးအနက် ပြောချင်တာကတော့ (NCA)ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှာ စာချုပ်စာတမ်းတစ်ခုထက် ပိုပါတယ်။ ပြည်ထောင်စုအစိုးရဘက်က ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်များဟာ လပေါင်းများစွာ အချိန်ယူပြီး စာတစ်ပိုဒ်ချင်း၊ တစ်လုံးချင်းကို အလေးအနက်ဆွေးနွေးသဘောတူခဲ့ကြတာဖြစ်တဲ့အတွက် ဒီစာချုပ်ဟာ ယုံကြည်မှုတည်ဆောက်ခြင်းဆိုတဲ့ တန်ဖိုးတစ်ခုဖြစ်ပါတယ်။ ဆက်လက်အကောင်အထည်ဖော်ဖို့ တံခါးတစ်ချပ်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးရေးအတွက် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ အဆင်သင့်မဖြစ်သေးတာ၊ အချိန်ပိုပြီး လိုအပ်နေတာတွေရှိတယ်ဆိုတဲ့ ပြောဆိုချက်များကိုလည်း ကြားသိရပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ မည်သူ့ကိုမျှ ချန်ထားခဲ့လိုခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ပြည်ထောင်စုနေ့မှာ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများဟာ ရွေးကောက်ပွဲမတိုင်မီ NCA ကို လက်မှတ်ရေးထိုးပြီး ဆက်လက်အကောင်အထည်ဖော်သွားကြဖို့ ကတိပြုချက်မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NCA မှာ လက်မှတ်ရေးထိုးဖို့ အဆင်သင့်ဖြစ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ လက်မှတ်ရေးထိုးပြီး ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးဖို့ အဆင်သင့်မဖြစ်သေးတဲ့ အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ဖို့ လမ်းကြောင်းဖွင့်၊ တံခါးဖွင့်ပြင်ဆင်ထားမှာ ဖြစ်တဲ့ အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်"** မိန့်ကြားခဲ့ပါသည်။

## ကြိုဆိုပါသည် (NCA)

ကျွန်တော်ငယ်စဉ်က မြစ်ဝကျွန်းပေါ်ဒေသ၌ ဗကပတို့ကြီးစိုးခဲ့သဖြင့် မငြိမ်းချမ်းသောဘဝသို့ ကိုယ်တိုင်သက်ဆင်းကြုံတွေ့ခဲ့ဖူးသည်။ ထိုမှ ၁၉၇၃ ခုနှစ်တွင် ဗကပအမြစ်ပြတ်ပြီး ငြိမ်းချမ်းခြင်းအရသာကို ကောင်းစွာခံစားခဲ့ရသည်။ မငြိမ်းချမ်းသော ဒေသများအတွက်ကိုယ်ချင်းစာနာခဲ့မိသည်။ တပ်မတော်သားဘဝတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အချို့ကို အတူလက်တွဲဖော်ဆောင်ခဲ့ဖူးသဖြင့် ငြိမ်းချမ်းရေးဆိုသည့် အသံကိုကြားလိုက်သည်နှင့် စိတ်ဝင်စားသည်။ အောင်မြင်စေချင်ပါသည်။ ထို့ကြောင့်လည်း လာမည့်အောက်တိုဘာ ၁၅ ရက် လက်မှတ်ရေးထိုးမည့် NCA မှအစပြုသော ငြိမ်းချမ်းရေးခရီးလမ်းသည် အန္တိမရည်မှန်းချက်သို့တိုင် ဖြောင့်ဖြူးသာယာစွာ မလွဲမသွေရောက်ရှိမည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။

မြင့်စိုး(နတလ)

# ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် စပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ မြို့သစ်၌ကျင်းပ



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ခေတ်မီစိုက်ပျိုးရေးစနစ်များဖြင့် မျိုးကောင်း မျိုးသန့်များစိုက်ပျိုးပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ကာ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးစေရန် မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့်ဆောင်ရွက်လျက်ရှိရာ မြို့သစ်မြို့ လယ်ပြင်ကွင်းအမှတ် (၁၃၀၃)ရှိ ပုလဲသွယ်စံပြကွက်များနှင့် ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းများ၌ ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် စပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးအောင်ဝင်းက စိုက်ပျိုးရေးစနစ်မှန်ကန်စေရေး၊ တစ်ဧကအထွက်နှုန်းတိုးစေရေးနှင့် သမားရိုးကျစိုက်ပျိုးရာမှ သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များကို ပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍တက်ရောက်လာသောတောင်သူများက စိုက်ပျိုးနည်းနှင့်ပတ်သက်၍ သိလိုသည့်အချက်များနှင့် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြို့သစ်မြို့လယ်ပြင်ကွင်းမှ တောင်သူဦးမြင့်ဆွေ၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းအတွင်းသို့ ဓာတ်မြေဩဇာများကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းရေးအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

**မကွေးတိုင်းဒေသကြီး**

## လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး ကာလရှည် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချလျက်ရှိ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်းများမှ အသင်းသားတောင်သူများသို့ သမဝါယမဝန်ကြီးဌာန၏ အစီအမံအရ ငွေကျပ် ၄၁၈၀၅၈၂၈၈ တန်ဖိုးရှိ Daedong လယ်ထွန်စက်ကြီး ၁၆ စီးကို ကာလရှည်အရစ်ကျငွေချေစနစ်ဖြင့် ပထမအကြိမ်ဖြန့်ဖြူးရောင်းချပေးထားပြီး လက်တွန်းထွက်စက်၊ လယ်ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်စသည့် Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းမျိုးစုံကို ကာလရှည်အရစ်ကျငွေချေစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဂန့်ဂေါမြို့နယ်အတွင်းမှာ ယခုနှစ် မတ် ၉ ရက်ကစတင်ပြီး Daedong လယ်ယာသုံး စက်ကိရိယာပစ္စည်းတွေကို စိုက်ပျိုးရေးသမဝါယမအသင်းသား တောင်သူတွေကို ကာလရှည်အရစ်ကျငွေချေစနစ်နဲ့ ရောင်းချခဲ့ရာမှာ ယနေ့အထိ လယ်ထွန်စက်ကြီး ၁၆ စီးကို ရောင်းချပြီးဖြစ်ပါတယ်။ တစ်စီးလျှင်ငွေကျပ် ၁၉၄၇၁၂၈၉ တန်ဖိုးရှိ မြင်းကောင်ရေ ၅၀ အား လယ်ထွန်စက်ကြီး ခြောက်စီး၊ ငွေကျပ် ၂၄၂၆၁၉၂၃ တန်ဖိုးရှိ မြင်းကောင်ရေ ၆၀ အား လယ်ထွန်စက်ကြီး လေးစီးနဲ့တစ်စီးလျှင် ငွေကျပ် ၃၄၀၃၀၄၇၇ တန်ဖိုးရှိ မြင်းကောင်ရေ ၉၀ အား လယ်ထွန်စက်ကြီး ခြောက်စီး စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၈၀၅၈၂၈၈ တန်ဖိုးရှိ လယ်ထွန်စက်ကြီး ၁၆ စီးကို ပထမအကြိမ်အဖြစ် ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်သလို စံနှုန်းသတ်မှတ်ချက်နဲ့ ကိုက်ညီသူ အသင်းသားတွေကို ဆက်လက်ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်"ဟု ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာနမှူးဦးစီးမှူးက ပြောကြားသည်။

ယခုအခါ ဂန့်ဂေါမြို့နယ်အတွင်း သမဝါယမအသင်းသားတောင်သူများသို့ Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းအမျိုးမျိုး ဆက်လက်ရောင်းချပေးသွားမည့် အခြေအနေကို တောင်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များက ကျေးရွာများအရောက်ကွင်းဆင်းသွားရောက်ကာ Daedong လယ်ယာသုံး စက်ကိရိယာပစ္စည်းအမျိုးမျိုးတို့၏ စက်ပစ္စည်းဈေးနှုန်း၊ အာမခံကာလ၊ အရစ်ကျ ပြန်လည်ပေးဆပ်ရမည့်ကာလ၊ အရစ်ကျ ပြန်လည်ပေးဆပ်ရမည့်စနစ်၊ စက်၏ အရည်အသွေးစသည့် သိကောင်းစရာအချက်အလက်များကို တောင်သူများအား ဆွေးနွေးရှင်းလင်းတင်ပြသည်။

သမဝါယမဝန်ကြီးဌာနသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းအမျိုးမျိုး ၆၇၃၂ စီးကို ဝယ်ယူ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးသမဝါယမအသင်းများမှ အသင်းသားတောင်သူများသို့ ကာလရှည်အရစ် ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့ရာ စက်တင်ဘာ ၈ ရက် အထိ ၁၈၃၀ စီးကို ပထမအကြိမ်ရောင်းချပေးထားပြီး ကျန်ရှိသည့် Daedong လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**ဧရာဝတီတိုင်းဒေသကြီး**

## လက်ကိုင်ရှည် လက်တွန်းထွန်စက် အရစ်ကျရောင်းချ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ရည်ရွယ်၍ လပွတ္တာမြို့နယ်ရှိ အမှတ်(၉၇)စက်မှုလယ်ယာစခန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ထွန်စက်ကြီးမောင်းနှင်ထိန်းသိမ်းမှုနှင့် လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှုသင်တန်းကို လပွတ္တာမြို့နယ် ကသပေါင်းကျေးရွာအုပ်စု၌ ဖွင့်လှစ်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် လက်ကိုင်ရှည် လက်တွန်းထွန်စက် အရစ်ကျရောင်းချခြင်းကို လပွတ္တာမြို့နယ်ရှိ အမှတ် (၉၇) စက်မှုလယ်ယာစခန်း၌ အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

လက်ကိုင်ရှည် လက်တွန်းထွန်စက် ၁၈ စီးကို လပွတ္တာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးတင့်ဇော်က ကသပေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မန်းစလွန်းတင်ထံသို့ စက်ပစ္စည်းများနှင့် စာချုပ်များ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဒေသခံတောင်သူများစက်များကို အသုံးပြုရသည့်အတွက် လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ခရိုင် ပြန်/ဆက်)**



မြန်မာ့အလင်း

၄-၁၀-၂၀၁၅ (တနင်္ဂနွေနေ့)



# ရွှေ့လျားတီဘီလူနာရှာဖွေရေးအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေးတိုင်းဒေသကြီး**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်း၌ အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာနဇုန် (၂) မှ ဒေါက်တာ ဖုန်းဆုခိုင် ဦးဆောင်သော (TB/HIV Mobile Team ) အဖွဲ့သည် စက်တင်ဘာ ၅ ရက်က သပိတ်ကျင်းမြို့သို့ ရောက်ရှိလာပြီး သပိတ်ကျင်းမြို့ပေါ်ရှိ အထွေထွေရောဂါလူနာ ၁၅၂ ဦးအား ရောဂါရှာဖွေခြင်း၊ ဆေးကုသခြင်း၊ တီဘီသံသယလူနာများအား သလိပ်စစ်ခြင်း၊ Digital စက်ကြီးများဖြင့် ဓာတ်မှန်ရိုက်ပေးခြင်း၊ HIV ပိုး ရှိ/မရှိ သွေးဖောက်စစ်ပေးခြင်းတို့ကို မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၉ ဦးတို့က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ်အတွင်း ရွှေ့လျားတီဘီလူနာရှာဖွေရေးအဖွဲ့မှ ကွင်းဆင်းရောဂါရှာဖွေ ကုသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ဇွန် ၁၄ ရက်မှ ၁၈ ရက်များတွင် ပထမအကြိမ် ကွင်းဆင်းဆေးကုသမှုမှတ်တမ်းများအရ တီဘီသံသယလူနာ ၇၀၅ ဦး လာရောက်ပြသခဲ့ပြီး မြို့နယ်မှတ်ပုံတင်လူနာ ၄၅ ဦး၊ ပိုးတွေ့လူနာ ၁၈ ဦး၊ ဓာတ်မှန်လူနာအား အခမဲ့စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

**မကွေးတိုင်းဒေသကြီး**

# ဂန့်ဂေါ၌ ကျန်းမာရေးလုပ်ငန်းဆိုင်ရာဆွေးနွေး

ကျေးရွာအဆင့်မှစ၍ မြို့နယ်အဆင့်ထိ ပြည်သူလူထုကြား တွေ့ကြုံခဲ့ကြသော ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဂန့်ဂေါမြို့နယ် ကျန်းမာရေးကော်မတီနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ဌာန၏ ကျန်းမာရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ လည်းကောင်း၊ ဂန့်ဂေါမြို့ရှိ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် Save the Children International မှ အကြီးတန်းစီမံကိန်းအရာရှိ ဒေါက်တာကောင်းမွန်ဝင်းက ၂၀၁၅ ခုနှစ်အတွင်း လုပ်ဆောင်ပြီးခဲ့သော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးကော်မတီဝင်များ၊ တက်ရောက်လာကြသူများတို့က ဆောင်ရွက်ရန် လိုအပ်ချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကန်ရေအေးအေး၊ လှိုင်းဖွေးဖွေးဖြင့် သာယာလှပနေသည့် မိတ္ထီလာ(မြောက်) ကန်ကြီး



ကန်ဆိုသည်မှာ ရေရှိမှ တင့်တယ်သည်။ ရေကန်မှာရေရှိမှ သာယာလှပသည်။ မိတ္ထီလာတွင် အဓိကရ သမိုင်းဝင်ကန်တော်ကြီးရှိသည်။ မိတ္ထီလာကန်တော်ကြီးမှာ ရှေးမြန်မာမင်း ၁၇ ဆက်တို့ ပြုပြင်ဆယ်ဖို့ခဲ့သော သမိုင်းဝင် ကန်ကြီးဖြစ်သည်။ မိတ္ထီလာကန်မှာ ကန်ကြီးနှစ်ကန် ပေါင်းစပ်ထားသော ကန်ကြီးဖြစ်သည်။ မိတ္ထီလာ-မြင်းခြံသွား မီးရထားလမ်း မြောက်ဘက်ကန်ကို မြောက်ကန်ဟုခေါ်ပြီး မီးရထားလမ်း တောင်ဘက်ကန်ကို တောင်ကန်ဟုခေါ်သည်။ မိတ္ထီလာကန်ရေကို အမှီပြု၍ ရှေးနှစ်ပေါင်းများစွာကတည်းက တောင်သူလယ်သမားများသည် စပါးများ စိုက်ပျိုးခဲ့ကြသည်။ မိတ္ထီလာ တောင်သူလယ်သမားများသည် မိတ္ထီလာကန်ရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြသည်။ ထိုနည်းလည်းကောင်း မြို့သူမြို့သားများမှာလည်း သောက်သုံးရေအဖြစ် အသုံးပြုကြသည်။

မိတ္ထီလာလာမြောက်ကန်ကြီးတွင် အဓိကရေဝင်ချောင်းများရှိသည်။ မုန်တိုင်ချောင်း၊ ရွှေစစ်သည်ချောင်းနှင့် တလင်းကုန်းချောင်းများဖြစ်သည်။ မိုးအခါတွင် ဤချောင်းများမှ ရေများသည် မြောက်ကန်အတွင်းသို့ စီးဝင်ကြသည်။ ထို့ကြောင့် မြောက်ကန်မှာ သဲနုန်းပို့ချမှု ပိုများလာသည်။ မိတ္ထီလာမြောက်ကန်ကြီးမှာ နှစ်ပေါင်း ရာချီကြာလာပြီဖြစ်၍ နုန်းပို့ချမှုများပြီး တိမ်ကောလာသည်။ ကန်အတွင်း ရေများခန်းခြောက်၍ ကျွန်းများပေါ်ကာ ဒိုက်ပင်များ ပေါက်ရောက်နေသည်။ မိတ္ထီလာမြောက်ကန်ကြီးမှာ ရေမရှိ၍ အကျည်းတန်အရုပ်ဆိုးလာသည်။ မြောက်ကန်ကြီးကောလာသဖြင့် ရေသိုလှောင်မှုနည်းလာသည်။ စိုက်ပျိုးရေဧက နည်းလာသည်။ မြောက်ကန်ဧရိယာအတွင်းရှိ တောင်သူလယ်သမားများ ဝင်ငွေကျဆင်းလာသည်။ မြောက်ကန်ကြီးရေခန်းခြောက်၍ ကောနေသည်ကို မြို့သူမြို့သားများ၊ နယ်သူနယ်သားများက စိတ်မကောင်းဖြစ်နေကြသည်။ မြောက်ကန်ကြီးအမြန်ဆုံး ပြန်လည်တူးဖော်ပေးရန် လိုလားနေကြသည်။

ဤကဲ့သို့ မိတ္ထီလာမြောက်ကန်ကြီး သဲနုန်းပို့ချကာတိမ်ကောလာ၍အမြန်ဆုံး ပြန်လည်ပြုပြင်ဆယ်ဖို့ရန် တစ်နယ်လုံးတစ်မြို့လုံး တောင့်တနေသည့်ဆန္ဒကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မိတ္ထီလာမြောက်ကန်ကြီး အမြန်ဆုံး ပြန်လည်တူးဖော်ပေးရန် လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် စက်ယန္တရား အစီး ၄၀၀ ဖြင့် အမြန်ဆုံး ပြန်လည်တူးဖော် ဆယ်ဖို့ပေးခဲ့သည်။ မိတ္ထီလာမြောက်ကန်ကြီးကို စက်ယန္တရားများ၊ မြေထိုးစက်များ၊ မြေကော်စက်များ၊ မြေသယ်ယာဉ်များ၊ စက်အား၊ လူအားဖြင့် အမြန်ဆုံးတူးဖော်ဆယ်ဖို့ပေးခဲ့သည်။

မိတ္ထီလာမြောက်ကန်ကြီး ပြန်လည်တူးဖော်ဆယ်ဖို့ရာတွင် အဓိကသဲနုန်းကျင်း ၉၇၂၅၀၀ ကို တူးဖော်ပေးခဲ့သည်။ ထို့အပြင် ယခင်က မြောက်ကန်ပေါင်အလျား ပေ ၂၃၀၀ မှ ပေ ၂၅၆၀၀ အထိ ချဲ့ထွင်ခြင်း၊ ကန်ပေါင်အမြင့် ၄၆ ပေမှ နှစ်ပေထပ်မြှင့်ခြင်း၊ ကန်ပေါင်ထိပ်အကျယ် ပေ ၃၀ မှ ပေ ၅၀၊ ၁၀၀ အထိ ချဲ့ကားခြင်း၊ ယခင်ရေအနက် လေးပေမှ တစ်ဆတိုးကာ ရှစ်ပေအထိ တူးဖော်ပေးခြင်း၊ ရေလှောင်ပမာဏ ဧကပေ ၃၀၀၀မှ တစ်ဆတိုး၍ ပေ ၇၂၀၀ အထိ သိုလှောင်နိုင်လာသည်။ မိတ္ထီလာမြောက်ကန်ကြီး ပြန်လည်တူးဖော်ပေးသဖြင့် မိုးစပါး ၂၆၃၄ ဧကသာ စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါ ၆၆၅၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်လာပြီဖြစ်သည်။ နွေစပါးကိုလည်း ယခင်နွေစပါး ၄၄၅ ဧက စိုက်ပျိုးနေရာမှ ယခုအခါ ၆၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်၍ တောင်သူလယ်သမားများ ဝမ်းသာနေကြသည်။

မိတ္ထီလာမြောက်ကန်ကြီး ပြန်လည်တူးဖော်ဆယ်ဖို့ရာတွင် ကန်ပေါင်အကျယ်ပေ ၃၀ မှ ၅၀ အထိ ချဲ့လာသဖြင့် နန်းတော်ကုန်းရပ်နှင့် ဈေးအနောက်ဘက် ဆက်သွယ်ထားသော ကန်ပတ်လမ်းမှာ ပေ ၁၇၀၀ ရှည်လျားပြီး ကွန်ကရစ်လမ်းခင်း၍ ကန်ပေါင်ပေါ်တွင် လက်ရန်းများတပ်ဆင်ထားခြင်း၊ ကန်ပေါင်ပေါ်တွင် ကျန်းမာရေးအားကစားပြုလုပ်ရန် အားကစားပစ္စည်းများတပ်ဆင်ပေးခြင်း၊ ထို့အပြင် ကလေးများပျော်ရွှင်ကျန်းမာစေရန်အတွက် ကလေးကစားကွင်းနှင့် နိုင်ငံခြားမှ ကလေးကစားစရာပစ္စည်းများထားပေးခြင်း၊ ကန်ပတ်လမ်းတစ်လျှောက်တွင် ဓာတ်တိုင်များစိုက်၍ ခေတ်မီ LED မီးများ တပ်ဆင်ပေးထားသည်။

မိတ္ထီလာ-မြင်းခြံသွား ကားလမ်းဘေးရှိ မထောင်းတာကန်ပေါင်ရိုးကားလမ်းမှာ ယခင်က ၂၅ ပေသာရှိခဲ့ရာ ယခုအခါ ပေ ၁၀၀ အထိ တိုးချဲ့ဖောက်လုပ်ထားပြီး ကားများယာဉ်အန္တရာယ်ကင်းရှင်း၍ လွယ်ကူစွာ ဖြတ်သန်းမောင်းနှင်နေကြသည်။ မထောင်းတာကန်ပေါင်ရိုးကိုလည်း လိုင်းကာကျောက်ရိုးစီထားသည်။ ကန်ပေါင်အလျား ပေ ၂၅၆၀ တစ်လျှောက်တွင် လိုင်းကာကျောက်ရိုးများ စီထားသဖြင့် ကန်ပေါင်များ လှပတင့်တယ်နေသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက မိတ္ထီလာမြောက်ကန်ကြီး ဆယ်ဖို့ပြုပြင်ပြီးစီးသွားသဖြင့် မိတ္ထီလာမြို့သူမြို့သား ကြည်ညိုသဒ္ဓါပွားများ ကုသိုလ်ရရှိနိုင်စေရန် မြောက်ကန်အရှေ့ထိပ်ကန်ဦးတွင် အမြင့်ပေ ၂၀၊ အကျယ်ပေ ၃၀၀ရှိ ရတနာမွန် ကုန်းတော်မြတ်ပေါ်တွင် ဉာဏ်တော် ၂၇ တောင်ရှိ ရွှေစည်းခုံပုံတူ မေမ္မသုခကန်ဦးစေတီတော်ကိုလည်း တည်ထားပေးသည်။ မိတ္ထီလာမြောက်ကန်ကြီး အောင်မြင်စွာဆယ်ဖို့နိုင်ခဲ့၍ အောင်ပွဲအနေဖြင့် စက်တင်ဘာ ၁၉ ရက်က မေမ္မသုခကန်ဦးစေတီထီးတော်တင်ပွဲတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ကြည်ညိုခဲ့သည်။

ရှေးမင်းကောင်းမင်းမြတ်တို့ အစဉ်အလာအတိုင်း နိုင်ငံတော်သမ္မတကြီးက မိတ္ထီလာပြည်သူလူထုအလိုလားဆုံး၊ အတောင့်တဆုံး မိတ္ထီလာမြောက်ကန်ကြီးကို အဌာရသအကြိမ် ပြန်လည်ဆယ်ဖို့ပေးခဲ့သည်။ မိတ္ထီလာမြောက်ကန်ကြီးကို သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များ ဖို့ခြင်း၊ ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလိုင်းကာကျောက်စီခြင်း၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

မိတ္ထီလာမြောက်ကန်ကြီး ပြန်လည်ဆယ်ဖို့ပြုပြင်အပြီးတွင် မိတ္ထီလာတွင် မိုးများ အဆက်မပြတ်ရွာခဲ့သည်။ ထို့ကြောင့် မိတ္ထီလာ (မြောက်)ကန်တွင် ရေများဝင်ကာ ကန်ပြင် တစ်ခုလုံး ရေများဖြင့်ပြည့်နေသည်။ မိတ္ထီလာ(မြောက်)ကန်ရေပြင်တွင် ရေပျော်ငှက်များလည်း မြူးထူးပျော်ပါးပျံသန်းနေသည်ကို တွေ့ရသည်။ မိတ္ထီလာ(မြောက်)ကန်ရေပြင်တွင် ရေအေးအေး၊ လှိုင်းဖွေးဖွေးဖြင့် မြင်ရသူအပေါင်း စိတ်ကြည်နူးရွှင်လန်းနေကြသည်။ ညနေခင်း ကန်ပေါင်ပေါ်တွင် လမ်းလျှောက်သူများ၊ လေညင်းခံသူများ၊ ကျန်းမာရေးလေ့ကျင့်သူများ၊ ကလေးကစားကွင်းတွင် ကလေးများ မြူးထူးပျော်ရွှင်စွာ ကစားနေကြသည်ကို ကြည်နူးဖွယ်တွေ့မြင်နေရကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

**ပဲခူးတိုင်းဒေသကြီး**



## ကျေးလက်နေပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဗောဓိကုန်းအုပ်စု ဒန်းဒေါင့်ကျေးရွာနှင့် အရှေ့ကြို့ကုန်းကျေးရွာများရှိ ကျေးလက်နေပြည်သူများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တန်ဖိုးနည်းလုံးချင်းအိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်က အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်ကြည်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် တန်ဖိုးနည်းအိမ်ရာ ၁၀ လုံး၊ ၂၂ ဒသမ ၀၀ ကျပ်သန်းဖြင့် လေးခန်းတွဲအိမ်သာ ငါးလုံး၊ ကျပ်၂၂ ဒသမ ၅၀ သန်းဖြင့် နှစ်ခန်းတွဲအိမ်သာ ၁၀ လုံး တို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သော အောင်ခေတ္တရာကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

**ကရင်ပြည်နယ်**

## တဝန်ဖန်ရကျေးရွာတွင် မြေငှားဂရန်ပေးအပ်ပွဲကျင်းပ

ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် တဝန်ဖန်ရကျေးရွာရှိ ကျေးလက်နေပြည်သူများ နေထိုင်သည့် အိမ်ခြံမြေကွက်များကို မြေပိုင်ဆိုင်ကြောင်း အထောက်အထားများ ရရှိစေရန်အတွက် ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက်က တဝန်ဖန်ရ ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် မြို့နယ်အဆင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာလှိုင်တို့က အမှာစကားများပြောကြားခဲ့ပြီး တာဝန်ရှိသူများက မြေငှားဂရန်လျှောက်ထားသူ ၂၀၅ ဦးကို မြေငှားဂရန်ထုတ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ကျေးရွာနေပြည်သူများအား မြေငှားဂရန်များပေးအပ်

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု ရေကျော်လေးကျေးရွာမှ ဒေသခံပြည်သူများအား မြေငှားဂရန်လက်ဝယ်အရောက် ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က ရေကျော်လေးကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

မြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားတွင် ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က မြေငှားဂရန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြေငှားဂရန်များကို ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်ခဲ့ရာ အိမ်မြေပိုင်ရှင် ၁၅၀ ရှိသည့်အနက် ၉၆ ဦးတို့ကို မြေငှားဂရန်များထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသည့်အိမ်မြေပိုင်ရှင်များကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



**ကလပ်အသင်းပွဲစဉ်တွေ ခေတ္တနားပြီး နိုင်ငံတကာပွဲစဉ်တွေ တစ်ကျော့ပြန်အဝင်။ အဲဒီမှာ အဲဒီနိုင်ငံတကာပွဲစဉ်တွေအနက် ယူရို ၂၀၁၆ ခြေစစ်ပွဲတွေပါသလို အဲဒီယူရိုခြေစစ်ပွဲအတွင်းမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအခြင်းအရာတွေလည်း အတော်များများပါတယ်ဆိုတော့။ အဲဒါနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိမလဲလို့ ပြန်ကြည့်တဲ့အခါ။ အဲဒီမှာ အင်္ဂလန်နဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းတရားတစ်ခုကို တွေ့ကြရတယ်။**

ပြောရမယ်ဆိုရင်တော့။ အင်္ဂလန်ဟာ ဒီယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ခြေစစ်ပွဲအောင်မြင်ပြီးပြီ။ ယူရို ၂၀၁၆ ခြေစစ်ပွဲ ပွဲစဉ် (၇)မှာ ဆမ်မာရီနိုကို ခြောက်ဂိုးပြတ်နဲ့နိုင်ပြီးကတည်းက အင်္ဂလန်ဟာ ယူရို ၂၀၁၆ ပြိုင်ပွဲကို ဝင်ခွင့်ရဖို့သေချာခဲ့တာ။ ပြီးတော့ နောက်ပွဲမှာလည်း ဆွစ်ဇာလန်ကို နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာဆိုတော့။ လက်ရှိအချိန်မှာ အင်္ဂလန်ဟာ ဒုတိယနေရာက ဆွစ်ဇာလန်ထက် ကိုးမှတ်သာတယ်။ တတိနေရာကအက်စ်တိုးနီးယားထက် ၁၂ မှတ်သာတယ်။ ဒီတော့ အရှင်းဆုံးပြောရရင် အင်္ဂလန်အတွက် လက်ကျန်ခြေစစ်ပွဲနှစ်ပွဲဟာ လုံးဝအရေးမပါတော့ဘူး။ အဲဒီနှစ်ပွဲစလုံးမှာ ရှုံးနိမ့်ခဲ့မယ်ဆိုရင်တောင်မှ အင်္ဂလန်ရဲ့ခြေစစ်ပွဲဟာ အပြောင်းအလဲမရှိနိုင်တဲ့အပြင် လက်ရှိရပ်တည်နေတဲ့ အုပ်စုပထမနေရာအတွက်တောင် အထိအခိုက်မရှိနိုင်ဘူးဆိုတော့။ အင်္ဂလန်နဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းတရားဆိုတဲ့အပေါ် တချို့က သံသယရှိကြတယ်။

# ဟော့ဂ်ဆန်ရွေးတဲ့ ကျားကွက်နဲ့ စောင့်ကြည့်ရမယ့် ဒန်နီအင်စ်

ဝေမိုးဆက် ■

ဒါပေမယ့်ပေါ့။ ကျွမ်းကျင်သူအများစုကတော့ အင်္ဂလန်အတွက် လက်ကျန်ခြေစစ်ပွဲနှစ်ပွဲစလုံး အရေးမပါတော့တဲ့အခြေအနေမျိုး ဖြစ်နေခြင်းကိုကတစ်ဖက်ကကြည့်ရင် တစ်မျိုးတစ်ဖုံစိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းတရားတစ်ခုသာဖြစ်တယ်လို့ ဆိုကြတယ်။ အထူးသဖြင့် အင်္ဂလန်ရဲ့ လက်ကျန်ခြေစစ်ပွဲနှစ်ပွဲက အက်စ်တိုးနီးယား၊ လစ်သူယေးနီးယားတို့နဲ့သာဖြစ်နေတော့ အင်္ဂလန်အတွက် လက်ကျန်ခြေစစ်ပွဲနှစ်ပွဲဟာ ပြိုင်ပွဲအနေအထားအရရော ပြိုင်ဘက်အနေအထားအရပါ ဖိအားကင်းလွန်းတာနဲ့အမျှ အဲဒီနှစ်ပွဲမှာ မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်အနေနဲ့ အင်္ဂလန်အသင်းကို ဘယ်လိုမျိုးအပြောင်းအလဲလုပ်စမ်းသပ်ခံမလဲဆိုတာ ပိုမိုစိတ်ဝင်စားဖို့ကောင်းပါတယ်လို့ ကျွမ်းကျင်သူတွေက ကောက်ချက်ဆွဲကြတာပဲဖြစ်တယ်။

အရှင်းဆုံးပြောရရင်။ အင်္ဂလန်ဟာ ခြေစစ်ပွဲတိုင်းမှာ အများအားဖြင့် ခြေစွမ်းပြနိုင်သော်ငြား တကယ့်ပြိုင်ပွဲကြီးတွေမှာ အမြဲတမ်းခြေစွမ်းမပြနိုင်တဲ့အဖြစ်နဲ့ ကြုံရတယ်။ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပွဲတုန်းကဆိုရင်လည်း အုပ်စုအဆင့်ကိုတောင်မကျော်ဘူး။ ယူရို ၂၀၁၂ တုန်းကလည်း အုပ်စုကျော်နိုင်ရုံပဲရှိတယ်။ ဒီတော့ ဒီတစ်ကြိမ် ယူရို ၂၀၁၆မှာ အဲဒီလိုမဖြစ်ရေးအတွက် အခုလိုဖိအားကင်းတဲ့ခြေစစ်ပွဲနှစ်ပွဲမှာ အင်္ဂလန်ကို ဘယ်လိုအပြောင်းအလဲလုပ် စမ်းသပ်မလဲဆိုတာကို ကျွမ်းကျင်သူတိုင်း စောင့်ကြည့်လိုကြတာဖြစ်သလို လက်တွေ့မှာလည်း ရွိုင်ဟော့ဂ်ဆန်ရဲ့ လူရွေးချယ်မှုမှာပါ အပြောင်းအလဲလုပ် စမ်းသပ်လိုတဲ့ အရိပ်လက္ခဏာတွေကို တွေ့လာမြင်လာရတယ်။

ပြောမယ်ဆိုရင်ပေါ့။ ရွိုင်ဟော့ဂ်ဆန်ဟာ အောက်တိုဘာ ၉ ရက်နဲ့ ၁၂ ရက်တို့မှာ ကစားမယ့် အက်စ်တိုးနီးယား၊ လစ်သူယေးနီးယားတို့နဲ့ လက်ကျန်ခြေစစ်ပွဲနှစ်ပွဲအတွက် လူရွေးချယ်ရာမှာ ဘီရာဟီနို၊ လမ်းဘတ်၊ ကလီဗာလေ၊ ဘိန်းစ်တို့လို အရင်ရွေးချယ်နေကျ ကစားသမားတွေကိုမရွေးဘူး။ ဆွစ်ဇာလန်နဲ့ပွဲတုန်းက ရွေးချယ်အသုံးပြုခဲ့တဲ့ ဖာဘီယန်ဒဲလ်နဲ့ ရွိုင်ယန်မာဆန်တို့ကိုလည်း မရွေးဘူး။ ယုတ်စွအဆုံး ဒဏ်ရာကနေ ပြန်လည်သက်သာလာတဲ့အပြင် ဂိုးတွေပါသွင်းယူလာနိုင်တဲ့ အရင်က အဓိကတိုက်စစ်မှူး စတားရစ်ကိုပါ မရွေးဘဲ လက်ရွေးစင်အတွေ့အကြုံလုံးဝမရှိတဲ့ လီဗာပူးတိုက်စစ်မှူး ဒန်နီအင့်စ်၊ စပါးလူငယ်ကွင်းလယ်ကစားသမား ဒယ်လီအယ်လီ၊ ဘန်လေ ဂိုးသမား တွမ်ဟတ်တန်တို့သုံးဦးကိုရွေးတယ်။ ဒါ့အပြင် လက်ရွေးစင်အတွေ့အကြုံသိပ်နုတဲ့ ဂျဘတ်လန်၊ ဘာထရန်၊ ရှယ်ဗေး၊ ဂျိမ်းစ်ကာဒီတို့ကိုလည်း ရွေးချယ်ထားတာဆိုတော့ ရွိုင်ဟော့ဂ်ဆန်ရဲ့ အပြောင်းအလဲလုပ်စမ်းသပ်လိုမှုက မြင်သာစေလို အဲဒီအချက်ကိုပဲ အားလုံးက စောင့်ကြည့်လိုကြတာ။

အထူးသဖြင့်ပေါ့။ စတားရစ်၊ ဘီရာဟီနို၊ လမ်းဘတ်တို့ကို မရွေးဘဲ ဒန်နီအင့်စ်ကို ရွေးချယ်ခဲ့ခြင်းဟာ ရွိုင်ဟော့ဂ်ဆန်အနေနဲ့ အင်္ဂလန်ရဲ့တိုက်စစ်အင်အားကို စမ်းသပ်ခြင်းရယ်လို့ ခေါင်းစဉ်တပ်ကြတယ်။ ပြောရရင် အင်္ဂလန်ဟာ ဒီခြေစစ်ပွဲတစ်လျှောက် တိုက်စစ်ပိုင်းအခက်အခဲနဲ့ မကြုံတွေ့ခဲ့ဘူးဆိုတာမှန်တယ်။ အက်စ်တိုးနီးယားကို အဝေးကွင်းမှာ တစ်ဂိုးတည်းနဲ့နိုင်ခဲ့တဲ့ပွဲကလွဲလို့ ကျန်ပွဲတွေမှာ ဆွစ်ဇာလန်ကို အိမ်ကွင်းမှာ နှစ်ဂိုး၊ အဝေးကွင်းမှာ နှစ်ဂိုး၊ ဆမ်မာရီနိုကို အိမ်ကွင်းမှာ ငါးဂိုး၊ အဝေးကွင်းမှာ ခြောက်ဂိုး၊ ဆလိုဗေးနီးယားကို အိမ်ကွင်းမှာ သုံးဂိုး၊ အဝေးကွင်းမှာ သုံးဂိုး၊ လစ်သူယေးနီးယားကို အိမ်ကွင်းမှာ လေးဂိုးသွင်းပြီး စုစုပေါင်းရှစ်ပွဲမှာ ၂၆ ဂိုးအထိ ရခဲ့တာဆိုတော့ အင်္ဂလန်ရဲ့ အဆုံးသတ်အားနဲ့ ထိုးဖောက်ကစားအားက ကျေနပ်လောက်စရာအခြေအနေမှာ ရှိတာမှန်သလို အဲဒီလိုအခြေအနေကြားကမှ အင်္ဂလန်ရဲ့ တိုက်စစ်အင်အားကို ဟော့ဂ်ဆန် ဘာကြောင့် အပြောင်းအလဲလုပ် စမ်းသပ်မှာလဲဆိုတာ အားလုံးအတွက် မေးခွန်းထုတ်ချင်စရာဖြစ်လာမှာလည်း သေချာတယ်။

ဒါပေမယ့် အဲဒီမှာ သတိပြုရမှာက လက်ရှိအင်္ဂလန်တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ကျဆင်းမှုပဲဖြစ်တယ်။ ပြောရရင် လက်ရှိအချိန်မှာ အင်္ဂလန်ရဲ့အဓိကတိုက်စစ်မှူးဖြစ်တဲ့ရွှန်းနေကအစ ပုံမှန်ဂိုးသွင်းခြေပျောက်ဆုံးနေတယ်။ ရွှန်းနေဟာ အင်္ဂလန်အသင်းနောက်ဆုံးကစားခဲ့တဲ့ ဆမ်မာရီနို၊ ဆွစ်ဇာလန်တို့နဲ့ ပွဲတွေမှာ နှစ်ပွဲဆက်ဂိုးတွေသွင်းပြီး ဘော်ဘီချာလ်တန်ရဲ့စံချိန်ကို ချိုးနိုင်ခဲ့တာမှန်သော်ငြား ရွှန်းနေအနေနဲ့ အဲဒီနှစ်ပွဲမှာ ရတဲ့နှစ်ဂိုးစလုံးဟာ ပယ်နယ်တီကနေချည်း သွင်းခဲ့တာ။ ပြီးတော့ ပရီမီယာလိဂ်မှာလည်း ခုနစ်ပွဲပြီးချိန်အထိ တစ်ဂိုးသာသွင်းနိုင်သေးတယ်။ ဒီတော့ ရွှန်းနေရဲ့ အဆုံးသတ်ပိုင်း အရည်အသွေးက ကျဆင်းလာတာ မြင်သာသလို ရွှန်းနေရဲ့တွဲဖက် ဟယ်ရီကိန်းရဲ့ အဆုံးသတ်အားလည်း အခုနောက်ပိုင်းမှာ မေးခွန်းထုတ်စရာဖြစ်လာတယ်လို့တောင် ပြောရင်ရတယ်။

အထူးသဖြင့် ဟယ်ရီကိန်းဟာ အင်္ဂလန်အသင်း နောက်ဆုံးကစားခဲ့တဲ့ ဆမ်မာရီနို၊ ဆွစ်ဇာလန်တို့နဲ့ပွဲတွေမှာ ရွှန်းနေနည်းတူ နှစ်ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့တာမှန်တယ်။ ပြီးတော့ ဟယ်ရီကိန်းသွင်းယူခဲ့တဲ့ ဂိုးတွေကလည်း ပယ်နယ်တီဂိုးမဟုတ်ဘူး။ ဒါ့အပြင် အဲဒီနှစ်ပွဲစလုံးမှာ ဟယ်ရီကိန်းဟာ နှစ်ပွဲစလုံးကို လူစားဝင်ကစားခဲ့ရတာဖြစ်ပြီး စုစုပေါင်း ကစားချိန်ဟာ မိနစ် ၆၀ တောင်မပြည့်ခဲ့တာကြောင့် ဟယ်ရီကိန်းရဲ့ အဆုံးသတ်အရည်အသွေးဟာ ချီးကျူးချင်စရာအဖြစ် သတ်မှတ်နိုင်သော်ငြား အဲဒီလိုနှစ်ဂိုးရပြီးတဲ့နောက်မှာ ဟယ်ရီကိန်းဟာ ပြိုင်ပွဲအရပ်ရပ်မှာ တစ်ဂိုးသာသွင်းယူနိုင်တယ်။ အဲဒီဂိုးဟာလည်း မန်စီးတီးနဲ့ပွဲမှာ လူကျွံအနေအထားကိုဒိုင်ကခွင့်ပြုခဲ့လို့သာ ဂိုးရခဲ့တာဆိုတော့ လတ်တလော ဟယ်ရီကိန်းရဲ့ အဆုံးသတ်အရည်အသွေးကလည်း သံသယရှိစရာကောင်းပါတယ်လို့ သတ်မှတ်နိုင်သလို အဲဒီအချက်တွေကြောင့်လည်း ရွိုင်ဟော့ဂ်ဆန်က တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်စမ်းသပ်ဖို့ ကြိုးစားလာတာပဲဖြစ်တယ်လို့ ဆိုကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဒန်နီအင့်စ်ဟာ အင်္ဂလန်အသင်းကြီးအတွက် အခုအချိန်မှသာ ရွေးချယ်ခံရတာမှန်သော်ငြား သူဟာ အင်္ဂလန်အသင်းနဲ့ပတ်သက်ပြီး ခြေစွမ်းပြလေ့ရှိတဲ့သူလို့သတ်မှတ်ရင်တောင်ရတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၃ အောက်တိုဘာလမှာ အင်္ဂလန် ယူ၂၁ မန်နေဂျာ ဆောက်ဂိတ်က ဒန်နီအင့်စ်ကို ပထမအဆုံးအကြိမ် ရွေးချယ်ခဲ့ပြီးနောက်မှာ ဒန်နီအင့်စ်ဟာ အင်္ဂလန် ယူ ၂၁ အသင်းအတွက် ၁၃ ပွဲပါဝင်ကစားခဲ့ပြီး ပွဲတိုင်းခြေစွမ်းပြနိုင်ခဲ့သလို လေးဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကိုပါပိုင်ဆိုင်ခဲ့တဲ့သူဖြစ်တယ်။ ဒါ့အပြင် ဒန်နီအင့်စ်ဟာ လီဗာပူးကိုရောက်ပြီးတဲ့နောက် ဂိုးလိုင်လိုင်မသွင်းနိုင်သေးဘဲ ပြိုင်ပွဲအရပ်ရပ်မှာ နှစ်ဂိုးသာသွင်းယူထားနိုင်သော်ငြား သူကစားရတဲ့ပွဲတွေအနက် ပွဲပြည့်ကစားခွင့်ရတဲ့ပွဲဆိုတာကလည်း နှစ်ပွဲသာရှိတာ သတိပြုရမယ်။

ဒါ့အပြင် ဒန်နီအင့်စ်ဟာ ဘန်လေမှာတုန်းကလည်း အသင်းကြီးတွေ မျက်စိကျခဲ့တဲ့အထိ ဂိုးတွေသွင်းယူခဲ့တဲ့သူ ဖြစ်တယ်။ ဒန်နီအင့်စ်ဟာ ဘန်လေမှာကစားခဲ့တဲ့ ဘောလုံးရာသီ လေးရာသီမှာ ပွဲပေါင်း ၁၃၀ အတွင်း ၄၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့သူဖြစ်သလို အဲဒီအချက်တွေကြောင့်လည်း လီဗာပူးရဲ့ ခံစစ်မှူးဟောင်း ကာရေဂါက ဒန်နီအင့်စ်ဟာ လီဗာပူးရဲ့ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်သလို ဖာမီနို၊ ဘန်တီကီတို့ထက် လီဗာပူးအတွက် ပိုမိုအသုံးဝင်နိုင်သူတစ်ဦးဖြစ်တယ်လို့တောင် ပြောဆိုခဲ့တာဖြစ်တယ်။ ဒါ့အပြင် ကျွမ်းကျင်သူတွေက ဒန်နီအင့်စ်ဟာ ဂိုးလိုင်လိုင်မသွင်းနိုင်သေးသော်ငြား သူကစားခဲ့တဲ့ပွဲတွေမှာ သူ့ရဲ့ကျွမ်းကျင်မှုနဲ့ အရည်အသွေးကို မြင်တွေ့ရလို့ အဲဒါကြောင့်လည်း ဟော့ဂ်ဆန်က ရွေးချယ်ခဲ့တယ်လို့ ယူဆကြတယ်။

ဒီတော့ အချုပ်ပြောရရင် လက်ကျန်ယူရိုခြေစစ်ပွဲနှစ်ပွဲဟာ အင်္ဂလန်အတွက် ဖိအားလုံးဝကင်းတယ်။ လက်ရှိအင်္ဂလန်မှာလည်း အရည်အသွေးပိုင်းအရ သံသယဖြစ်စရာကောင်းတဲ့အချက်အချို့ တွေ့နေရသလို ဟော့ဂ်ဆန်ကလည်း စမ်းသပ်ဖို့အတွက် အပြောင်းအလဲအချို့ပြုလုပ်ထားတယ်ဆိုတော့။ သေချာတယ်။ ဒန်နီအင့်စ်၊ ဒယ်လီအယ်လီ၊ တွမ်ဟတ်ဆန်တို့ပေါင်းထုပ်လာတဲ့ အင်္ဂလန်ဟာ ရလဒ်ပိုင်းအရ ရင်ခုန်စရာမကောင်းသော်ငြား စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းတရားအချို့ အခြေခံနေသေးတယ်လို့ပဲ ဆိုချင်တယ်။ ။



ကျွမ်းကျင်သူတွေက ဒန်နီအင့်စ်ဟာ ဂိုးလိုင်လိုင်မသွင်းနိုင်သေးသော်ငြား သူကစားခဲ့တဲ့ပွဲတွေမှာ သူ့ရဲ့ကျွမ်းကျင်မှုနဲ့ အရည်အသွေးကို မြင်တွေ့ရလို့ အဲဒါကြောင့်လည်း ဟော့ဂ်ဆန်က ရွေးချယ်ခဲ့တယ်လို့ ယူဆ

မြန်မာ့အလင်း
၉-၁၀-၂၀၁၅ (သောကြာနေ့)

# စောင့်ကြည့်ရတော့မယ့် ဟော်လန်၏ လားရာ

လင်းဆက်

**ဒီတစ်ပတ်မှာ ကလပ်အသင်းပွဲစဉ်တွေခေတ္တရပ်နားပြီး နိုင်ငံတကာပွဲစဉ်တွေ တစ်ကျော့ယှဉ်ပြိုင်ကစားတယ်။ အဲဒီမှာ ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ၊ ကမ္ဘာ့ဖလားအာဖရိကဇုန်ခြေစစ်ပွဲ၊ ကမ္ဘာ့ဖလားတောင်အမေရိကဇုန် ခြေစစ်ပွဲ၊ နိုင်ငံတကာခြေစစ်ပွဲတွေနဲ့ ယူရို၂၀၁၆ ခြေစစ်ပွဲဆိုပြီး ခေါင်းစဉ်ခွဲတွေလည်း အတော်များတာနဲ့အမျှ စိတ်ဝင်စားဖွယ်ကောင်းတဲ့အကြောင်းခြင်းရာတွေလည်း အတော်များတယ်။ အထူးသဖြင့် အဲဒီအထဲမှာမှ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေက ပရိသတ်ကို ပိုပြီးဆွဲဆောင်မှုရှိစေတယ်လို့ တချို့က သုံးသပ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့ဖလားနဲ့ပတ်သက်တဲ့ ဇုန်အလိုက်ခြေစစ်ပွဲတွေက အခုမှအစပြုချိန်၊ အာဖရိကန်ဇုန်ခြေစစ်ပွဲနဲ့ တောင် အမေရိကဇုန် ခြေစစ်ပွဲဆွေဆိုရင် ဒီတစ်ဖြတ်မှာမှ အစပြုမှာ။ အာရှဇုန်ခြေစစ်ပွဲဆိုရင်လည်း ဒုတိယ အဆင့်ရောက်နေပြီဆိုသော်ငြား အခုမှပွဲစဉ် (၅)ပွဲကစားပြီးခဲ့တာဖြစ်သလို နိုင်ငံတကာခြေစစ်ပွဲတွေဆိုတာကလည်း ခြေရည်ခြေသွေးကိုသာ အကဲစမ်းတဲ့ပွဲစဉ်တွေ ဖြစ်တာနဲ့အမျှ အဲဒီပွဲစဉ်တွေကြားမှာ ဇာတ်ရှိန်အမြင့်ဆုံးအပိုင်းကို ရောက်လာတဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေက ပရိသတ်အတွက် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်တယ်လို့ သတ်မှတ်ကြတာပဲ ဖြစ်တယ်။**

ပြောမယ်ဆိုရင်ပေါ့။ အခုယူရို ၂၀၁၆ ခြေစစ်ပွဲတွေက ဒီတစ်ဖြတ် ကျင်းပတဲ့ ပွဲစဉ်တွေ ပြီးရင်ပြီးပြီ။ တစ်နည်း ပြောရရင် အဲဒီလိုအခြေ အနေအထိ တချို့တချို့သော နာမည်ကြီး အသင်းကြီးတွေရဲ့ အနေအထားကမတည်ငြိမ်ဘူး။ ပြောရမယ်ဆိုရင် ဟော်လန်လို အသင်းကြီးတစ်သင်းရဲ့ အနေအထားကတောင်မှ ခြေစစ်ပွဲတိုက်ရိုက် အောင်မြင်ရေး မမျှော်လင့်နိုင်တော့သလို အဆုံးအဖြတ်ခြေစစ်ပွဲ ကစားဖို့တောင်မှ ပြိုင်ဘက်ရဲ့ အမှားကို စောင့်ရမယ့်အခြေအနေဖြစ်နေတဲ့အပြင် ပေါ်တူဂီ၊ စပိန်၊ အီတလီတို့လို အသင်းကြီးတွေကအစ အခုလို နောက်ဆုံး အချိန်အထိ ခြေစစ်ပွဲ အောင်မြင်ရေး မသေချာတဲ့ အခြေအနေမှာသာ ရှိနေသေးတယ်ဆိုတော့။ ဒီတစ်ကြိမ် ပြန်လည်ကျင်းပပြုလုပ်မယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲတွေဟာ စိတ်ဝင်စားဖို့အကောင်းဆုံးဖြစ်နေတယ်ဆိုပြီး သတ်မှတ်ကောက်ချက်ဆွဲကြတာပဲ ဖြစ်တယ်။







အထူးသဖြင့်ပေါ့။ အဲဒီအထဲမှာ ပေါ်တူဂီဆိုရင်ခြေစစ်ပွဲအောင်ရေးအတွက် တစ်ပွဲနိုင်ဖို့လိုအပ်နေသေးသလို စပိန်ဆိုရင်လည်း ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ရေးအတွက် နိုင်ပွဲတစ်ပွဲရဖို့လိုအပ်နေကာ အီတလီကလည်း ခြေစစ်ပွဲ အောင်မြင်ရေးအတွက် အနိမ့်ဆုံးနိုင်ပွဲတစ်ပွဲ လိုအပ်နေတဲ့အတွက် အဆိုပါ အသင်းကြီးတွေ ခြေစစ်ပွဲအောင်မအောင်ဆိုတာက စောင့်ကြည့်စရာဖြစ်လာတဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲရဲ့ အဆုံးသတ်ကာလဟာ စိတ်လှုပ်ရှားဖွယ်ကောင်းလွန်းခဲ့ပါတယ်ဆိုပြီး သတ်မှတ်ကြတာပဲ ဖြစ်တယ်။ ဒါပေမယ့်ပေါ့၊ အဲဒီမှာ ကျွမ်းကျင်သူအများစုကတော့ အဲဒီလိုစိတ်ဝင်စားဖို့ကောင်းလွန်းပါတယ်ဆိုတဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေမှာ ဟော်လန်ရဲ့ အနေအထားကတော့ စောင့်ကြည့်ချင်စရာအကောင်းဆုံးဖြစ်တယ်လို့ ယူဆလက်ခံပြီး ထောက်ပြအကြံပြုကြတယ်။

ဘာကြောင့်လဲဆိုတော့ ဆိုခဲ့ပြီးတဲ့အတိုင်း အီတလီ၊ စပိန်၊ ပေါ်တူဂီတို့ဟာ လက်ရှိအချိန်အထိ ခြေစစ်ပွဲ အောင်မြင်ရေး မတင်မကျသဘောဖြစ်နေသော်ငြား သူတို့မှာက သူတို့အနာဂတ်ကို ကိုယ်တိုင်ထုဆစ်နိုင်ခွင့်ရှိပေမယ့် ဟော်လန်မှာကျတော့ ကိုယ့်ကံတရားကို တောင် ကိုယ်တိုင်ဖန်တီးနိုင်ခွင့် မရှိခြင်းဟာ အားလုံးထက် စိတ်ဝင်စားဖို့ ပိုကောင်းတာပဲဖြစ်တယ်ဆိုပြီး ယူဆကြတာ ဖြစ်တယ်။ ပြောရရင် လက်ရှိအချိန်မှာ တောင် ဟော်လန်ဟာ အုပ်စုတွင်းမှာ စတုတ္ထနေရာပဲရသေးတယ်။ နှစ်ပွဲကျန်အနေအထားမှာ ထိပ်ဆုံးနှစ်သင်းဖြစ်တဲ့ အိုက်စလန်၊ ချက်တို့နဲ့ ကိုးမှတ်တိတိကွာနေတာကြောင့် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ ဘယ်လိုမှမမျှော်လင့်နိုင်တော့တဲ့အပြင် အုပ်စုတတိယနေရာက တူရကီထက်လည်း နှစ်မှတ်လျော့နေတာကြောင့် အဆုံးအဖြတ်ခြေစစ်ပွဲ ကစားခွင့်ရဖို့အတွက်တောင်မှ တူရကီရဲ့ ခြေချော်မှုကို စောင့်ရမယ့်အနေအထားဖြစ်နေတဲ့အခါ စိတ်ဝင်စားဖို့ ကောင်းပါတယ်ဆိုတဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေထဲမှာ ဟော်လန်က စိတ်ဝင်စားဖို့ အကောင်းဆုံးဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဟော်လန်ဟာ လက်ကျန်ခြေစစ်ပွဲနှစ်ပွဲအဖြစ် အောက်တိုဘာ ၁၀ ရက်မှာ ကာဇက်စတန်နဲ့ အဝေးကွင်းပွဲကစားရမယ်။ ပြီးတော့ အောက်တိုဘာ ၁၃ ရက်နေ့မှာ ချက်နဲ့ အိမ်ကွင်းပွဲကစားရမယ်။ ဒီတော့ ပွဲစဉ်အနေအထားအရ အဲဒီနှစ်ပွဲစလုံးကို ဟော်လန်တို့ နိုင်ကောင်းနိုင်နိုင်ပါတယ်လို့ ကျွမ်းကျင်သူတို့က ကောက်ချက်ဆွဲကြတယ်။ ဘာကြောင့်လဲဆိုတော့ ပထမပွဲအဖြစ်ရင်ဆိုင်ရမှာက အဝေးကွင်းဖြစ်သော်ငြား ပြိုင်ဘက်က ကာဇက်စတန်ဖြစ်တယ်။ ဟော်လန်အနေနဲ့ ဒီခြေစစ်ပွဲအတွင်း ခြေစွမ်းပျက်ယွင်းမှုတွေ များလွန်းတယ်ဆိုသော်ငြား ကာဇက်စတန်ဆိုတာက သူတို့ကို ဟန့်တားနိုင်လောက်တဲ့ အသင်းမဟုတ်ဘူး။ ရှုံးပွဲကစားပြီး နိုင်ပွဲလုံးဝမရသေးသလို အုပ်စုတွင်း အောက်ဆုံးရောက်နေတဲ့ ကာဇက်စတန်ကို ဟော်လန်တို့အနိုင်ရဖို့မခက်ဘူးလို့ တွက်ဆနိုင်သလို ဒုတိယပွဲအဖြစ် ရင်ဆိုင်ရမယ့်ချက်ကလည်း အသင်းကောင်းတစ်သင်း ဖြစ်သော်ငြား ဟော်လန်ရဲ့အိမ်ကွင်းမှာ ကစားရမယ့်အပြင် ချက်ဆိုတာကလည်း ခြေစစ်ပွဲကိုတိုက်ရိုက်အောင်မြင်ပြီးသား အသင်းဖြစ်တာနဲ့အမျှ အားစိုက်မှုမှာပါ လျော့ကျနိုင်တဲ့အတွက် အဲဒီနှစ်ပွဲစလုံးမှာ ဟော်လန်အတွက် နိုင်ပွဲရဖို့အခွင့်အရေးတွေရှိနေတယ်လို့ ကောက်ချက်ဆွဲကြတာပဲ ဖြစ်တယ်။

ဒါပေမယ့်ပေါ့။ ပြောခဲ့ပြီးတဲ့အတိုင်း ဟော်လန်ရဲ့ ကံကြမ္မာဆိုတာက ဟော်လန်ရဲ့လက်ထဲမှာ မဟုတ်ဘူး။ ဟော်လန်အနေနဲ့ ကောက်ချက်ဆွဲတဲ့အတိုင်း လက်ကျန်နှစ်ပွဲစလုံးကို နိုင်ခဲ့ရင်တောင် လက်ရှိအုပ်စုတွင်း တတိယနေရာမှာရှိနေတဲ့ တူရကီကလည်း လက်ကျန်နှစ်ပွဲစလုံးကိုနိုင်ခဲ့ရင် ဟော်လန်ရဲ့နိုင်ပွဲတွေဟာ သူတို့ရဲ့ ရပ်တည်မှုကို ပြောင်းလဲစေမှာမဟုတ်ဘူး။ တူရကီက သူတို့ရဲ့ လက်ကျန်နှစ်ပွဲမှာ အုပ်စုတွင်းအကောင်းဆုံးခြေစွမ်းတွေပြသထားနိုင်ခဲ့တဲ့ ချက်၊ အိုက်စလန်တို့နဲ့ ရင်ဆိုင်ရမှာမှန်သော်ငြားဆိုခဲ့ပြီးတဲ့အတိုင်း အဲဒီနှစ်သင်းစလုံးဟာ ခြေစစ်ပွဲတိုက်ရိုက် အောင်မြင်ပြီးသားအသင်းတွေဖြစ်တာနဲ့အမျှ သူတို့ရဲ့အားထုတ်မှုဟာ အရင်ကလောက် မပြင်းထန်နိုင်တော့တဲ့အတွက် တူရကီအနေနဲ့လည်း လက်ကျန်နှစ်ပွဲစလုံးမှာ အနိုင်မရနိုင်ဘူးလို့ ဘယ်လိုမှ မပြောနိုင်တဲ့အခါ ဟော်လန်အနေနဲ့ ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲ ကစားခွင့်ရမယ့် နေရာကိုတောင် တူရကီလက်ထဲက လုယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ချင်စရာ သိပ်ကောင်းလာတယ်။

တကယ်တော့။ ဟော်လန်လို အသင်းကြီးတစ်သင်းအတွက် ဒီလိုခြေစစ်ပွဲလို အဆင့်မျိုးမှာ အခုလို ရုန်းကန်ထားရမှုဟာ မဖြစ်သင့်တဲ့အရာပါလို့ တချို့ဆိုကြတယ်။ အရှင်းဆုံးပြောရရင် ဟော်လန်ဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာတင် တတိယနေရာရယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပြခဲ့တဲ့အသင်း။ ပြီးတော့ ထိပ်တန်းအဆင့်ကစားသမားအများစုရှိနေတဲ့ အသင်းလည်းဖြစ်တော့ အဲဒီလို အသင်းအနေနဲ့ ခြေစစ်ပွဲတိုက်ရိုက်မအောင်တဲ့အပြင် အဆုံးအဖြတ်ပွဲစဉ်ကစားခွင့်ရဖို့ တောင်ခက်ခက်ခဲခဲရုန်းကန်နေရတဲ့အပေါ် တချို့ကနားမလည်နိုင်ဖြစ်ကြရသော်ငြား အခြေခံကျကျတွေးကြည့်တော့ ဟော်လန်ရဲ့လက်ရှိ ဖြစ်တည်မှုဟာ အံ့အားသင့်စရာ မရှိဘူးလို့ ကောက်ချက်ဆွဲကြသူတွေလည်း ရှိတယ်။

ပြောရမယ်ဆိုရင်ပေါ့။ ဆိုခဲ့ပြီးတဲ့အတိုင်း ဟော်လန်ဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာ တတိယရတဲ့အထိ ခြေစွမ်းပြနိုင်ခဲ့တာမှန်တယ်။ ဒါပေမယ့်အဲဒီကတည်းက ဟော်လန်ရဲ့ တောက်ပမှုဟာ နောက်ဆုံးမီးတောက်သဖွယ်သဘောဆောင်တယ်လို့ ကျွမ်းကျင်သူတွေက အကောက်အယူလုပ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာတင် ရွှန်ဗယ်လာ၊ ဒီဂျောင်၊ ဗန်ပါစီ၊ ရှနိုက်ဒါ၊ ရော်ဘင်၊ ဟန်တယ်လာစတဲ့ အဓိကကစားသမားအများစုဟာ အသက်အပိုင်းအခြားအရအကျဘက်ယိမ်းစပြုလာသူတွေဖြစ်နေခြင်းကြောင့်ပဲလို့ ထောက်ပြကြသလို ကမ္ဘာ့ဖလားအပြီးမှာဆိုရင် ဗန်ပါစီကအစ ကျရိပ်ပြသွားတာက သက်သေလို့ ထောက်ပြကြတယ်။ ဒါ့အပြင် လက်ရှိအချိန်အထိလည်း အဆိုပါ ကစားသမားကြီးတွေနောက်က ဟန်တယ်လာ၊ ဗန်ပါစီ၊ ရှနိုက်ဒါတို့ကို ဆက်လက်အားကိုးနေရဆဲဖြစ်သလို ဂျရီမိန်းလန်းစ်၊ အဖယ်လေတို့ကပါ အသက်ရလာပြီဆိုတော့ ဟော်လန်အခုလိုအကျဘက်ရောက်တာထင်သလောက် မထူးဆန်းဘူးလို့ ကောက်ချက်ဆွဲကြတယ်။

ဒါ့အပြင် ဟော်လန်ဟာ ဗန်ပါစီ၊ ရှနိုက်ဒါ၊ ရော်ဘင်တို့ မျိုးဆက်အပြီးမှာ ထိမိထက်မြက်တဲ့ မျိုးဆက်တစ်စုကိုလည်း မွေးထုတ်နိုင်ခြင်း မရှိခဲ့ဘူးလို့ သုံးသပ်ကြတယ်။

ပြောရရင် ဗန်ပါစီ၊ ရှနိုက်ဒါ၊ ဟန်တယ်လာတို့ အကျဘက်ရောက် သွားချိန်မှာ အသက်အပိုင်းအခြားအရ အကောင်းဆုံးအချိန် ရောက်လာတဲ့ အနီတာ၊ ဘတ်စ်ဒေါ့၊ ဂျန်းမတ်၊ ဘလင်းတို့ က ခြေစွမ်းအရသာမန်သာရှိသလို ဒီပေး၊ ကွန်ဂိုလိုတို့လို လူငယ်တွေထွက်ပေါ်လာသော်ငြား အဲဒီလူငယ်တွေကလည်း နုနယ်လွန်းသေးတယ်ဆိုတော့. . . . ။ သေချာတယ်။ အသေအချာ တွေးကြည့်ရင် ဟော်လန်ရဲ့ ပျက်ယွင်းမှုက အံ့သြစရာမကောင်းသလို အဲဒီလိုအခြေအနေနဲ့ အဆုံးအဖြတ်ခြေစစ်ပွဲကစားခွင့်ရမယ့်နေရာကိုတောင် ဟော်လန်ရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ချင်စရာ သိပ်ကောင်းတယ်လို့ပဲ ဆိုချင်မိတယ်။ ။

**ပြောရရင် လက်ရှိအချိန်မှာ တောင်ဟော်လန်ဟာ အုပ်စုတွင်းမှာ စတုတ္ထနေရာပဲရသေးတယ်။ နှစ်ပွဲကျန်အနေအထားမှာ ထိပ်ဆုံးနှစ်သင်းဖြစ်တဲ့ အိုက်စလန်၊ ချက်တို့နဲ့ ကိုးမှတ်တိတိကွာနေတာကြောင့် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ဘယ်လိုမှ မမျှော်လင့်နိုင်တော့တဲ့အပြင် အုပ်စုတတိယနေရာက တူရကီထက်လည်း နှစ်မှတ်လျော့နေတာကြောင့် အဆုံးအဖြတ် ခြေစစ်ပွဲကစားခွင့်ရဖို့အတွက်တောင်မှ တူရကီရဲ့ခြေချော်မှုကို စောင့်ရမယ့်အနေအထားဖြစ်နေတဲ့ အခါ. . . .**